ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်၊ ကြာသပတေးနေ့၊ (23-7-2015) (၈၂၇၀)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အီဂျစ်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် ဇူလိုင် ၂၃**

၂၀၁၅ ခုနှစ်၊ ဇူလိုင် ၂၃ ရက်တွင် ကျရောက်သော အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အီဂျစ်အာရပ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အက်ဒယ်(လ်)ဖာတာ အယ်လ်စီစီ ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ်၊ ဇူလိုင် ၂၃ ရက်တွင် ကျရောက်သော အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အီဂျစ်အာရပ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အီဗရာဟင်မ် မာလတ်ဘ် ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

# မြန်မာ-လာအို နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ ကုန်သွယ်မှုနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ဆွေးနွေး



**နေပြည်တော် ဇူလိုင် ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံ့ ဗိုရာချစ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဓာတ်ပုံ)**

တွေ့ဆုံစဉ် မြန်မာ-လာအို နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေး၊ နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး၊ နယ်စပ်ဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ ပြည်သူအချင်းချင်းဆက်ဆံမှု မြှင့်တင်ရေး၊ စီအယ်လ်အမ်ဗွီအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံများ၊ ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ(အက်မက်စ်)အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးဝဏ္ဏမောင်လွင်၊ ဦးဇေယျာအောင်၊ ဦးမောင်မြင့်၊ ဒေါက်တာမြင့်အောင်၊ ဦးကျော်လွင်၊ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် လာအိုဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံ သံအမတ်ကြီးလည်း တက်ရောက်သည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့**

# ငမိုးရိပ်တံတား(မင်္ဂလာတောင်ညွန့်) ဇူလိုင် ၂၆ ရက်တွင် ယာဉ်များစတင်ဖြတ်သန်းခွင့်ပြုမည်

**ရန်ကုန် ဇူလိုင် ၂၂**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်း/တံတား)မှ တာဝန်ယူတည်ဆောက်ခဲ့သည့် ငမိုးရိပ်တံတား(မင်္ဂလာတောင်ညွန့်)ပေါ်တွင် ဇူလိုင် ၂၆ ရက်မှစ၍ မော်တော်ယာဉ်များကို စတင်ဖြတ်သန်းခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

တံတားကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တံတားအရှည် ၄၀၅ မီတာ၊ အကျယ် ၁၁ ဒသမ ၅ မီတာ၊ ယာဉ်သွားလမ်းအကျယ် ၈ မီတာ၊ လူသွားလမ်းနှစ်ဖက်ရှိပြီး တစ်ဖက်ကို ၁ ဒသမ ၇၅ မီတာ၊ ရေလမ်းကင်းလွတ်တံတားအမြင့် ၁၆ ပေ ၅ လက်မ၊ တံတားခံနိုင်ဝန်ခွင့်ပြုတန်ချိန် ၇၅ တန်ရှိသည်။ ယာဉ်သွားလမ်းမှာ အသွား/အပြန် နှစ်လမ်းသွားဖြစ်ကာ ခန့်မှန်းကုန်ကျငွေ ၆ ဒသမ ၁၅၃ ဘီလီယံရှိခဲ့သည်။

"ဒီတံတားကြီးကို ယာဉ်ကြောကျပ်တည်းမှု အဓိကလျှော့ချဖြေလျှော့နိုင်ဖို့ တည်ဆောက်ပေးတာပါ။ ဒီတံတားပေါ်မှာ ဇူလိုင် ၂၆ ရက်ကစပြီး မော်တော်ယာဉ်တွေနဲ့လူတွေကို ဖြတ်သန်းခွင့်ပြုမှာပါ"ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း/တံတား)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းတံတားနှင့်ကပ်လျက် တံတားဟောင်းကို ယခင်က သန်လျင်၊ ခရမ်း၊ သုံးခွဘက်သွားမည့်ယာဉ်များကို ဖြတ်သန်းခွင့်ပြုထားပြီး ယခုအခါ တံတားကြံ့ခိုင်ရေးအားနည်းလာသည့်အတွက် စက်ဘီး၊ ဆိုက်ကား အနှေးယာဉ်များနှင့် လူများကိုသာ ဖြတ်သန်းခွင့်ပြုထားသည်။

ယခု ငမိုးရိပ်တံတား(မင်္ဂလာတောင်ညွန့်)သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်း/တံတား)မှ တာဝန်ယူ တည်ဆောက်သည့် ဒုတိယမြောက်တံတားဖြစ်ပြီး ပထမတည်ဆောက်ပြီးသည့် တံတားမှာ ငမိုးရိပ်တံတား(ပါရမီ) ဖြစ်ကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ - ရီရီမြင့်





**ကြေးမုံစာတည်းရှုထောင့်** **၂၃-၇-၂၀၁၅၊ ကြာသပတေးနေ့**

# ချစ်ခြင်းမေတ္တာနှင့် စေတနာ

ဆရာလိုအပ်ချက်အတွက် ဖြည့်ဆည်းခန့်ထားနိုင်ရေးဆိုင်ရာ ဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးတွင် မကြာသေးမီက ကျင်းပခဲ့ကြောင်း သိရသည်။ အခြေခံပညာဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ဆရာလိုအပ်ချက်အတွက် ဖြည့်ဆည်းခန့်ထားနိုင်ရေးဆိုင်ရာ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်များအသင်း နာယက ဒေါက်တာသန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် အထက်တန်းပြ၊ အလယ်တန်းပြ၊ မူလတန်းပြ ဆရာ ဆရာမများဖြည့်ဆည်းခန့်ထားနိုင်ရေး"မူ"နှင့် နေ့စားလပေး မူလတန်းပြခန့်ထားရေး၊ ဆရာအတတ်ပညာ အပြည့်အဝရရှိရေးနှင့် ကန်ထရိုက်စနစ်ဖြင့် ဆရာ ဆရာမခန့်ထားရေး"မူ" တို့နှင့်ပတ်သက်၍ အဓိကထားဆွေးနွေးသွားသည်ကို ကြားသိလိုက်ရပါသည်။

ကန်ထရိုက်စနစ်ဖြင့် ဆရာ ဆရာမများ ခန့်ထားရေး"မူ"ကို အထွေအထူးမသုံးသပ်လိုသော်လည်း အထူးသဖြင့် မူလတန်းပြဆရာများ ခန့်ထားရေး"မူ"ကိုမူ ဒေသပကတိအခြေအနေနှင့် လိုက်လျောညီထွေစွာဖြင့် အလျှော့အတင်းပြုလုပ်ပေးနိုင်မည်ဆိုပါလျှင် ဆရာ ဆရာမများခန့်ထားတာဝန်ပေးမှု အဆင်ပြေချောမွေ့သွားမည်ဟု ထင်မြင်ယူဆပါသည်။

လက်ရှိတွင် ဆရာအင်အားပြည့်ရန် လိုအပ်နေဆဲဒေသများမှာ နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်း အခြေချနေထိုင်ရာ ကျေးလက်ဒေသများဖြစ်ပါသည်။ တောင်ပေါ်မြေပြန့် ပြန့်ကျဲနေသော ကျေးရွာပေါင်း ၆၄၀၀၀ ကျော်မှ အခြေခံပညာကျောင်းများတွင် ဆရာများအဓိကလိုအပ်နေပါလိမ့်မည်။ ထိုလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ဒေသခံများကို ဦးစားပေးကြောင်းသိရပါသည်။ အထူးသင့်လျော်မှန်ကန်သော အစီအမံဖြစ်၍ ကြိုဆိုပါသည်။ သို့သော် အချို့ဒေသများတွင် သတ်မှတ်ပညာအရည်အချင်းမမီကြပါ။ ထို့ကြောင့် အခြားဒေသမှ လာရောက်သင်ကြားပေးသူများရှိလာပါသည်။ အခြားဒေသမှ လာရောက်ကြသူများမှာ အချိန်တန်လျှင် အိမ်ပြန်လိုကြသည်မှာ သဘာဝဖြစ်ပါသည်။

သာဓကအားဖြင့် ၁၉၈၉ ခုနှစ်က ရခိုင်ပြည်နယ်သို့ ရန်ကုန်မှ ဆရာ ဆရာမများ လာရောက်စာသင်ကြားပေးပါသည်။ ဒေသခံများမှာ ဆရာအင်အားတိုးလာသဖြင့် ဝမ်းသာအားရဖြစ်ကြသော်လည်း နှစ်နှစ်ခန့်အကြာတွင် ရန်ကုန်သားများမှာ ရန်ကုန်သို့ပြန်သွားကြသဖြင့် ဆရာမရှိဖြစ်ရပြန်သည်။ အမှန်တွင် ဒေသခံများသာ ဆရာဖြစ်ကြမည်ဆိုလျှင် ကျေးလက်ဒေသတွင် ပညာပန်းများ အမြဲလန်းနေမည်ဖြစ်သည်။

ထို့ကြောင့် ဒေသခံဆရာများအား ပညာအရည်အချင်း လျှော့ပေါ့ပေးခြင်းကို လမ်းပန်းဆက်သွယ်ရေးခက်ခဲသော နေရာများအတွက် အခွင့်အရေးပေးခြင်းမျိုး၊ နယ်စွန်နယ်ဖျားမှ ကျောင်းသားများအား တက္ကသိုလ်ဝင်ခွင့် လျှော့ပေါ့ပေးသကဲ့သို့ ဆောင်ရွက်ပေးမည်ဆိုပါလျှင် ကျေးလက်ဒေသတွင် ဆရာလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

ဆရာဖြစ်သင်တန်းမရှိ၍၊ ပညာအရည်အချင်းမပြည့်မီ၍ ပညာရေးနိမ့်ကျသွားဖွယ်မရှိနိုင်ပါ။ အရေးကြီးသည်မှာ ပညာအခြေခံရှိပြီး နာသုံးနာ ဆရာသာလိုအပ်ပါသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးချိန်က ပညာသင်ကြားပေးမှု အထောက်အထားများရှိပါသည်။ ဒေသကိုချစ်သည့် ဒေသခံဆရာများမှာ ဆရာကောင်းအင်္ဂါရပ်ပင် ဖြစ်သည်။ မိမိဒေသမှ ကလေးငယ်များ ပညာရေးအတွက် ထဲထဲဝင်ဝင်ရှိသည်။ တစိုက်မတ်မတ်ရှိသည်။ ဒေသကိုချစ်သလို ကလေးများကိုလည်း ရင်ဝယ်သားကဲ့သို့ချစ်သည်။

ကလေးများအပေါ် ချစ်ခြင်းမေတ္တာစေတနာထားရှိပြီဆိုလျှင် ဆရာကောင်းတစ်ယောက်ဖြစ်လာဖို့ရာ သေချာပေပြီ။ သင်ကြားမှုစွမ်းရည်ကို ကိုယ်တိုင်ဖြည့်ဆည်းလာပေလိမ့်မည်။ လုပ်ရင်းကိုင်ရင်း၊ ပညာဆည်းပူးရှာဖွေရင်း ၎င်းတို့ဘဝအတွက် ၎င်းတို့စွမ်းရည်မြင့်မားလာပါလိမ့်မည်။ ဆရာလိုအပ်ချက်အတွက် သတ်မှတ်ပညာ လိုအပ်ချက်ထက် ဒေသခံများ၏ ဒေသချစ်စိတ်က အခြေခံပညာတိုးတက်ရေးကို အထောက်အကူဖြစ်စေခဲ့ကြောင်း သမိုင်းအထောက်အထားများလည်း ရှိပြီးဖြစ်သည်။ ဒေသခံဆရာများပေါ်ထွန်းရေးအတွက် ဒေသလိုအပ်ချက်ကို ဦးစားပေးစေချင်ကြောင်း ဆန္ဒပြုပါသည်။ ။

## ရွှေတိဂုံစေတီတော်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့မှ ရန်ကုန်မြို့ သမိုင်းဝင်စေတီများကိုပါ ကာကွယ်သွားမည်

**ရန်ကုန် ဇူလိုင် ၂၂**

ရွှေတိဂုံစေတီတော် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့မှ ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ စေတီပုထိုးများကိုပါ ကာကွယ်စောင့်ရှောက်သွားမည်ဟု ဦးဆောင်ဆရာတော် ဥူးပါမောက္ခနှင့် အမှုဆောင်ဆရာတော်များ၊ အမှုဆောင်အဖွဲ့ဝင်များက စတုတ္ထအကြိမ်မြောက်အစည်းအဝေးတွင် မိန့်ကြားခဲ့သည်။

ရွှေတိဂုံစေတီတော် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့သည် ဇွန် ၇ ရက်က ရွှေတိဂုံစေတီဝတ္တကမြေအတွင်းရှိ ဒဂုံစီးတီး-၁ ဆောက်လုပ်ရေးရပ်စဲရေးကို အကြောင်းပြု၍ သံဃာတော်များ၊ လူပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းခဲ့ပြီး အဖွဲ့ဝင်သုံးသိန်းကျော်ရှိကာ ရွှေတိဂုံစေတီတော် ကာကွယ်ရေးလုပ်ငန်းများဆိုင်ရာ လုပ်ဆောင်ချက်မှတ်တမ်းစာအုပ်ထုတ်ဝေနိုင်ရန်နှင့် ရွှေတိဂုံစေတီတော် ကာကွယ်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီ လှူဒါန်းသူများအား ဂုဏ်ပြုပွဲကို စက်တင်ဘာ ၁၃ ရက်တွင် ဒဂုံမြို့နယ်ရှိ တိပိဋကနိကာယ မင်းကွန်းကျောင်းတော်ကြီးတွင် ကျင်းပရန် ဆုံးဖြတ်ခဲ့သည်။

ရွှေတိဂုံစေတီတော် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များဆောင်ရွက်ရန် သံဃာငါးပါးနှင့် လူပုဂ္ဂိုလ် ခြောက်ဦးအား ဦးဆောင်တာဝန်ခံများအဖြစ် ရွေးချယ်ထားပြီး အဖွဲ့ဝင်များသည် တစ်လလျှင် ငွေကျပ် ၁၀၀၀ ထည့်ဝင်ရန် ဆွေးနွေးခဲ့ကြသည်။

**သန့်ဇင်ဝင်း**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇူလိုင် ၂၂**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၃၄၀၀၀ | - | ၇၃၅၅၀၀ |
| မန္တလေး | ရွှေဈေး | ၇၃၄၀၀၀ | - | ၇၃၅၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၉၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၂၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၂၄၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၃၅၇. ၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၉၉. ၆၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၅. ၉၉၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၂၆. ၈၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၉. ၅၁၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၁၀၀၁. ၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၀၇. ၅၈ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၉၂၀. ၆၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၉၀၈. ၇၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။ မဲစာရင်းများယွင်းမှု ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။



## သုံးမြွှာပူးမိခင်အား ငွေကျပ်ငါးသိန်းနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

**တောင်တွင်းကြီး ဇူလိုင် ၂၂**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကျောင်းတော်ရာကျေးရွာမှ သုံးမြွှာပူးမွေးဖွားသည့် ဦးမျိုးအောင်၏ဇနီး ဒေါ်နီနီမြင့်အား လူမှုဝန်ထမ်းဦးစီးဌာနမှ ငွေကျပ်ငါးသိန်းနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲကို ဇူလိုင် ၂၀ ရက်က တောင်တွင်းကြီးမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ကျင်းပသည်။

အဆိုပါထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ပွဲတွင် မကွေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ခင်နွဲ့က ထောက်ပံ့ငွေကျပ်ငါးသိန်း၊ မကွေးခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်အမျိုး သမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မို့မို့ထွန်းနှင့် အဖွဲ့ဝင်များက ငွေကျပ် သုံးသောင်းနှင့် ကလေးအသုံးအဆောင်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ ကြောင်းသိရသည်။ **(နိုင်ဝင်း)**

## မီးရထားလမ်း၊ ကားလမ်းများ ပြုပြင်ဆောင်ရွက်လျက်ရှိ

**မုံရွာ ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဇူလိုင် ၁၆ ရက်မှ စတင်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ကာ ရွှေဘိုခရိုင်၊ မုံရွာခရိုင်နှင့် ကသာခရိုင်တို့ရှိ ဆည်အချို့ တာပေါင်ကျိုးကျခြင်း၊ ရေလျှံခြင်း၊ မီးရထားလမ်း၊ ကားလမ်း အချို့ ရေကျော်ခြင်း ကျေးရွာများအတွင်း ရေများဝင်ရောက်ခြင်းဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့သည်။

သို့ဖြစ်ရာ အဆိုပါ ရေကြီးရေလျှံမှုဖြစ်စဉ်ကြောင့် ရေဘေးသင့်ခဲ့သည့် ကျေးရွာများတွင် ကူညီ၊ ကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်လျက်ရှိပြီး ကျွန်းလှမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှလည်း ကျွန်းလှ - ကန့်ဘလူ ကားလမ်းပေါ်တွင်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် လမ်းပိုင်းနေရာများတွင် ပြုပြင်ရေးလုပ်ငန်းများ အမြန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တိုင်းဒေသကြီးပြန်/ဆက်**

## ပြည်တွင်းရေးရာ

●ရှေ့ဖုံးမှ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာကျူမာလီ ဆိုင်ညဆွန်တို့သည် နှစ်နိုင်ငံသံတမန်အဆက်အသွယ်ထူထောင်မှု နှစ်(၆၀) ပြည့်မြောက် အခါသမယဖြစ်သည့် ၂၀၁၅ ခုနှစ် မေ ၉ ရက်တွင် နှစ်နိုင်ငံ ပူးပေါင်းတည်ဆောက်ခဲ့သော မြန်မာ-လာအိုချစ်ကြည်ရေးတံတားကို ဖွင့်လှစ်၍ သမိုင်းမှတ်တိုင်စိုက်ထူခဲ့ကြသည်။

လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်သည် ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်စဉ် မြန်မာနိုင်ငံသို့ ၂၀၀၁ ခုနှစ် ဩဂုတ်လအတွင်း လာရောက်ခဲ့သည့် နှစ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်၊ ၂၀၀၃ ခုနှစ် နိုဝင်ဘာလအတွင်းပုဂံမြို့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် အက်မက်စ် ထိပ်သီးအစည်းအဝေးနှင့် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလအတွင်း ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံသို့ တက်ရောက်ခဲ့ပြီးနောက် ယခုခရီးစဉ်သည် ဒုတိယသမ္မတ တာဝန်ယူပြီးနောက် ပထမဦးဆုံး ခရီးစဉ်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာကျူမာလီ ဆိုင်ညဆွန်တို့ ၂၀၁၅ ခုနှစ် မေ ၉ ရက်က နှစ်နိုင်ငံပူးပေါင်းတည်ဆောက်ခဲ့သော မြန်မာ-လာအို ချစ်ကြည်ရေးတံတားဖွင့်ပွဲတွင် ရင်းရင်းနှီးနှီး နှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အီဂျစ်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဇူလိုင် ၂၃**

၂၀၁၅ ခုနှစ် ဇူလိုင် ၂၃ ရက်တွင်ကျရောက်သော အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အီဂျစ်အာရပ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာမက်ရှူကရီထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်နှင့် ဇနီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်နှင့်ဇနီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ည ၇ နာရီတွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

ယင်းသို့ ရောက်ရှိစဉ် ဒုတိယသမ္မတနှင့်ဇနီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့် ဇနီးတို့က လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။**(အောက်ပုံ)**

**(သတင်းစဉ်)**

# နေပြည်တော်၌ ပုလဲရောင်းချပွဲ (၂၀၁၅) ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၂**

ပုလဲရောင်းချပွဲ(၂၀၁၅)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပပြီး ပုလဲအတွဲများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးလျက်ရှိသည်။**(အောက်ပုံ)**

ရောင်းချပွဲ ပထမနေ့သို့ ပြည်တွင်းရတနာကုန်သည် ၁၃ ဦးနှင့် ပြည်ပရတနာကုန်သည် ၆၁ ဦး စုစုပေါင်းရတနာကုန်သည် ၇၄ ဦး တက်ရောက်ခဲ့ပြီး ရောင်းချရန် ခင်းကျင်းပြသထားသည့်ပုလဲအတွဲများအား လာရောက်ကြည့်ရှုကြသည်။

အဆိုပါရောင်းချပွဲကို ဇူလိုင် ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပုလဲအတွဲစုစုပေါင်း ၃၄၂ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်းနှင့် တင်ဒါအမှတ်(၁)ဖြစ်သည့် ပုလဲအတွဲစုစုပေါင်း ၁၁၄ တွဲကို ဇူလိုင် ၂၃ ရက်တွင်လည်းကောင်း၊ တင်ဒါအမှတ်(၂)နှင့် တင်ဒါအမှတ်(၃)တို့ကို ဇူလိုင် ၂၄ ရက်တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**





# အသိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပဒ္မိုညာဉ်ကတိကဝတ်ပြု၍ Car Parking ထောက်ခံချက်ဖြင့် မော်တော်ယာဉ် တင်သွင်းဝယ်ယူခွင့်လျှောက်ထားသော မော်တော်ယာဉ်များအား ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂-၂-၂၀၁၅ ရက်နေ့တွင် ယာဉ်အမှတ် 9I/. . . . ယာဉ်အမှတ်မှစပြီး ယာဉ်မှတ်ပုံတင် တင်သွင်းခွင့်ပြုခဲ့ရာ ၇-၇-၂၀၁၅ ရက်နေ့အထိ မော်တော်ယာဉ် ၄၂၈၂ စီး မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၂။ အထက်ပါ Car Parking ထောက်ခံချက်ဖြင့် တင်သွင်းလာသောယာဉ်များသည် Car Parking လျှောက်ထားသောနေရာ၌ ရပ်နား/ညအိပ်ခြင်းမပြုဘဲ မြို့တွင်း၊ မြို့နယ်များ၌ ယာဉ်ညအိပ်ရပ်နားသဖြင့် ယာဉ်ပါကင်မလုံလောက်မှုနှင့် ယာဉ်ကြောပိတ်ဆို့မှုပြဿနာများ ဖြစ်ပွားလျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ Car Parking ထောက်ခံချက်ဖြင့် တင်သွင်းလာသော ယာဉ်များအနေဖြင့် မိမိတို့ မော်တော်ယာဉ်လျှောက်ထားစဉ်က တင်ပြသောနေရာများ၌သာ ရပ်နားကြရမည်ဖြစ်ပါသည်။ ယာဉ်တင်သွင်းရန် လျှောက်ထားစဉ် တင်ပြထားသည့်နေရာတွင် ညအိပ်ရပ်နားခြင်းမပြုသော ယာဉ်များအားစစ်ဆေး၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# ကန့်ဘလူမြို့နယ်တွင် ကင်းတပ်ဆည်ကျိုးကျခြင်းမဟုတ်

**ကန့်ဘလူ ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ဇူလိုင် ၂၂ ရက်တွင် ကင်းတပ်ဆည်ရေကျိုးကျနေသည်ဟု ပြည်သူလူထုအကြား ပျံ့နှံ့လျက်ရှိသည်။

အမှန်မှာ ကင်းတပ်ဆည်ကျိုးကျခြင်းမဟုတ်ဘဲ သဖန်းဆိပ်ဆည်မှရေပိုများ လွှတ်ခဲ့ခြင်းသာဖြစ်သည်။ ထို့ကြောင့် မူးမြစ်ဘေးရှိ ကျေးရွာများကို သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများက မြေနိမ့်ပိုင်းတွင်ရှိသောအိမ်များရှိ လူနှင့် တိရစ္ဆာန်များကို ရေလွတ်ရာကုန်းမြင့်သို့ ရွှေ့ပြောင်းကြရန် နှိုးဆော်လျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်းရှိ ဆည်များ၏ လက်ရှိရေမှတ်နှင့် ရေပမာဏတို့မှာ ဇူလိုင် ၂၂ ရက်အထိ ကင်းတပ်ဆည်တွင် ရေအမှတ် ၄၇၅၊ ရေပမာဏ ၄၆၈ ဒသမ ၄ ဧကပေ၊ ရေအနက် ၄၈၅ ပေ၊ ကျေးပင်အပ်ဆည်တွင် လက်ရှိရေအမှတ် ၆၀၁ ဒသမ ၄၊ ရေပမာဏ ၄၀၁ ဒသမ ၆၀ ဧကပေ၊ ရေအနက် ၆၄ ဒသမ ၄၊ ပေကြီးဆည်တွင် လက်ရှိရေအမှတ် ၅၀၃ ဒသမ ၄၊ ရေပမာဏ ၈၆၀၆ ဧကပေ၊ ရေအနက် ၃၇ ဒသမ ၄၊ လင်ပန်းဆည်တွင် လက်ရှိရေအမှတ် ၅၁၄ ဒသမ ၆၊ ရေပမာဏမှာ ၁၀၇၅၀ ဧကပေ၊ ရေအနက် ၃၂ ဒသမ ၆ ပေ၊ မြစ်သူငယ်ရေလှောင်တမံတွင် လက်ရှိရေ အမှတ် ၅၇၉ ဒသမ ၃၊ ရေပမာဏ ၁၁၄၂ ဒသမ ၂ ဧကပေ၊ ရေအနက် ၂၉ ဒသမ ၃၊ မင်းမြင်ဆည်တွင် လက်ရှိရေအမှတ် ၆၇၇၊ ရေပမာဏ ၆၈၂ ဒသမ ၃၅ ဧကပေ၊ ရေအနက် ၈၀ ဒသမ ၃၅ ပေ၊ ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်တွင် လက်ရှိရေအမှတ် ၅၄၁ ဒသမ ၈၅၊ ရေပမာဏ ၂၅၆၃၂၃၉ ဧကပေ၊ ရေအနက် ၈၉ ဒသမ ၈၅ ပေရှိကြောင်း သိရသည်။ **(ကြေးမုံ)**



မြင်းမူမြို့နယ် ပျော့ရွာအတွင်းရှိ နေအိမ်အချို့ မူးမြစ်ရေများ ဝင်ရောက်စဉ်။

# (၄၈) နာရီအတွင်း မူးမြစ်ရေ စိုးရိမ်ရေအမှတ်သို့ ရောက်ရှိနိုင်

**စစ်ကိုင်း ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ မိုးရွာသွန်းမှုမရှိသော်လည်း ဧရာဝတီမြစ်အထက်ပိုင်းဒေသများတွင် မိုးရွာသွန်းမှုများသောကြောင့် ဧရာဝတီမြစ်ရေသည် တစ်ရက်လျှင် ပျမ်းမျှ ၂၀ စင်တီမီတာခန့် မြစ်ရေတိုးနေသည့် အနေအထားတွင်ရှိနေကြောင်း၊ ယခုအခါ ကန့်ဘလူမြို့နယ်အတွင်း၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်နေမှုအပေါ် စစ်ကိုင်းမြို့နယ်နှင့် မြင်းမူမြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းသည့် မူးမြစ်ရေသည် ဇူလိုင် ၂၀ ရက်က စတင်၍သိသိသာသာ မြစ်ရေတိုးလာခဲ့ရာ မူးမြစ်၏စိုးရိမ်ရေအမှတ်မှာ ၂၅ ပေ ရှိသော်လည်း မွန်းတည့် ၁၂ နာရီက ၂၁ ပေခန့်ရှိနေကြောင်း သိရသည်။

မူးမြစ်ရေသည် ဇူလိုင် ၂၀ ရက် နံနက် ၆ နာရီက ရေအမှတ် ၂၄ ပေသို့ ရောက်ရှိနေသည့်အတွက် စစ်ကိုင်းခရိုင်နှင့် မြို့နယ်မှတာဝန်ရှိသူများသည် မူးမြစ်ကမ်းဘေးရှိ ရေဝင်နိုင်သည့်ကျေးရွာများသို့ ကွင်းဆင်း၍ လူနှင့်တိရစ္ဆာန်များကို ရေလွတ်ရာဒေသသို့ အချိန်မီပြောင်းရွှေ့နေနိုင်ရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။ မူးမြစ်ရေသည် မွန်းတည့် ၁၂ နာရီတွင် ရေအမှတ် ၂၄ ဒသမ ၇ ပေအထိ တိုးမြင့်လာရာမှ မွန်းလွဲ ၂ နာရီခန့်က စိုးရိမ်ရေအမှတ် ၂၅ ပေကျော်အထိ ရောက်ရှိခဲ့သည်။

ထို့ကြောင့် မူးမြစ်ရေသည် (၄၈) နာရီအတွင်း စိုးရိမ်ရေအမှတ်သို့ တိုးမြင့်နေမှုအပေါ် စစ်ကိုင်းခရိုင်ရုံးမှ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**



မြင်းမူမြို့နယ် ပျော့ရွာ-မကျီးကန်-ညောင်မြစ်လမ်းတာပေါင်ကျိုးပေါက်ပြီး မူးမြစ်ရေများ ဝင်ရောက်စဉ်။



နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၌ မြန်မာနိုင်ငံ၏ ပထမဆုံးသော Biplane Cath Lab စက်သစ်ကြီးဖြင့် နှလုံးသွေးကြောကျဉ်းဝေဒနာရှင်တစ်ဦးအား နှလုံးသွေးကြောချဲ့ (Stent) ထည့်ကုသခြင်းကို နှလုံးအထူးကုဆရာဝန်ကြီး ဒေါက်တာသက်ဟိန်း ဦးဆောင်သည့်အဖွဲ့ ဇူလိုင် ၂၂ ရက်တွင် ကုသမှုဆောင်ရွက်နေစဉ်။ (၁၀၇)

# သဖန်းဆိပ်ရေလှောင်တမံမှ ရေများစတင်လျှော့ချ

**မုံရွာ ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် သဖန်းဆိပ်ရေလှောင်တမံ ကန်ရေပြည့် သိုလှောင်ပမာဏမှာ ၂၈၈၀၀၀၀ ဧကပေသော သိုလှောင်နိုင်ရာ ယခုအချိန်တွင် ရေသိုလှောင်ပမာဏ ဧကပေ ၂၅ သိန်းကျော်ရှိပြီဖြစ်သဖြင့် ရေများကို ဇူလိုင် ၂၂ ရက်က စတင်လျှော့ချလျက်ရှိကြောင်း သိရသည်။

သဖန်းဆိပ် ရေလှောင်တမံအတွင်းသို့ အထက်မှရေများ ဝင်ရောက်နေသဖြင့် နှစ်ရက်၊ သုံးရက်အတွင်း ရေပြည့်ပမာဏထက် ပိုလျှံလာမည်ဖြစ်နိုင်သဖြင့် ရေကိုလျှော့ချရကြောင်း၊ ရေလျှော့ချရာတွင် ကင်းတပ်ဆည်၊ ကာဘိုးဆည်၊ ရေဦး မူးမြစ်၊ သမရိုးတံတား၊ ညောင်ပင်ဝန်းတို့ကိုဖြတ်ပြီး ဧရာဝတီမြစ်ထဲသို့ ဝင်ရောက်မှာဖြစ်ကြောင်း၊ သဖန်းဆိပ်ရေလှောင်တမံအတွင်း ရေဝင်ပမာဏနှင့် မူးမြစ်တစ်လျှောက်ရှိတဲ့ ရေအခြေအနေကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ပြီး ဆည်နှင့်ဆည်အောက်ရှိ မူးမြစ်တစ်လျှောက် ကျေးရွာများ အန္တရာယ်မရှိစေရေးအတွက် ထိန်းညှိတွက်ချက်ပြီး ကြိုတင်ရေလျှော့ချထုတ်လွှတ်မှာဖြစ်ကြောင်း တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးလှရွှေက ပြောသည်။

မူးမြစ်ကမ်းဘေးတစ်လျှောက်ရှိ ကျေးရွာများကိုလည်း ရေဝင်မည့်အခြေအနေကြောင့် မြို့နယ်မှတစ်ဆင့် သက်ဆိုင်ရာ ကျေးရွာများကိုလည်း ကြိုတင်အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# သွေးလွန်တုပ်ကွေးရောဂါအကြောင်း ဟောပြောမည်

**ရန်ကုန် ဇူလိုင် ၂၂**

မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)က ဦးဆောင်ကျင်းပမည့် "သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာ" လူထုကျန်းမာရေးပညာပေးဟောပြောပွဲကို ဇူလိုင် ၂၈ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ် (၂၄၉) ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲတွင် မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာစောဝင်းက "သွေးလွန်တုပ်ကွေးအန္တရာယ်ကင်းစင်ရေး လူထုပညာပေး" ခေါင်းစဉ်နှင့် မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)ပညာရေးကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဝင်းမြတ်အေးက "သွေးလွန်တုပ်ကွေးမဖြစ်ပွားရေး အားလုံးပါဝင်ဆောင်ရွက်ပေး" ခေါင်းစဉ်တို့ဖြင့် ဟောပြောကြမည်ဖြစ်သည်။ **(ကိုချစ်)**

# အာဆီယံ၊ အက်မက်စ်နှင့် ဂျီအမ်အက်စ်ကဲ့သို့သော ဒေသတွင်းအစီအစဉ်များတွင် နှစ်နိုင်ငံတက်ကြွစွာပါဝင်ရေးဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံပိုရာချစ် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ Lake Garden ဟိုတယ် ဟံသာဝတီဆောင် မေခအစည်းအဝေးခန်းမ၌တွေ့ဆုံကာ နှစ်နိုင်ငံဆွေးနွေးပွဲတစ်ရပ်ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲသို့ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်အတူ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် ဒုတိယသမ္မတနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ လာအိုသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(ယာပုံ)**

တွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား နှစ်(၆၀) ပြည့်မြောက်ခဲ့ပြီဖြစ်သည့် သံတမန်ဆက်သွယ်မှု အစဉ်အလာကောင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ဆက်လက်ဆောင်ကြဉ်းရေး၊ အာဆီယံ၊ အက်မက်စ်နှင့် ဂျီအမ်အက်စ်ကဲ့သို့သော ဒေသတွင်းအစီအစဉ်များတွင် နှစ်နိုင်ငံနားလည်မှုရှိစွာဖြင့် တက်ကြွစွာပါဝင်ရေး၊ နှစ်နိုင်ငံအတွက် အလားအလာရှိသော နယ်ပယ်များဖြစ်သည့် စိုက်ပျိုးရေး၊ ခရီးသွားလာရေး၊ ပညာရေး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ ကုန်သွယ်ရေး၊ အားကစား၊ ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံအတွင်းရှိ ယူနက်စကိုအသိအမှတ်ပြု ကမ္ဘာ့အမွေအနှစ်စာရင်းဝင် အထင်ကရဒေသများသို့ ပူးတွဲခရီးသွားလာရေးအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်ရေး၊ ရန်ကုန်-ဗီယင်ကျန်း(သို့မဟုတ်) ပုဂံ-လွမ်ပရာဘန် တိုက်ရိုက်လေယာဉ်ခရီးစဉ် ပြေးဆွဲနိုင်ရေးနှင့် နှစ်နိုင်ငံနယ်စပ်တစ်လျှောက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများတားဆီးနှိမ်နင်းရေး စသည့်ကိစ္စရပ်များအပေါ် ရင်းနှီးစွာဆွေးနွေးပြောကြားခဲ့သည်။



ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ညပိုင်းတွင် ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတနှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား Lake Garden ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**

# လာအိုနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံပိုရာချစ်နှင့်ဇနီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ နေပြည်တော်အတွင်းကြည့်ရှုလေ့လာ



**နေပြည်တော် ဇူလိုင် ၂၂**

မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးစဉ်ဖြင့် ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံပိုရာချစ်နှင့်ဇနီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့ ဥဒယရံသီကုန်းပေါ်၌ တည်ထားသော မဟာဗောဓိစေတီတော်ကြီးနှင့် သံဝေဇနိယလေးဌာနသို့ သွားရောက်ဖူးမြော်ကြည်ညို၍ အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

မွန်းလွဲပိုင်းတွင် ဧည့်သည်တော် ဒုတိယသမ္မတနှင့်အဖွဲ့သည် အမျိုးသားပြတိုက် (နေပြည်တော်)သို့ရောက်ရှိကြပြီး ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြခန်း၊ သမိုင်းမတင်မီခေတ်ပြခန်း၊ မြန်မာ့ပန်းချီပြခန်း၊ မြန်မာ့အနုသုခုမပြခန်း၊ သမိုင်းတင်ခေတ်ဦးပြခန်း၊ သမိုင်းတင်ခေတ် (အေဒီ ၁၁ မှ ၁၄ ရာစု) ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ ဒုတိယဝန်ကြီးနှင့် ပြတိုက်တာဝန်ခံများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဧည့်သည်တော် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဉပ္ပါတသန္တိစေတီတော်သို့ ရောက်ရှိကြပြီး စေတီတော်နှင့် လိုဏ်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြကာ အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဧည့်သည်တော် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဉပ္ပါတသန္တိစေတီတော်အရှေ့ဘက်မုခ် ရတနာဆင်ဖြူတော်ဆောင်ရှိ ရတနာဆင်ဖြူတော်များအား သွားရောက်ကြည့်ရှုလေ့လာကြပြီး အစာအာဟာရဖြစ်ဖွယ်များကို အာဟာရဒါနပြုကျွေးမွေးကြသည်။

**(သတင်းစဉ်)**

# နိုင်ငံပိုင် မြန်မာအမျိုးသားလေကြောင်းလိုင်း ဩဂုတ် ၁၇ ရက်တွင် ရန်ကုန်-စင်ကာပူခရီးစဉ်သစ် စတင်ပျံသန်းမည်




**ရန်ကုန် ဇူလိုင် ၂၂**

နိုင်ငံပိုင် လေကြောင်းလိုင်းဖြစ်သည့် မြန်မာအမျိုးသားလေကြောင်းလိုင်း Myanmar National Airlines(MNA) သည် ဩဂုတ် ၁၇ ရက်တွင် ရန်ကုန်-စင်ကာပူ ခရီးစဉ်သစ် စတင်ပျံသန်းပြေးဆွဲမည်ဖြစ်ကြောင်း သတင်းရရှိသည်။

စတင်ပျံသန်းမည့် ခရီးစဉ်သစ်ကို မကြာမီက မိတ်ဆက်ပြသခဲ့သည့် Boeing 737-800 Next Generation လေယာဉ်ဖြင့် ပျံသန်းပြေးဆွဲသွားမည်ဖြစ်ပြီး ခရီးစဉ်သစ်အတွက် လေယာဉ်လက်မှတ်များ စတင်ရောင်းချနေပြီ ဖြစ်ကြောင်း သိရသည်။

ခရီးစဉ်သစ် စတင်ပျံသန်းပြေးဆွဲခြင်း အထိမ်းအမှတ်အဖြစ် လက်မှတ်ဈေးနှုန်းများကို အထူးရောင်းချပေးသွားမည်ဖြစ်ပြီး ရန်ကုန်-စင်ကာပူ-ရန်ကုန် ခရီးစဉ်အတွက် အမေရိကန်ဒေါ်လာ ၂၃၉ ဒေါ်လာဖြင့်လည်းကောင်း၊ စင်ကာပူ-ရန်ကုန်-စင်ကာပူ ခရီးစဉ်အတွက် စင်ကာပူဒေါ်လာ ၂၈၉ ဒေါ်လာဖြင့် လည်းကောင်း အရောင်းမြှင့်တင်ခြင်းများ ပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါ ခရီးစဉ်ကို အပတ်စဉ် (စနေနေ့)မှလွဲ၍ တစ်ပတ်လျှင် ခြောက်ကြိမ် ပျံသန်းပြေးဆွဲသွားမည်ဖြစ်ပြီး ရန်ကုန်မှစင်ကာပူသို့ မြန်မာစံတော်ချိန် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာမည်ဖြစ်သည်။ စင်ကာပူမှ ရန်ကုန်သို့ စင်ကာပူစံတော်ချိန် ညနေ ၄ နာရီတွင် ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပျံသန်းပြေးဆွဲသွားမည်ဟု သိရသည်။

"လာမယ့် ဩဂုတ်ကစတင်ပြီး MNA အနေနဲ့ (စနေနေ့) ကလွဲပြီး တစ်ပတ်ကို ခြောက်ကြိမ်ပျံသန်းမယ်။ နောက်ဆုံးပေါ် ဘိုးရင်းလေယာဉ်အသစ်နဲ့ MNA ရဲ့ နိုင်ငံတကာအဆင့်မီဝန်ဆောင်မှုများ ပေးအပ်သွားမယ်လို့ ကတိပြုပါတယ်။ MNA ရဲ့ဆောင်ပုဒ်အတိုင်း ဖော်ရွေပျူငှာတဲ့ မြန်မာတို့ရဲ့ ယဉ်ကျေးမှုတွေကို ကိုယ်တိုင် တွေ့ကြုံခံစားနိုင်ဖို့ ကျွန်တော်တို့နဲ့အတူ ပျံသန်းဖို့ ခရီးသွားဧည့်သည်များကို ဂုဏ်ယူစွာ ဖိတ်ခေါ်လိုက်ပါတယ်" ဟု မြန်မာအမျိုးသားလေကြောင်းလိုင်း အမှုဆောင်အရာရှိချုပ် ကပ္ပတိန် ဦးသန်းထွန်းကပြောသည်။

MNA သည် မြန်မာနိုင်ငံတွင် ပျံသန်းလျက်ရှိသော လေယာဉ်များအနက် အကြီးဆုံးလေယာဉ်များဖြင့် ပျံသန်းနေပြီး Boeing 737-800 Next Generation (arriving), Boeing 737 Max 8 (arriving over next few year), Embraer 190, ATR , Caravan, Beech အမျိုးအစားများဖြင့် ပြည်တွင်းပြည်ပခရီးစဉ်များကို တိုးချဲ့ပျံသန်းပြေးဆွဲသွားမည်ဟု သိရသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းကို ၁၉၄၈ ခုနှစ်တွင် "မြန်မာနိုင်ငံလေကြောင်း သယ်ယူပို့ဆောင်ရေး"အမည်ဖြင့် နိုင်ငံတော်ပိုင် သယ်ယူပို့ဆောင်ရေးလုပ်ငန်း အဖြစ် တည်ထောင်ခဲ့သည်။ De Havilland Dove အမျိုးအစား လေယာဉ် ခြောက်စင်းနှင့် ပြည်တွင်းခရီးစဉ် ၁၉ ခုကို စတင်ပျံသန်းပြေးဆွဲခဲ့ပြီး ၁၉၅၀ တွင် ဗန်ကောက်နှင့် ကိုးလ်ကတ္တား၊ စစ်တကောင်းသို့ ပျံသန်းခဲ့သည်။ ၁၉၅၂ ခုနှစ် ဗမာ့လေကြောင်းအက်ဥပဒေအရ နိုင်ငံတကာခရီးစဉ်များ တိုးချဲ့ပျံသန်းမှုများဖြင့် လေကြောင်းလိုင်းကို ပြန်လည်ဖွဲ့စည်းခဲ့ပြီး စင်ကာပူနှင့် ခတ္တမန္ဒူသို့ ပျံသန်းပြေးဆွဲခဲ့သည်။ နောက်ပိုင်းတွင် ဗန်ကောက်၊ ကိုးလ်ကတ္တား၊ ဒါကာ၊ ဟောင်ကောင်နှင့် ဂျကာတာမြို့များသို့ တိုးချဲ့ပျံသန်းခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် ယခုလေကြောင်းလိုင်းကို မြန်မာ့လေကြောင်းဟု အမည်ပြောင်းလဲခဲ့ပြီး ခရီးစဉ်ပေါင်း ၂၀ ခုကို ပျံသန်းပြေးဆွဲခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ကော်ပိုရေးရှင်းသို့ပြောင်းလဲကာ ပြည်တွင်းခရီးစဉ်များကို ပြန်လည်မိတ်ဆက်ခဲ့ပြီး မြန်မာအမျိုးသားလေကြောင်းလိုင်း အမည်ဖြင့် မြန်မာနိုင်ငံအတွင်း မြို့ပေါင်း ၂၆ မြို့အပြင် ပြည်ပခရီးစဉ်များကိုလည်း တိုးချဲ့ပြေးဆွဲသွားမည်ဟု သိရသည်။

သတင်း - ဆုနှင်းလဲ့
ဓာတ်ပုံ - ခင်မောင်ဝင်း

# နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် ဇူလိုင် ၂၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော သူရဦးအေးမြင့်၊ ဦးမောင်မောင်သိမ်း၊ ဦးသိန်းဆွေနှင့် ဦးလှမြင့်ဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာ ဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဒုတိယသမ္မတ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံ သံအမတ်ကြီးလည်း တက်ရောက် သည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# ကော်မရှင်က ဆောင်ရွက်နေသည့် မဲစာရင်းမှန်ကန်ရေးလုပ်ငန်းစဉ်တွင် ပါတီများအနေဖြင့် အပြုသဘောဆောင် ပူးပေါင်းဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၂၂**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ရွေးကောက်ပွဲဆိုင်ရာ သတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့ ရွှေလီလမ်းရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး (ရန်ကုန်ရုံးခွဲ)၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပရာ**(ယာပုံ)** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ကော်မရှင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)နှင့် သတင်းမီဒီယာ ၅၃ ဖွဲ့တို့မှ တာဝန်ရှိသူ ၈၀ တို့ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက ဇူလိုင် ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ကျင်းပခဲ့သော လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် ဆွေးနွေးပြောကြားချက်များ အပေါ် ရှင်းလင်းပြောကြားလို၍ ယနေ့ သတင်းမီဒီယာများသို့ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ ထိုတွေ့ဆုံဆွေးနွေးပွဲများတွင် ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲ ကျင်းပမည့်နေ့ရက်ကိုလည်းကောင်း၊ လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် စပ်လျဉ်းသည့် နေ့ရက်များကိုလည်းကောင်း သတ်မှတ်ကြေညာပြီး ဖြစ်ပါကြောင်း၊ Silent Day သည် နိုဝင်ဘာ ၇ ရက်ဖြစ်ပြီး မဲဆွယ်စည်းရုံးခြင်းကို ရက်ပေါင်း (၆၀) ပေးထားသဖြင့် မဲဆွယ်စည်းရုံးခြင်း စတင်ဆောင်ရွက်နိုင်မည့်နေ့ကို ခန့်မှန်းနိုင်ပါကြောင်း။

မဲစာရင်းမှန်ကန်မှုရှိစေရေးအတွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အခြေခံမဲစာရင်းပြုစုပြီး (၄)ကြိမ်တိတိ ကပ်ထားကြေညာခဲ့ပါကြောင်း၊ မဲစာရင်းတွင် အမှားအယွင်းများရှိသည်ဟု ဝေဖန်ပြောဆိုမှုများရှိပါကြောင်း၊ မဲစာရင်းပြုစုရာတွင် ရပ်ကွက်/ကျေးရွာအုပ်စု အထွေထွေအုပ်ချုပ်ရေးရုံးရှိ လူဦးရေစာရင်းနှင့် လဝကရှိ အိမ်ထောင်စုစာရင်း ပုံစံ (၆၆/၆) အရ အသက် (၁၈) နှစ်ပြည့်ပြီးသူများကို ပြုစုခြင်းဖြစ်ပါကြောင်း၊ စာလုံးပေါင်းသတ်ပုံမှားခြင်း၊ မဲစာရင်းရိုက်သူမှ နားကြားလွဲခြင်း၊ မွေးရက် မွေးလ မသိသူများအား နိုင်ငံတကာ Norm အရ ဇွန် ၃၀ ရက်ဟု ဖြည့်သွင်းခြင်းတို့ဖြစ်ပါကြောင်း။

မဲစာရင်း မှန်ကန်ရေးအတွက် ပြည်သူလူထုအနေဖြင့် မဲစာရင်းကပ်ထား ကြေညာသည့်အချိန်တွင် သွားရောက်ကြည့်ရှုရန် လိုအပ်ပါကြောင်း။

မဲဆန္ဒရှင်များအနေဖြင့် ကြည့်ရှုပြီး ပြင်ဆင်စေလိုကြောင်း၊ ၁၄ ရက်ကျော်လွန်ပါက ဥပဒေအရ ပြင်ဆင်ခွင့်ပြု၍မရပါကြောင်း၊ မဲစာရင်းမှန်ကန်ရေးအတွက် ပြင်ဆင်ဖြည့်စွက်ခြင်းတို့ကို အချိန်များစွာပေး၍ ဆောင်ရွက်ခဲ့ပါကြောင်း၊ မဲစာရင်းအား လာရောက်ကြည့်ရှု၍ ပြင်ဆင်၊ ကန့်ကွက်၊ ဖြည့်စွက်ရန်လည်း သတင်းများမှတစ်ဆင့် နှိုးဆော်ခဲ့ပါကြောင်း၊ ရွေးကောက်ပွဲ ကျင်းပသောနေ့တွင် မဲစာရင်းမပါ၍ မဲပေးခွင့်မရပါက မဲစာရင်းတွင်ပါရှိရေး မဆောင်ရွက်ခဲ့သော မဲဆန္ဒရှင်၏တာဝန်သာ ဖြစ်ပါကြောင်း။

နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံရေးပါတီများအနေဖြင့် မဲဆွယ်စည်းရုံးရာ၌ နိုင်ငံရေးပါတီများကျင့်ဝတ်နှင့်အညီ လေးစားလိုက်နာဆောင်ရွက်ကြရန်လိုကြောင်း၊ ရွေးကောက်ပွဲလုံခြုံရေးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေး ကော်မတီအဆင့်ဆင့်ကိုလည်းကောင်း၊ ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့်ကိုလည်းကောင်း ဖွဲ့စည်း ဆောင်ရွက်လျက်ရှိကြောင်း။

လုံခြုံရေးအခြေအနေအရ ရွေးကောက်ပွဲမကျင်းပနိုင်သောနေရာများအား ရွှေ့ဆိုင်းသွားမည်ဖြစ်ပြီး တည်ငြိမ်အေးချမ်းသောဒေသများတွင် ရွေးကောက်ပွဲကို ကျင်းပပေးသွားမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲတွင် လက်နက်နှင့် ခြိမ်းခြောက်၍ မဲပေးစေမှုရှိကြောင်း ကန့်ကွက်လွှာတင်လာပါက ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲဥပဒေအရ ခုံအဖွဲ့ဖြင့် စစ်ဆေးဆုံးဖြတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပါတီအချို့မှ မဲစာရင်းအမှားများရှိ၍ ရွေးကောက်ပွဲကို ရွှေ့ဆိုင်းပေးရန်ပြောကြားခဲ့ကြောင်း။

ကော်မရှင်အနေဖြင့် မဲလက်မှတ်များ ရိုက်နှိပ်ခြင်း၊ နိုင်ငံခြားသို့ ကြိုတင်မဲလက်မှတ်များဖြန့်ဝေခြင်း စသည့် လုပ်ငန်းစဉ်များအား အချိန်မီပြီးစီးရေးအတွက် ဆောင်ရွက်ရမည်ဖြစ်၍ ရွှေ့ပြောင်းပေးနိုင်ခြင်းမရှိကြောင်း၊ မဲစာရင်းအမှားကိုအကြောင်းပြု၍ ရွေးကောက်ပွဲ ရွှေ့ဆိုင်းပေးရန် ပြောကြားမနေဘဲ ကော်မရှင်က ဆောင်ရွက်နေသည့် မဲစာရင်းမှန်ကန်ရေးလုပ်ငန်းစဉ်တွင် ပါတီများအနေဖြင့် အပြုသဘောဆောင် ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းမီဒီယာအဖွဲ့များက IDP Camp ရောက်နေသူများ၏ မဲစာရင်းကြေညာမည့်အစီအစဉ်၊ "ဝ"နှင့် ကိုးကန့်ဒေသများတွင် ရွေးကောက်ပွဲကျင်းပမည့် အခြေအနေ၊ White Card နှင့် Green Card ကိုင်ဆောင်ထားသူများ မဲပေးခွင့်ရှိ/မရှိ၊ နိုင်ငံပြင်ပရောက်နေသည့် မဲပေးမည့်သူအရေအတွက်၊ တပ်ဇရိယာအတွင်း မဲဆွယ်စည်းရုံးခွင့်၊ ကြိုတင်မဲပေးမည့်သူများအား ကြေညာခြင်းရှိ/မရှိ၊ ရွေးကောက်ပွဲအတွက် အရန်ရဲများ၏ လစာအား ကော်မရှင်မှ ထုတ်ပေးခြင်းပြု/မပြု၊ ကော်မရှင် ဘတ်ဂျက်အခြေအနေနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ငွေကြေး အထောက်အပံ့ရရှိမှုအခြေအနေ၊ မဲရုံအရေအတွက်နှင့် ပြင်ဆင်၊ ဖြည့်စွက်၊ ကန့်ကွက်သည့် ပုံစံများအတွက် ရရှိသည့်ဘတ်ဂျက်တို့အား မေးမြန်းကြသည်။

မေးမြန်းချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက IDP Camp ရောက်နေသူများအနေဖြင့် စခန်းရှိ စာရင်းအပေါ် မဲပေးနိုင်အောင် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကိုးကန့်ဒေသ၌ မဲစာရင်းပြုစုဆောင်ရွက်လျက်ရှိကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိသည့်နေရာများ၌ ရွေးကောက်ပွဲ ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ White Card မှာဥပဒေအရ မဲပေးခွင့်မရှိကြောင်း။

Green Card ကိုလည်း ဥပဒေပြဋ္ဌာန်းချက်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံပြင်ပ ရောက်နေသည့် မဲပေးမည့်သူအရေအတွက်မှာ သံရုံးများတွင်သာ သိရှိနိုင်ကြောင်း၊ ကောက်ယူထားသည့် မဲစာရင်း ၃၂ သန်းတွင် နိုင်ငံပြင်ပရောက် မဲဆန္ဒရှင်များလည်း ပါဝင်ကြောင်း။

တပ်ဇရိယာအတွင်း မဲဆွယ်စည်းရုံးခွင့် ရရှိနိုင်မည်မဟုတ်ကြောင်း၊ တပ်အနီးရှိ ရပ်ကွက်၊ ကျေးရွာများတွင် မဲဆွယ်စည်းရုံးသည့်အခါ တပ်မှစစ်သည်မိသားစုများ လာရောက် နားထောင်လိုက နားထောင်ကြမည်ဖြစ်ကြောင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေစည်းရုံးနိုင်ကြောင်း၊ ကြိုတင်မဲပေးမည့်သူစာရင်းများကို မဲရုံများတွင် ကပ်ထားကြေညာရန် နည်းဥပဒေ၌ ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း။

အရန်ရဲများ၏ လစာအတွက် ကော်မရှင်တွင် ဘတ်ဂျက်ပါဝင်မှုမရှိကြောင်း၊ ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲအတွက် ဘတ်ဂျက် ကျပ် ၄၀ ဘီလီယံ ခွင့်ပြုချက်ရရှိပြီးဖြစ်ကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ အထောက်အပံ့အနေဖြင့် ငွေကြေးရရှိခြင်း မဟုတ်ကြောင်း၊ ကော်မရှင်၊ နိုင်ငံရေးပါတီများနှင့် လူမှုအဖွဲ့အစည်းများ၏ Capacity မြှင့်တင်ခြင်း၊ ရွေးကောက်ပွဲအတွက် အသုံးပြုမည့် မင်၊ ဆိုလာမီးအိမ်နှင့် မဲစာရင်းပြုစုခြင်းအတွက်လိုအပ်သော အထောက်အကူပစ္စည်းများကို ရရှိခြင်းဖြစ်ကြောင်း၊ မဲရုံအရေအတွက်မှာ ၄၇၀၀၀ ခန့်ရှိပြီး အတိအကျပြော၍မရသေးကြောင်း၊ အခြေခံမဲစာရင်းအတွက် ပြင်ဆင်ဖြည့်စွက်ပုံစံများ ဘတ်ဂျက်မပါရှိပါကြောင်း၊ ၎င်းအတွက် IFES မှ ကူညီခြင်းဖြစ်ကြောင်း ပြန်လည် ရှင်းလင်းပြောကြားခဲ့သည်။

**(သတင်းစဉ်)**

## ရခိုင်ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာမည်

**နေပြည်တော် ဇူလိုင် ၂၂**

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**မှတ်သားဖွယ်ရာမိုးရေချိန်များမှာ**

ရေးမြို့တွင် ၃ ဒသမ ၇၈ လက်မ၊ ဟုမ္မလင်းမြို့တွင် ၃ ဒသမ ၃၅ လက်မ၊ မုဒုံမြို့နှင့် ကျိုက္ခမီမြို့တို့တွင် ၃ ဒသမ ၃၀ လက်မစီ၊ မော်လမြိုင်မြို့တွင် ၂ ဒသမ ၈၀ လက်မ၊ ကျိုက်မရောမြို့တွင် ၂ ဒသမ ၆၇ လက်မ၊ ဂွမြို့တွင် ၂ ဒသမ ၆၀ လက်မနှင့် သီပေါမြို့တွင် ၂ ဒသမ ၃၃ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

ရခိုင်ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာမည်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရန် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူ

**နေပြည်တော် ဇူလိုင် ၂၂**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၄) ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ(၁)နာရီခွဲတွင်ကျင်းပရာ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏အစီရင်ခံစာ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရန် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းကို ဆောင်ရွက်ခဲ့သည်။

အစည်းအဝေး၌ ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာအစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ(၇/၂၀၁၅)နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးခဲ့ပြီး ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ဘဏ္ဍာရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ ရငွေနှင့် သုံးငွေအခြေအနေကို မျက်ခြည်မပြတ်သုံးသပ်၍ ပြည်ပကြွေးမြီများကို စိစစ်ရယူခြင်း၊ ပြည်တွင်းကြွေးမြီကို Treasury Bill Auction များ ဆောင်ရွက်၍ ဈေးကွက်အတိုးနှုန်းဖြင့် ရယူနိုင်ရန် ကြိုးပမ်းဆောင်ရွက်ခြင်းတို့ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူရခြင်းကို လျှော့နည်းလာစေရန် စတင်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ အစီရင်ခံစာပါ ဖော်ပြချက်အတိုင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးယူရခြင်း မရှိတော့စေရန်



**တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဦးသန်းဝင်း။**



**သာပေါင်း မဲဆန္ဒနယ်မှ ဦးဝင်းသန်း။**

ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားရာ လွှတ်တော်က ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၉ ပုဒ်မခွဲ(ဃ)ပြင်ဆင်နိုင်ရန် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြုလုပ်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၇ ဦးက ကော်မရှင်၏ တင်ပြချက်ကို ထောက်ခံဆွေးနွေးခဲ့ကြသည်။

**သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း**က ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲနှင့် နေရာတူ၊ အချိန်တူ ကျင်းပမည်ဆိုပါက မဲရုံနှင့်အချိန်တိုးမြှင့်မှုကို တစ်နေရာတည်းကျင်းပ၍ ရနိုင်သော်လည်း အသုံးပြုရမည့် ဝန်ထမ်းများနှင့် အသုံးအဆောင်၊ အထောက်အကူပစ္စည်းများသည် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေမှ သီးခြားကျခံရမည့်လုပ်ငန်း သဘောသဘာဝရှိသည်ဟု ဖော်ပြထားပါကြောင်း၊ သိသာမြင်လွယ်သည့်အချက်ဖြစ်ပြီး မဖြစ်မနေအကုန်အကျခံရမည့် ကိစ္စရပ်များ ပေါ်ပေါက်လာမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ နိုင်ငံတော်ဘဏ္ဍာငွေကို အသုံးပြုပြီး တစ်ပြိုင်တည်း အောင်မြင်စွာ ကျင်းပနိုင်သည်ဆိုသော်လည်း အကျိုးသက်ရောက်မှုများစွာမရှိနိုင်ဟုလည်း ဖော်ပြထားပါကြောင်း၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ယခုကာလတွင် ကျင်းပခြင်းမပြုသေးဘဲ ခေတ္တဆိုင်းငံ့ထားသင့်ပါသည်ဆိုသော ရွေးကောက်ပွဲကော်မရှင်၏ အကြံပြုချက်သည် ဆီလျော်မှန်ကန်သည့်အတွက်

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ရေလှောင်ပမာဏကို သိရှိနိုင်ရန်အတွက် ခေတ်မီတိုင်းတာရေးကိရိယာများဖြင့် စီစဉ်ဆောင်ရွက်ပေးသွားမည်

**နေပြည်တော် ဇူလိုင် ၂၂**

ပထမအကြိမ် ပြည်သူ့လွှတ်တော် ၁၂ ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၉) ရက်မြောက်နေ့ကို ယနေ့နံနက်(၁၀)နာရီတွင် ကျင်းပရာ ဆည်မြောင်းကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့် မြစ်ကြောင်းထိန်းသိမ်းရေးကဏ္ဍဆိုင်ရာ မေးခွန်းများမေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းသုံးခုဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

အစည်းအဝေး၌ စဉ့်ကိုင်မဲဆန္ဒနယ်မှ ဦးကြည်ပြုံး၏ **စဉ့်ကိုင်မြို့နယ်အတွင်းရှိ ဇော်ဂျီမြစ်ဆိုင်ရာ ဆည်ရေသောက်စနစ်တွင် ပါဝင်သော စွန်ရဲကန်နှင့် မင်းလှကန်တို့အား အပြီးသတ်တူးဖော်ပေးရန်နှင့် ရေကန်များ၏ ဧရိယာသတ်မှတ်၍ နယ်နိမိတ်အတွင်း ကျူးကျော်မှုများကို တားဆီးပေးရန်**မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးခင်ဇော်က ကန်များ၏ ရေလှောင်ပမာဏကို သိရှိနိုင်ရန်အတွက် ခေတ်မီတိုင်းတာရေးကိရိယာများဖြင့် ပြန်လည်တိုင်းတာရေးကို စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကန်နယ်နိမိတ်တိုင်းတာခြင်းကို သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့နှင့် ညှိနှိုင်းပြီး ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စွန်ရဲကန်နှင့် မင်းလှကန်များ ဆက်လက်တူးဖော်နိုင်ရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မူလရန်ပုံငွေတွင် တင်ပြတောင်းခံခဲ့သော်လည်း ဦးစားပေးအလိုက် ရန်ပုံငွေစိစစ်လျှော့ချသဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ထပ်မံတင်ပြတောင်းခံပြီး ရန်ပုံငွေခွင့်ပြုချက် ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



**ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း။**

ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း၏ **စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ချင်းတွင်းမြစ်ကြောင်းသည် တစ်နှစ်ထက်တစ်နှစ် မြစ်ကြောင်းကောက်လာပြီး ကုန်တင်မော်တော်ယာဉ်များ သွားလာရာ၌ အခက်အခဲကြုံတွေ့နေရပါသဖြင့် ချင်းတွင်းမြစ်ကြောင်း ထိန်းသိမ်းရေးနှင့် ပတ်သက်၍ မည်သို့စီမံဆောင်ရွက်နေသည်ကို သိလိုခြင်း**မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် ရေကြောင်းကြပ်တည်းမှုဖြစ်ပေါ်လေ့ရှိသော ခန္တီးရေလမ်း၊ ဟုမ္မလင်းရေလမ်း၊ နတ်စက်ရေလမ်း၊ ရှားပင်ရေလမ်းနှင့် မဲဒင်ရေလမ်းများတွင် ရေလမ်းကြောင်းကောင်းမွန်ရေး အစီအမံများ ဆောင်ရွက်နိုင်ရေးအတွက် နှစ်အလိုက်ရန်ပုံငွေ တင်ပြတောင်းခံသွားရန် ဆောင်ရွက်လျက် ရှိပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ချင်းတွင်းမြစ်ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းအနေဖြင့် ချင်းတွင်း၀-မုံရွာရေလမ်းပိုင်းကောင်းမွန်ရေးအတွက် မျောတိုင်တန်း ကျောက်ဖြည့်ရေကာ အလျားမီတာ(၂၅၀)၊ မျောတိုင်တန်းကျောက်ဖြည့် ရေလွှဲရေကာ အလျား မီတာ(၁၀၀)နှင့် သောင်တူးခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် မုံရွာ-မင်းကင်းရေလမ်းပိုင်းကောင်းမွန်ရေးအတွက် မျောတိုင်တန်းကျောက်ဖြည့် ရေကာ အလျားမီတာ (၃၀၀)၊ မင်းကင်း-



**စဉ့်ကိုင်မဲဆန္ဒနယ်မှ ဦးကြည်ပြုံး။**

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❒

အမျိုးသားလွှတ်တော်အစည်းအဝေး

# တစ်နှစ်ထက်တစ်နှစ် ယစ်မျိုးလိုင်စင်အရေအတွက်များကို လျှော့ချခွင့်ပြုပေး၊ တရားမဝင် ရောင်းချခြင်းများအား အရေးယူလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၂**

ပထမအကြိမ် အမျိုးသားလွှတ်တော် ၁၂ ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၁) ရက်မြောက်နေ့၌ မေးခွန်း ၅ ခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုခြင်း၊ လွှတ်တော်က ဆွေးနွေးစဉ်းစားနိုင်ရန် အဆိုတင်သွင်းခြင်းနှင့် အစီရင်ခံစာများ ဖတ်ကြားတင်သွင်းခြင်းတို့ ဆောင်ရွက်ကြသည်။

မေးခွန်းများ မေးမြန်းရာတွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၆)မှ ဦးခင်မောင်ရီက **နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် အညီ မဟုတ်ဘဲ အရက်လိုင်စင် ချထားပေးခြင်းကို မည်သို့ဆောင်ရွက်ခဲ့သည်၊ မည်သို့ အရေးယူဆောင်ရွက်မည်ကို သိရှိလိုခြင်း**မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းက ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံယစ်မျိုးနည်းဥပဒေ ၄ တွင် လိုင်စင်အမျိုးအစားပေါင်း ၄၁ မျိုး ပြဋ္ဌာန်းထားသော်လည်း ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် လိုင်စင်အမျိုးအစားပေါင်း ၃၀ ကိုသာ ခွင့်ပြုချထားလုပ်ကိုင်လျက်ရှိပါကြောင်း။

၂၀၁၁-၂၀၁၂ခုနှစ် ဘဏ္ဍာရေးနှစ်တွင် လိုင်စင်အရေအတွက် ၄၁၃၀၃ ခု၊ ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် လိုင်စင်အရေအတွက် ၄၁၂၉၃ ခု၊ ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် လိုင်စင်အရေအတွက် ၄၁၂၆၃ခု၊ ၂၀၁၄-၂၀၁၅ခုနှစ် ဘဏ္ဍာရေးနှစ်တွင် လိုင်စင်အရေအတွက် ၄၁၂၁၀ ခု၊ ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် လိုင်စင်အရေအတွက် ၄၀၉၅၁ ခုဖြင့် တစ်နှစ်ထက်တစ်နှစ် ယစ်မျိုးလိုင်စင်အရေအတွက်များကို လျှော့ချ၍ ခွင့်ပြုပေးလျက်ရှိပါကြောင်း။



**ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး။**



**ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးခင်မောင်ရီ။**

၂၀၁၅-၂၀၁၆ ခုနှစ်အတွက် ယစ်မျိုးလိုင်စင် ၈၉ ခုကို မြန်မာနိုင်ငံယစ်မျိုး အက်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နောက်ဆက်တွဲ ခွင့်ပြုပေးခဲ့သဖြင့် စုစုပေါင်း ယစ်မျိုးလိုင်စင် ၄၁၀၄၀ ခု ခွင့်ပြုပေးခဲ့ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်ထက် လိုင်စင်အရေအတွက် ၁၇၀ ခု လျှော့နည်းခွင့်ပြုခဲ့ပါကြောင်း၊ ခွင့်ပြုချထားပေးခဲ့သော ယစ်မျိုးလိုင်စင်များအနေဖြင့် ပြဋ္ဌာန်းထားသော ဥပဒေများကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ တရားမဝင် ရောင်းချခြင်းများအား အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၄)မှ ဒေါက်တာမြတ်ဉာဏစိုးက **တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် အမျိုးသားအဆင့် အားကစားစီမံကိန်း၊ လူငယ်အားကစားစီမံကိန်း၊ အားကစားဥပဒေတို့နှင့် မြို့နယ်တိုင်းအတွက် တစ်ပြေးညီလုံလောက်သော အားကစားကွင်း၊ အားကစားရုံတို့ ပေါ်ပေါက်လာစေရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်ပေါင်း ၃၃၀ မြို့နယ်တွင် အားကစားကွင်း၊ အားကစားရုံရှိသော မြို့နယ်ပေါင်း ၂၉၃ မြို့နယ်ရှိပြီး အားကစားကွင်းသာရှိသည့် မြို့နယ် ၁၅၄ မြို့နယ်၊ အားကစားရုံသာရှိသည့် မြို့နယ် ၂ မြို့နယ်နှင့် အားကစားကွင်း၊ အားကစားရုံ မရှိသော မြို့နယ် ၄၀ မြို့နယ် ကျန်ရှိနေပါကြောင်း။

တစ်နိုင်ငံလုံးရှိ အားကစားကွင်း/အားကစားရုံများအနက်မှ အချို့သော အားကစားကွင်း/အားကစားရုံများသည် အားကစားဝန်ကြီးဌာန စတင်

**စာမျက်နှာ ၈ ကော်လံ ၃ သို့** ❁

## ပြည်တွင်းရေးရာ

### ❖ ပြည်ထောင်စုလွှတ်တော်မှ

အကြံပြုချက်အတိုင်း ခေတ္တဆိုင်းငံ့မှုကို ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

**တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းဝင်း**က ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ အကြံပြုချက်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့် အထွေထွေရွေးကောက်ပွဲကို ပူးတွဲလုပ်ဆောင်မည်ဆိုပါက မလွဲမသွေဖြစ်လာမည့် ကိစ္စရပ်များကို ဆင်ခြင်စဉ်းစားပြီး တင်ပြထားသည်ကို တွေ့ရှိရပါကြောင်း၊ အထွေထွေရွေးကောက်ပွဲ၏ လုပ်ငန်းစဉ်၊ နိုင်ငံနှင့် ပြည်သူအတွက် အရေးပါမှု၊ ပြည်သူလူထု၏ ဆန္ဒ၊ နိုင်ငံတကာ၏ စိတ်ဝင်စားစောင့်ကြည့်မှု ဒီမိုကရေစီစနစ်ပြောင်းလဲစမြန်မာ့ပုံရိပ်ကို ပြည်တွင်းပြည်ပ လူမှုအဖွဲ့အစည်းများ၏ လက်တွေ့လုပ်ငန်းစဉ်များအပေါ် အမြင်အမျိုးမျိုးရှိသလို စိန်ခေါ်မှုများကြားမှ ကြိုးစားလုပ်ဆောင်နေရသည့် ကော်မရှင်၏ ရင်ဆိုင်ကြုံတွေ့နေရသည့် အခြေအနေကို အသိပင်ဖြစ်ပါကြောင်း၊ မလုပ်မဖြစ်ကိစ္စများကို လူ၊ ငွေကြေးနှင့် ပစ္စည်းများဖြင့် ပူးတွဲဆောင်ရွက်သည်ဖြစ်စေ၊ ခွဲခြားဆောင်ရွက်သည်ဖြစ်စေ ကုန်ကျမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ယခုကာလတွင်ကျင်းပခြင်းမပြုဘဲ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တင်ပြချက်သည် လျော်ကန်သဖြင့် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၉ ပုဒ်မခွဲ(ဃ)ပြင်ဆင်နိုင်ရန် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြုလုပ်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တင်ပြချက်ကို လွှတ်တော်က အတည်ပြုခဲ့သည်။

**(သတင်းစဉ်)**

### ❒ ပြည်သူ့လွှတ်တော်မှ

မော်လိုက်ရေလမ်းပိုင်းကောင်းမွန်ရေးအတွက် မျောတိုင်တန်းကျောက်ဖြည့်ရေကာ အလျားမီတာ(၁၂၀) ဆောင်ရွက်ရန်လျာထားပြီး အရေးပေါ်ရေလမ်းပြုပြင်ထိန်းသိမ်းရေးအတွက် ဘဏ္ဍာငွေကျပ်သန်းပေါင်း ၂၆ ဒသမ ၈ သန်းလျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီက တင်သွင်းသည့် **ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် **တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်း**ကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုခဲ့သည်။

ထို့ပြင် အမျိုးသားလွှတ်တော်ကပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သည့် **ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**ကိုတစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုခဲ့ပြီး လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်များကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးရန် ဆုံးဖြတ်သည်။

**(သတင်းစဉ်)**

### ❁ အမျိုးသားလွှတ်တော်မှ

ဖွဲ့စည်းသည့်အချိန်တွင် အခြားသောဌာန/အဖွဲ့အစည်းများ၏ စီမံအုပ်ချုပ်မှုအောက်တွင် ရှိနေပြီး အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့ခြင်း မရှိပါကြောင်း၊ အခြားအဖွဲ့အစည်း အသီးသီးအနေဖြင့် အားကစားကွင်း၊ အားကစားရုံများကို အခြားနည်းလမ်း ပြောင်းလဲအသုံးပြုခြင်း၊ မြေနေရာများပေါ်တွင် အဆောက်အအုံ တည်ဆောက်ခြင်းများ ပြုလုပ်လိုပါက အားကစားဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံတော်အစိုးရထံသို့ တင်ပြဆောင်ရွက်သင့်ပါကြောင်းနှင့် အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ နိုင်ငံတော်အစိုးရထံသို့ မူဝါဒတောင်းခံပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထို့ပြင် အားကစားဝန်ကြီးဌာနအနေဖြင့် Myanmar Sport Master Plan အား ရေးဆွဲထားရှိပြီးဖြစ်ပါကြောင်း၊ အတည်ပြုချက်ရရှိမှုနှင့် နိုင်ငံတော်၏ ဘတ်ဂျက်ရန်ပုံငွေ ခွဲဝေချထားမှုအပေါ် မူတည်၍ စီမံချက်ပါလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံအမျိုးသားအားကစားဥပဒေကို ရေးဆွဲထားရှိပြီး လွှတ်တော်သို့ တင်သွင်းရန် စီစဉ်ဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း ဖြေကြားသည်။

ယနေ့အစည်းအဝေးတွင် **မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုခြင်း၊ အမျိုးသားလွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသော **အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို** ဥပဒေကြမ်းကော်မတီက ဖတ်ကြား တင်သွင်းခြင်းတို့ ဆောင်ရွက်ကြသည်။

ထို့ပြင် အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားနိုင်ရန် **၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာ နှိပ်ကွပ်ရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**အား ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းက လည်းကောင်း၊ **သွေးနှင့်သွေးပစ္စည်းများဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း**အား ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက လည်းကောင်း အဆိုတင်သွင်းခဲ့သည်။

**၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်**သွေးနှင့် သွေးပစ္စည်းများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**တို့အား လွှတ်တော်က လက်ခံဆွေးနွေးသွားမည်ဖြစ်ပြီး ယနေ့အစည်းအဝေးတွင် ဥပဒေကြမ်းကော်မတီကလည်း အဆိုပါဥပဒေကြမ်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာများကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့သည်။

**(သတင်းစဉ်)**



မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအလံတင်အစည်းအဝေးကျင်းပပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၅၅ ဦးအား လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

### ❖ ကျောဖုံးမှ

မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန်(၂)ဦး ရှေ့မှောက်တွင် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ရင်းအမှတ်(၁၇) တပ်ရင်းမှူးဦးဆောင်သည့် အဖွဲ့ထံ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။

တပ်မတော်(ရေ)က ကယ်ဆယ်ခဲ့သည့် ယာယီစောင့်ရှောက်ထားသူများအနက် ကျန်ရှိသူများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ နိုင်ငံသားစိစစ်မှုများ ဆက်လက်ပြုလုပ်လျက်ရှိကြောင်းနှင့် စိစစ်အတည်ပြုမှုများ ဆောင်ရွက်ပြီးစီးပါက မူလနေရင်းနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကျော်သက်နှင့် စောဆန်းအောင်ခေါင်းဆောင်သော ကေကေအို ကြွင်းကျန်အဖွဲ့ထံမှ မူးယစ်ဆေးဝါးများနှင့် လက်နက်၊ ခဲယမ်းများ ထပ်မံသိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၂**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကောင်းမူကျေးရွာနှင့် ပတ်ဝန်းကျင်တွင် တပ်မတော် စစ်ကြောင်းများနှင့် နယ်ခြားစောင့်တပ် (BGF)တို့က ကေကေအိုအဖွဲ့မှ ကျော်သက်နှင့် စောဆန်းအောင် ခေါင်းဆောင်သော ကြွင်းကျန်အဖွဲ့များ ခိုအောင်းမှုမရှိစေရေး နယ်မြေရှင်းလင်းလျက်ရှိရာ ဇူလိုင် ၂၁ ရက် နံနက် ၁၀ နာရီခွဲခန့်က ကောင်းမူရွာ၏ အရှေ့ဘက် နှစ်မိုင်ခန့်အကွာရှိ ၎င်းတို့အဖွဲ့ ယခင်အခြေပြုခဲ့သည့် စခန်းနေရာ၌ မြေကြီးအတွင်း မြုပ်နှံထားသော အဝါရောင်ပလတ်စတစ်ပုံးခြောက်ပုံးအား ပုံးများအတွင်း၌ ကာလတန်ဖိုးငွေကျပ်သိန်း ၁၂၉၆၀ ခန့်ရှိသော WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၄၃၂၀၀၀ ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ထို့သို့ နယ်မြေရှင်းလင်းစဉ် ကျော်သက်၊ စောဆန်းအောင် ကြွင်းကျန်အဖွဲ့များနှင့် ထိတွေ့မှုများဖြစ်ပွားခဲ့ပြီး ၎င်းတို့ထံမှ လက်နက် နှစ်လက်၊ ကျည်အိမ် နှစ်ခုနှင့် ကျည် ၂၁ တောင့်တို့ကိုလည်း သိမ်းဆည်းရမိခဲ့သည်။



ကျော်သက်နှင့် စောဆန်းအောင် ခေါင်းဆောင်သော အဖွဲ့သည် ကိုယ်ကျိုးစီးပွားအတွက် လူသားမျိုးနွယ်နှင့် အနာဂတ်လူငယ်၊ လူရွယ်များ၏ဘဝ အညွှန့်တုံးစေမည့် မူးယစ်ဆေးဝါးများကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိရာ ဇူလိုင် ၁၉ ရက်နှင့် ၂၀ ရက်ကလည်း WY စာတန်းပါ စိတ်ကြွရူးသွပ် ဆေးပြား ၁၁၂၀၀၀ နှင့် မူးယစ်ဆေးဝါး ထုတ်လုပ်သည့် စက်ပစ္စည်းများကို စတင်သိမ်းဆည်းရမိခဲ့ပြီး ယခုအခါ ထပ်မံသိမ်းဆည်းရမိခဲ့ခြင်း ဖြစ်သည်။

အဆိုပါ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား သက်ဆိုင်ရာသို့ လွှဲပြောင်းအပ်နှံလျက်ရှိကြောင်းနှင့် တပ်မတော်နှင့် နယ်ခြားစောင့်တပ်(BGF)တို့က ကော့ကရိတ်မြို့နယ်အတွင်း ဆက်လက်နယ်မြေရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

## အာဆီယံ ယူ-၁၆ ပြိုင်ပွဲကို မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

အာဆီယံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် အာဆီယံ ယူ-၁၆ ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၇ ရက်မှ ဩဂုတ် ၉ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပတော့မည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို ယှဉ်ပြိုင်ရန် မြန်မာယူ-၁၆ အသင်းမှာ လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

ပြိုင်ပွဲဝင်မည့် မြန်မာယူ-၁၆ အသင်းတွင် အဖွဲ့ခေါင်းဆောင် ဦးမျိုးဝင်းညွှန့်၊ နည်းပြချုပ် အဲရစ်ဝီလျံ၊ လက်ထောက်နည်းပြ ဦးတင်မောင်ဝင်းနှင့် ဦးအောင်ကျော်ထွန်း၊ ဂိုးနည်းပြ ဦးမြင့်ဦး၊ ကစားသမားများအဖြစ် ဂိုးသမား-ထက်ဝေယံစိုး၊ အောင်မြင့်မြတ်၊ ဟန်နိုင်စိုး၊ နောက်တန်း-အောင်ဝဏ္ဏစိုး၊ ကျော်ဖြိုးဝေ၊ မင်းမြတ်သူ၊ ဟိန်းစိုး၊ သူရဆန်း၊ အောင်အောင်ဇင်၊ ဘိုဘိုအောင်၊ အလယ်တန်း-ကောင်းထက်ကျော်၊ သက်ပိုင်ထွေး၊ မြတ်ကောင်းခန့်၊ ထက်ဖြိုးဝေ၊ ဖုန်းမင်းခန့်၊ ထွန်းဆိုင်၊ အာကာကျော်၊ ပြည့်စုံနိုင်၊ ရှေ့တန်း-ကျော်ကျော်ထက်၊ ဝင်းနိုင်ထွန်း၊ ဟိန်းထက်အောင်၊ သက်ပိုင်ထူးနှင့် အောင်ချစ်ဦးကိုကိုတို့ ပါဝင်ကြသည်။

ယခုပြိုင်ပွဲကို အာဆီယံဒေသတွင်းမှ အင်ဒိုနီးရှားအသင်းမှလွဲ၍ ကျန် ၁၁ သင်းစလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာအသင်းမှာ အုပ်စု(ခ)တွင် ဩစတြေးလျ၊ စင်ကာပူ၊ အိမ်ရှင် ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်အသင်းတို့နှင့်အတူ ကျရောက်လျက်ရှိသည်။ အုပ်စု(က)တွင် မလေးရှား၊ ဗီယက်နမ်၊ ထိုင်း၊ လာအို၊ ဘရူနိုင်းနှင့် တီမောအသင်းတို့ ပါဝင်ကြသည်။ မြန်မာအသင်းသည် ပြိုင်ပွဲဝင်ရန် ဇူလိုင် ၂၅ ရက်တွင် ထွက်ခွာမည်ဖြစ်ပြီး ပွဲဦးထွက်ပွဲစဉ်အဖြစ် ဇူလိုင် ၂၈ ရက်တွင် စင်ကာပူအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်မည့် မြန်မာယူ-၁၆ အသင်းကို နည်းပြချုပ်အဖြစ် ရန်ကုန်နည်းပြချုပ်ဟောင်း အဲရစ်ဝီလျံက ဇူလိုင် ၂၀ ရက်မှစ၍ ကိုင်တွယ်လျက်ရှိပြီး ယခုပြိုင်ပွဲအတွက် ဇူလိုင်လဒုတိယပတ်မှစ၍ လေ့ကျင့်မှုများပြုလုပ်နေခြင်းဖြစ်သည်။ မြန်မာအသင်းမှာ ယခုပြိုင်ပွဲအတွက် ပြင်ဆင်ချိန်နည်းသော်လည်း ဇူလိုင်လဆန်းပိုင်းက ကျင်းပခဲ့သည့် ဂျပန်-မဲခေါင် ယူ-၁၅ ပြိုင်ပွဲဝင် မြန်မာယူ-၁၅ အသင်းမှ ကစားသမား အများစုပါဝင်လာသောကြောင့် ပြင်ဆင်မှုအပိုင်းတွင် အားမနည်းနိုင်ပေ။

မြန်မာယူ-၁၆ အသင်း နည်းပြချုပ်သစ် အဲရစ်ဝီလျံက "ဒီအသင်းကို ကိုင်တွယ်တာ ရက်ပိုင်းပဲရှိပါသေးတယ်။ ကစားသမားတွေကို ပွဲဘယ်လို ကစားရမလဲဆိုတာ အဓိကသင်ကြားသွားမှာပါ။ ဒီပြိုင်ပွဲမှာ အနိမ့်ဆုံး ဆီမီးအဆင့်ရောက်ဖို့ မျှော်မှန်းထားပါတယ်။ အာရှယူ-၁၆ ခြေစစ်ပွဲကျရင်တော့ ကစားသမားသစ်တွေ အားဖြည့်သွားမှာပါ" ဟု ပြောသည်။

**(ရှိုင်းထက်ဇော်)**

## ပြည်တွင်းရေးရာ

❒ ကျောဖုံးမှ

နှစ်ဖက်စလုံးမှ အတည်ပြုနိုင်ခဲ့ကြောင်း၊ NCA ကို ဆောင်ရွက်ရာတွင် အဓိကရည်မှန်းချက် (၃)ခုရှိကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်အား မည်သည့်အစိုးရတက်တက် ဆက်လုပ်သွားမည်ဆိုသည့်အုတ်မြစ်တစ်ခုချနိုင်ရန်၊ အပစ်အခတ်ရပ်စဲရေးခိုင်ခံ့အောင်လုပ်ရန်၊ နိုင်ငံရေး ဆွေးနွေးပွဲများ စတင်နိုင်ရန်တို့ဖြစ်ကြောင်း၊ ယနေ့ပြုလုပ်သည့် (၈)ကြိမ်မြောက် အစည်းအဝေးတွင် ငြိမ်းချမ်းရေး ဖြစ်စဉ်ကို ရှေ့ဆက်သွားနိုင်ရန်အတွက် Process တစ်ခုရှိလာစေရန်မည်သို့ဝိုင်းဝန်း ကြိုးစားကြမည်ဆိုသည်ကိုအခြေခံရမည်ဖြစ်ကြောင်း၊ လော်ခီးလာတွင်ပြုလုပ်သည့်တိုင်းရင်းသားများညီလာခံက ထွက်ပေါ်လာသော ပြင်ဆင်ရန်ဆိုသည့် တချို့အချက်များနှင့် နောက်ကွယ်က တိုင်းရင်းသားများ၏ စိုးရိမ်မှုများကိုလည်း နားလည်ကြောင်း. . ။

ယခုအစည်းဝေးတွင် နှစ်ဖက်လုံးက ဝိုင်းဝန်းကြိုးပမ်း၍ NCAလက်မှတ်ရေးထိုးနိုင်သည်အထိ ညှိနှိုင်းဆွေးနွေးသဘောတူညီမှုတွေ ရရှိကြလိမ့်မည်ဟု မျှော်လင့်ထားကြောင်း၊ နှစ်ဖက်စလုံးသည် လမ်းကြောင်းတစ်ခုတည်းတွင် အတူတူ လျှောက်လှမ်းနေသည့် လုပ်ဖော်ကိုင်ဖက်တွေ အဖြစ်စိန်ခေါ်မှုများကို အတူရင်ဆိုင်ကြမှာဖြစ်ကြောင်း၊ လက်ရှိအစိုးရတွင် အချိန်အကန့်အသတ်ရှိကြောင်း၊ စက်တင်ဘာလဆန်းကစ၍ ရွေးကောက်ပွဲအတွက် ပြင်ဆင်မှုများကို လုပ်ကြရမည်ဖြစ်သောကြောင့် ခိုင်ခိုင်မာမာ သဘောတူညီချက် မရနိုင်ခဲ့ပါက NCA ကဲ့သို့ သဘောတူညီချက်မျိုးအား အဖွဲ့အစည်း အစုံအလင်ဖြင့် ထပ်ညှိရန်အတွက် နောင်တက်လာသည့် အစိုးရပေါ်မှာသာ မူတည်နေမည်ဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးမှနေ၍ ရှေ့ဆက်သွားနိုင်မည့် ရလဒ်ကောင်းများ ထွက်ရှိစေရန် NCA ကို လက်မှတ်ရေးထိုးနိုင်ရန် မိမိတို့နှစ်ဖက်လုံး ဝိုင်းဝန်းကြိုးစားကြပါစို့ဟု ဆန္ဒပြုကြောင်း ပြောကြားခဲ့သည်။

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့် ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့(SD) မှ အဖွဲ့ခေါင်းဆောင် ပဒိုနော်စီဖိုးရာစိန်က ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့်တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT) တို့၏ ကြိုးပမ်းမှုကြောင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA)မူကြမ်းကို နှစ်ဖက်သဘောတူညီမှုရရှိပြီး ဆောင်ရွက်ခဲ့သည့် နှစ်ဖက်ကြိုးပမ်းမှုများကို အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့က အသိအမှတ်ပြုကြောင်း၊ စစ်မှန်သည့် ငြိမ်းချမ်းရေးကို တည်ဆောက်ရန်အတွက် တစ်ပြည်လုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသည် အရေးကြီးသော အဆင့်တစ်ခုဖြစ်သလို မိမိတို့ တိုင်းရင်းသားများအားလုံးအတွက် နိုင်ငံရေးအာမခံချက်ရှိသော NCA တစ်ခုဖြစ်ရန်သည်လည်း အလွန်အရေးကြီးပါကြောင်း၊ ပြီးခဲ့သည့် ဇွန်လအတွင်းက ကရင်ပြည်နယ် လော်ခီးလာ၌ ကျင်းပခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများညီလာခံတွင် ရွေးချယ်တာဝန်ပေးခြင်းခံရသည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ရရှိထားသည့် NCA မူကြမ်း အချောသပ်နိုင်ရေး၊ နိုင်ငံရေး ဆွေးနွေးပွဲမှာ တက်လှမ်းနိုင်ရန်အတွက် ကြိုးပမ်းသွားရန် တာဝန်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြန်လည်ထူထောင်ရေးအား ကြိုးပမ်းလုပ်ဆောင်သည့်နေရာတွင်နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးပူးပေါင်းဆောင်ရွက်နိုင်ရန်တာဝန်ရှိကြောင်း၊ NCA မူကြမ်းတွင် ဆွေးနွေးသွားမည့် အချက်အလက်များသည် ယခင်က ဆွေးနွေးထားပြီးသား အချက်များထဲတွင် ပါရှိပြီးသား အချက်အလက်များပင် ဖြစ်ကြောင်း” ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)ဒုတိယ ဥက္ကဋ္ဌ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်က မိမိတို့ငြိမ်းချမ်းရေး ခရီးလမ်းတွင်အောင်မြင်မှုများ ရှိသကဲ့သို့ စိန်ခေါ်မှု စိုးရိမ်ကြောင့်ကြမှုများလည်း ရှိနေဆဲပင် ဖြစ်ကြောင်း၊ ထိုစိန်ခေါ်မှု၊ စိုးရိမ်ကြောင့်ကြမှုများကို ကျော်လွှားနိုင်ရန် စုပေါင်းပြီး အဖြေရှာရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် စိန်ခေါ်မှုများကို ကျော်လွှားကာ မူလရရှိပြီးသား သဘောတူညီချက်ကို အခြေခံ၍ အချောသပ်ရရှိရန်အတွက် စဉ်းစားဆွေးနွေးသွားကြမည်ဖြစ်ကြောင်း၊ ယခုအစိုးရလက်ထက် လွှတ်တော်သက်တမ်းအတွင်းမှာပင် ပထမပန်းတိုင်တစ်ခုကို အရောက်သွားနိုင်ရန်လိုကြောင်း၊ အခြေခံအုတ်မြစ် တည်ဆောက်ထားပြီးပါက နောက်ဆက်တွဲ လမ်းစပွင့်သွားနိုင်မည်ဟု မိမိအနေဖြင့်တင်ပြ ဆွေးနွေးအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့(SD)၏ ဒုတိယအဖွဲ့ခေါင်းဆောင်(၁)ဒေါက်တာလဂျာက မိမိတို့၏ အတွေးအခေါ် အဟောင်းများကို ဖယ်ထုတ်၍ အောင်မြင်မှုကိုဆောင်ကြဉ်းပေးနိုင်မည့် အတွေးအခေါ်သစ်များဖြင့် ဖော်ထုတ်မှသာ တိုင်းရင်းသား ညီအစ်ကိုအားလုံးနှင့်တကွ နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ လွှတ်တော်တို့သည် ဘက်နှစ်ဖက်စလုံး ဝမ်းသာအားရ ရွှင်မြူးနိုင်ကြမည့် win-winအခြေအနေကို ရရှိမှာဖြစ်ကြောင်း၊ NCA စာချုပ်အား အမှန်တကယ်လိုလိုလားလားဖြင့် ဆွေးနွေးညှိနှိုင်းနေကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ အားလုံး၊ အစိုးရ၊ တပ်မတော်၊ လွှတ်တော်တို့ကလည်း ဘက်နှစ်ဖက်ဆွေးနွေးညှိနှိုင်း၍ အဖြေရှာ၊ နည်းနာ ရှာကာမည်သည့်အဖွဲ့၊ မည်သည့်ဒေသကိုမျှ ချန်လှပ်မထားဘဲ လက်နက်ကိုင်ပဋိပက္ခ၏ အရင်းခံအကြောင်း တရားဖြစ်သည့် နိုင်ငံရေးကိစ္စများကို စိတ်အေးလက်အေးဖြင့် ဆွေးနွေးညှိနှိုင်းအဖြေရှာနိုင်ကြမည်ဖြစ်ကြောင်း ပြောသည်။

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းက ယခုအစည်းဝေးမှနေ၍ NCA ကို နောက်ဆုံးမူကြမ်းအဖြစ် အချောသပ်နိုင်ရန် မျှော်လင့်ကြောင်း၊ NCA ကို ဆွေးနွေးလာသည်မှာ အချိန်ကာလအားဖြင့် ၁၈ လကျော် ကြာမြင့်ခဲ့သော်လည်း အကျိုးရှိသည့် အရာများလည်း အများကြီးရှိကြောင်း၊ အေးချမ်းနေသည့် နေရာဒေသများတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး နယ်မြေဒေသ အေးချမ်းရေးကို တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့ပြီး တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့် ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့ (SD)၏ ဒုတိယအဖွဲ့ ခေါင်းဆောင်(၂) ပူးဇင်ကျိုးကလည်း ဆက်လက်ပြောကြားခဲ့သည်။

ယနေ့ပြုလုပ်သော (UPWC) နှင့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့ (SD) တို့၏ အစည်းအဝေးတွင် လော်ခီးလာညီလာခံမှ အဆိုတင်သွင်းသည့် အချက် (၁၃) ချက်အနက် (၆) ချက်အား စတင်ဆွေးနွေးခဲ့ပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် ပါဝင်သောအချက်များ ကိစ္စ ဆွေးနွေးခြင်းနှင့် အသိသက်သေများနှင့်လက်မှတ်ရေးထိုးရမည့်ကိစ္စ၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် (NCA) စာချုပ် လက်မှတ်ရေးထိုးရာတွင် အားလုံးပါဝင်မည့်ကိစ္စနှင့် အထွေထွေကိစ္စရပ်များအား ဆွေးနွေးခဲ့ကြပြီး အချက် (၄) ချက်အား သဘောတူညီနိုင်ခဲ့ကြောင်းသိရသည်။

(၈) ကြိမ်မြောက် NCA စာချုပ်အတွက် ပထမနေ့ ဆွေးနွေးပွဲကို ညနေ ၄ နာရီတွင် ရပ်နားခဲ့ပြီး ဒုတိယနေ့ကို ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီတွင် ပြန်လည်စတင်မည်ဖြစ်ကြောင်း MPC၏အထူးအကြံပေး ဦးလှမောင်ရွှေထံမှ သိရသည်။

ယနေ့အစည်းအဝေးသို့ UPWC မှ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်၊ အဖွဲ့ဝင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုး၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒုတိယ ရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဗိုလ်မှူးကြီး ကျော်စိုးဝင်း၊ ဦးစောထွန်းမြအောင်၊ ဒေါ်မိယဉ်ချမ်းနှင့် ဦးခက်ထိန်နန်တို့ တက်ရောက်ခဲ့ကြသည်။

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့(SD) ၏ အဖွဲ့ခေါင်းဆောင် ပဒိုနော်စီဖိုးရာစိန်၊ ဒုတိယအဖွဲ့ခေါင်းဆောင် (၁) ဒေါက်တာ လဂျာ၊ ဒုတိယအဖွဲ့ခေါင်းဆောင် (၂) ပူးဇင်ကျိုး ၊ အဖွဲ့ဝင်များ ဖြစ်ကြသော ခိုင်စိုးနိုင်အောင်၊ ဦးနိုင်ဟံသာ၊ ဦးမျိုးဝင်း၊ ဦးခွန်မြင့်ထွန်း၊ ဦးရွှေမျိုးသန့်၊ စဝ်ခွန်စိုင်း၊ ဗိုလ်ချုပ် တာအိုက်ဘုန်း၊ ပဒိုစောကွယ်ထူးဝင်း၊ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း၊ ဗိုလ်မှူးကြီး ခွန်ဥက္ကာ၊ ဒေါ်စောမြရာဇာလင်းနှင့် တာအိုက်ညွန့်တို့ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**



# လော်ခီးလာညီလာခံမှ တိုင်းရင်းသားများတောင်းဆိုထားသည့် အချက် (၁၃) ချက်အနက် (၄) ချက် ဆွေးနွေးနိုင်

**ရန်ကုန် ဇူလိုင် ၂၂**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်(NCA)အချောသပ်နိုင်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့်အသစ်ဖွဲ့စည်းခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာအဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (SD)တို့သည် ဇူလိုင် ၂၂ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(MPC) ၌ တွေ့ဆုံဆွေး နွေးခဲ့ကြသည်။

ယခုပြုလုပ်သောဆွေးနွေးပွဲသည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် NCA အတွက် (၈) ကြိမ်မြောက် တရားဝင်ဆွေးနွေးခြင်းဖြစ်ပြီးအလွတ်သဘောနှင့် ပြင်ဆင်ရေးအတွက် ဆွေးနွေးပွဲပေါင်း (၄၀) ကျော်ပြုလုပ်ခဲ့ရသည်ဟု မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC)၏ အထူးအကြံပေးပုဂ္ဂိုလ် ဦးလှမောင်ရွှေထံမှ သိရသည်။ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့်လော်ခီးလာတွင် ကျင်းပခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်များ၏ ထိပ်သီးအစည်းအဝေးတွင် ဖွဲ့စည်းခဲ့သည့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (SD)တို့၏ ဆွေးနွေးပွဲသည် ပထမဆုံးတရားဝင် တွေ့ဆုံဆွေးနွေးပွဲဖြစ်ခဲ့သည်။

UPWC နှင့် အဆင့်မြင့် ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့(SD) တို့၏ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အတွက် ပထမနေ့ ဆွေးနွေးမှုများအပြီးတွင် UPWC မှ အထူးအကြံပေး ဦးလှမောင်ရွှေ၊ SD မှ ဒုတိယအဖွဲ့ခေါင်းဆောင် (၂) ပူးဇင်ကျိုးနှင့် အဖွဲ့ဝင် ဦးနိုင်ဟံသာတို့က ယနေ့ဆွေးနွေးမှုများနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။

၂၀၁၅ခုနှစ် ဇွန်လက ကရင်ပြည်နယ်လော်ခီးလာတွင် ပြုလုပ်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင် ထိပ်သီးခေါင်းဆောင်များ၏ ညီလာခံမှ အဆိုတင်သွင်းလာသည့် NCA စာချုပ် အချောသပ်ရေးနှင့် ပတ်သက်သည့် အချက်(၁၃) ချက်အနက် (၆) ချက်ကို ယနေ့ဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့ပြီး (၄)ချက်အားသဘောတူဆွေးနွေးနိုင်ခဲ့သည်ဟုအဆိုပါ သတင်းစာရှင်းလင်းပွဲမှ သိရသည်။

(MPC)၏ အထူးအကြံပေးပုဂ္ဂိုလ် ဦးလှမောင်ရွှေက “ဆွေးနွေးပွဲမှာ နှစ်ဖက်ခေါင်းဆောင်တွေ သဘောတူထားတဲ့ NCAစာချုပ်ကိုလော်ခီးလာ ဆွေးနွေးပွဲမှာ ပြန်ပြီးဆွေးနွေးဖို့ အဆိုပြုလာတဲ့ အချက်တွေကို ဆွေးနွေးတာပါ။ ဆွေးနွေးပွဲပထမနေ့မှာ အချက် (၆) ချက်အထိကျွန်တော်တို့ ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ပါတယ်။ အဲ့ဒီအချက် (၆) ချက်ထဲကမှ (၄)ချက်ကိုတော့ နှစ်ဖက်ခေါင်းဆောင်တွေ ညှိနှိုင်းလို့ရခဲ့ပါတယ်။ UPWC ဘက်ကတော့NCA စာချုပ် ချောတာကိုညှိနှိုင်းတဲ့နေရာမှာ စာချောတဲ့ ကိစ္စရပ်ကိုပဲ ဆောင်ရွက်စေလိုတယ်။ တချို့ကိစ္စတွေကိုတော့ စာချုပ်ကို လုံးဝမပြင်ဘဲ မရှင်းလင်းတဲ့ ကိစ္စရပ်တွေနဲ့အဓိပ္ပာယ်ဖော်ပြချက်တွေကို အစည်းအဝေး ဆုံးဖြတ်ချက်အနေနဲ့ ထားဖို့ အဆိုပြုခဲ့တာရှိတော့ရှိတယ်” ဟုပြောသည်။

လော်ခီးလာ ထိပ်သီးအစည်းဝေးမှ ပြင်ဆင်သည့် NCA စာချုပ် မူကြမ်းပါ အချက်များ၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်တွင် လက်မှတ်ရေးထိုးမည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတကာနှင့် ပြည်တွင်းအသိသက်သေများ၊ အားလုံးပါဝင်သည့်တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ဆိုင်ရာအချက်များကို အဓိကထား ဆွေးနွေးလျက်ရှိကြောင်းသိရသည်။

အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (SD)၏ ဒုတိယအဖွဲ့ခေါင်းဆောင်(၂)ဖြစ်သူ ပူးဇင်ကျိုးက “NCA ရဲ့ အခြေခံမူမှာပါဝင်တဲ့ အချက်တွေကို စာချောရေးတာ ဒီနေ့မှာ ပြီးသွားပါပြီ။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် ချုပ်ပြီးလို့ရှိရင် ပါတီအသီးသီးက ခေါင်းဆောင်တွေ၊ အစိုးရတာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ တပ်မတော်က တာဝန်ရှိပုဂ္ဂိုလ်တွေ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့က တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ တွေ့ဖို့ဖြစ်ပါတယ်။ INGO/NGO နဲ့ ပတ်သက်တဲ့ကိစ္စတွေကမပြီးသေးပါဘူး။ နောက်တစ်ခုက CSO ရဲ့ အခန်းကဏ္ဍပါ။ ဒါတွေကိုမနက်ဖြန်မှာ ဆက်ပြီးတော့ ဆွေးနွေးပါမယ်” ဟု အစည်းအဝေးအပြီး သတင်းစာ ရှင်းလင်းပွဲတွင်ပြောသည်။

၂၀၁၅ ဇွန်လတွင် ပြုလုပ်ခဲ့သည့် လော်ခီးလာတွင်ကျင်းပခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်များ၏ ထိပ်သီးအစည်းအဝေးတွင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာအဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (SD)အား NCA မူကြမ်းအတည်ပြုမှုမှ ရရှိလာသည့် ကိစ္စရပ်များကို ဆက်လက် ဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ အဆိုပါအဖွဲ့အစည်းတွင် စုစုပေါင်း ကိုယ်စားလှယ် ၁၅ ဦးဖြင့် ဖွဲ့စည်းထားပြီး NCCT အဖွဲ့ဝင် (၅) ဦးနှင့် အဖွဲ့အစည်းနှင့်တိုင်းရင်းသားဒေသကိုအခြေခံ ရွေးချယ်ထားသည့် ကိုယ်စားလှယ်များ ပါဝင်ကြောင်း SD အဖွဲ့မှ သိရသည်။

“နဂို NCCT ကိုဖျက်သိမ်းတာ မဟုတ်ပါဘူး။ နဂိုအတိုင်းရှိနေပါတယ်။ NCCT ရဲ့ တာဝန်ကတော့ နိုင်ငံရေးလမ်းပြမြေပုံကို ကျွန်တော်တို့ ဒီကနေ့ ကြိုးစားပြီး ပြင်ဆင်ထားတာ ရှိပါတယ်။ ဒါတွေကို NCCT က ဆက်လက် လုပ်ဆောင်မှာ ဖြစ်ပါတယ်။ Military Code of Conduct ရေးဆွဲတဲ့ ကိစ္စနဲ့ Joint Monitoring ကိစ္စရပ်တွေကိုဆက်လက် ဆောင်ရွက်မှာဖြစ်ပါတယ်” ဟုအဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (SD)၏ ဒုတိယအဖွဲ့ခေါင်းဆောင်(၂)ဖြစ်သူ ပူးဇင်ကျိုးက မြန်မာ့သတင်းစဉ်၏ မေးမြန်းမှုကို ဖြေကြားသည်။

**သတင်း -ရဲခေါင်ညွန့်**
**-မြတ်သန္တာမောင်**
**(ဓါတ်ပုံ -ဖိုးထောင်)**

ဖတ်စရာမှတ်စရာ

ရာမညာ(သွေးမွှန်)

# မြေအုတ်တို့ပြိုလေရာ မဖြစ်ရလေအောင်

မိမိတို့ မြန်မာနိုင်ငံတွင် လူနေမှုအဆင့်အတန်း မြင့်မားလာနေသည်နှင့်အညီ မြို့ပြတည်ဆောက်မှုတွင် ရပ်နားသည်မရှိ၊ တိုးတက်များပြားလာသည်။ ယင်းသို့ လူနေမှုအဆင့်အတန်းမြင့်လာနေသည်ကို တိုက်တာ အဆောက်အအုံများ၊ စီးပွားရေးစင်တာများ၊ မြို့ပြဖွံ့ဖြိုးမှု ပြယုဂ်အဖြစ် တွေ့မြင်လာနေသည်။ တစ်နေ့ကပင် ရန်ကုန်တိုင်းဒေသကြီး ဧရိယာအတွင်း၌ အထွက် နှုန်းမြင့်မားသော ဘိလပ်မြေစက်ရုံ တည်ဆောက်မည်ဟု ကြားသိလိုက်ရသည်။ ကြီးကျယ်ခမ်းနားသော အဆောက် အအုံများအတွက် အခြေခံအကျဆုံးသော အုတ်မြစ်သည်ကား အုတ်တစ်ချပ်က စတင်သည်ကို တွေ့ရမည်ဖြစ်သည်။

သို့ဖြစ်ရာ အခြေခံကျပါသည်ဆိုသော အုတ်တစ်ချပ်၏အရေးပါမှုကို အလေးမထားသဖြင့် တည်ဆောက်မှု အတတ်ပညာ၊ နည်းပညာ၊ ဗိသုကာ၊ အင်ဂျင်နီယာသည့်အတိုင်း မြေနီပုံကြီး ဖြစ်လို့နေပြီဖြစ်သည်။ မိမိတွေးမိသည်မှာ ဤသို့သောအုတ်များဖြင့် တိုင်းသိပြည်သိ အဆောက်အအုံကိုသာ ထည့်သွင်းတည်ဆောက်လိုက်ပါက မတွေးဝံ့စရာဖြစ်ပါသည်။ ဤသို့သော အတွေးက သတင်းသမားပီပီ ဤစာကိုရေးမိခြင်းဟု ဝန်ခံလိုပါသည်။

မိမိကြားဖူးသည်မှာ အုတ်ခဲတို့မည်သည် တစ်မိုးမက နှစ်မိုး၊ သုံးမိုး မိုးထဲလေထဲ ပစ်ထားသော အုတ်များသည် အကြံ့ခိုင်ဆုံး၊ ဒေါင်ဒေါင်မြည်အုတ်ဟုဆိုပါသည်။ အချို့မှာ မိုးရာသီ တစ်ရာသီလုံး မိုးရေထဲပစ်ထားသဖြင့် ရေညှိများပင် စွဲနေတတ်ပါသည်။ ဤသို့ ပျော်ကျသွားခြင်းလုံးဝမရှိ။ အလွန်မာကြောခိုင်ခံ့သော အုတ်များဖြစ်ပါသည်။

ယခု မိမိတွေ့ရသောအုတ်များမှာမူ မြေနီဘဝကို မစွန့်နိုင်သော အုတ်နီများဟုသာ ဆိုရပေတော့မည်။ တစ်နည်းအားဖြင့် အမျိုးချစ်သော အုတ်များဟူ၍ ကဗျာ



မည်မျှပြီးပြည့်စုံပါစေ အုတ်တစ်ချပ်၏ အရည်အသွေး အားနည်းမှုက ကောင်းကောင်းကြီး ဒုက္ခပေးနိုင်ပါသည်။ အချိန်ကုန်၊ ငွေကုန်ခံကာ သင်ကြားခဲ့သည့် ပညာများ ရေစုန်မျောနိုင်ပါသည်။

မိမိသည် ကျွမ်းကျင်သည့် ပညာရှင်မဟုတ်ပါ။ လက်တွေ့အားဖြင့် သက်တမ်းအတိုင်းအတာမဆိုနှင့် ကနေ့ပင်ဖွင့်ပွဲလုပ်သော သံကူကွန်ကရစ်တံတားသည် မနက်ဖြန်မှာ ပြိုကျပျက်စီးသွားသည်ကို မိမိကြုံဖူးပါသည်။ ထိုစဉ်က ထိုအဖြစ်ဆိုးအတွက် မိမိအပါအဝင် သတင်းသမားများကို အလောတကြီး ပိတ်ကြဆို့ကြသည်။ ဓာတ်ပုံရိုက်ခွင့်မပေး၊ မိမိကိုသာ အချိန်မီပိတ်လိုက်နိုင်သည်။ မြို့နယ်နှစ်ခုအကြား စပ်ကြားတံတားဖြစ်၍ တစ်ဖက်မြို့က သတင်းသမားက ရေးလိုက်ပါသည်။ မည်သို့မျှ မတတ်နိုင်ခဲ့ပါ။

ဤသို့သောဖြစ်ရပ်သည် နည်းပညာအမြင်ဖြင့် မည်သို့ရှိသည်တော့မသိ၊ မိမိကဲ့သို့ သာမန်လူတစ်ယောက်အတွက်မူ ဖြစ်နိုင်ခြေအရ အရည်အသွေးမမီသည့် အုတ်များကြောင့်ဟု ဆိုချင်ပါသည်။ မကြာသေးမီကပင် မြို့ကြီးပြကြီးမှာ ဆောက်လက်စတိုက် ပြိုကျ၍ ထိခိုက်အနာတရသတင်းများ ကြားသိလိုက်ရပါသည်။

ဤမျှ နိဒါန်းချီနေရသောအကြောင်းမှာ မိမိသည် သတင်းသမားပီပီ ဆိုင်ကယ်တစ်စီးဖြင့် နေပြည်တော် အတွင်းမှ ကွန်ကရစ်လမ်း၊ ကတ္တရာထပ်ပိုးလွှာခင်းထားသော လမ်းများပေါ် ခြေဆန့်ရာတွင် ပင်မအဆောက် အအုံကြီးဆောက်ပြီး ဖွင့်ပြီးသော်လည်း အခြားအစွယ် အပွား လုပ်ငန်းငယ်များ ကျန်ရှိနေဟန်တူပါသည်။ လုပ်ငန်းခွင်အတွက် လိုအပ်သော အုတ်(၁၀ ပေါက်အုတ်) များကို ဆင့်ကာစီပုံထားပါသည်။ ထိုအုတ်ပုံမှာ မိမိမျက်စိရှေ့မှာပင် မိုးသုံးလေးငါးရက်ခန့် ရွာသွန်းလိုက်ရာ တစ်စတစ်စ ဇောင်းနားလုံး အုတ်ပေါက်များ ဇောင်းပြေလာ၊ နောက်ဇောင်းပျက်၊ ထောင့်ကျိုးကျ၊ ခါးကျိုးကျ၊ နောက်ဆုံး ယခု မိမိဓာတ်ပုံတွင် ရိုက်ပြထားဆန်ဆန်ဆိုလျှင် ရနိုင်မည်ထင်ပါသည်။ သိကြသည့်အတိုင်း နေပြည်တော်တွင် အဆောက်အအုံများ မပြီးနိုင်မစီးနိုင် ဆောက်လုပ်နေရပါသည်။ အုတ်လုပ်ငန်းရှင်တို့သည်လည်း ရာဇဝင်လာ ဘုရားတည်အပြီး အပြိုင်ကြဲသောအဖြစ်ကို ကြားဖူးကြမည်ထင်ပါသည်။ အဝေးမြင်၊ အပြီးသတ်ရန်သာ အားထုတ်ကြလျက် အခိုင်အခံ့မတည်ဘဲ အုတ်များနေရာ သစ်၊ ဝါး၊ စက္ကူများ အစားထိုးလုပ်ခဲ့ကြသည့်နည်းတူ၊ အုတ်နီများသည်လည်း လုံလောက်သော အချိန်မရသဖြင့် အရည်အသွေးပြည့်မီခြင်းမရှိသော အုတ်များဖြင့် ဒုက္ခပေးကာ တာဝန်ကျေလိုက်ကြပါသည်။

ဤသည်မှာ ဖြစ်လေ့ဖြစ်ထရှိသော ကိစ္စဖြစ်ပါသည်။ ကြိုတင်မှာကြားထားသော အုတ်အရေအတွက် ပြည့်မီရေးအတွက် အလောတကြီးလုပ်ကိုင်ပေးရသဖြင့် ယင်းကဲ့သို့ အရည်အသွေးကျသော ပြဿနာများ ရှောင်လွှဲနိုင်ရန်သည် ကိုယ့်အလုပ်ဖြစ်သည်။ မပေါ့မဆလုပ်ကြဖို့လိုပါသည်။ ယင်းသို့ အရည်အသွေးမမီသည့် အုတ်များကြောင့် ပျက်စီးဆုံးရှုံးရခြင်းများဖြစ်ပြီး Guarantee ကာလလည်း ကျော်လွန်ပါက ဝန်ထမ်း၏ ဌာနဆိုင်ရာတို့ကသာ နစ်နာကြရမည်ဖြစ်ပါသည်။

အဆောက်အအုံများ သက်တမ်းတိုဖြင့် ပြိုကျပျက်စီးမှုကြောင့် ပျက်စီးဆုံးရှုံးရမှုအတွက် နောက်ကြောင်းပြန် စုံခုံဖွဲ့၊ တာဝန်ရှိကြသူတို့ကို တရားခံရှာဖွေ အရေးယူနေခြင်းထက်၊ အကောင်းဆုံးမှာ ယင်းကဲ့သို့သော အရည်အသွေးမမီသောအုတ်နီများ လုပ်ငန်းခွင်သို့ ရောက်ရှိမလာရန် အဓိကတာဝန်ရှိသော ဆောက်လုပ်ရေးအင်ဂျင်နီယာများက လက်တွေ့ကျကျ ကိုင်တွယ်ရသော အောက်ခြေပန်းရန်လုပ်သားများကို အသိပညာပေးရုံမက စည်းရုံးကာ“မြေအုတ်တို့ပြိုလေရာ”မဖြစ်ရလေအောင် တားဆီးကာကွယ်သင့်ပါကြောင်း ပညာရှင်မဟုတ်၊ သာမန်လူတို့၏မျက်စိဖြင့် ပျော်ကျနေသော အုတ်နီပုံကိုကြည့်ကာ တွေးမြင်ရေးသားမိပါသည်။ ။

# ထိရောက်သော ကာတွန်းများဖြင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးမှုများဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၂၂**

ယာဉ်မတော်တဆမှုများ တစ်နှစ်ထက်တစ်နှစ် ပိုမိုဖြစ်ပွားလာနေပြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ပြဿနာ ပိုမိုရင်ဆိုင်လာနေရသည့်အတွက် ပိုမိုထိရောက်သော အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကာတွန်းပြိုင်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။



ထိရောက်သော ကာတွန်းရုပ်ပုံများဖြင့် အသိပညာပေးမှုများ တွင်တွင်ကျယ်ကျယ် ဆောင်ရွက်နိုင်ရန်အတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် APB Alliance Brewery Co.,Ltd တို့ ပူးပေါင်းကာ ကာတွန်းဖြင့် ပညာပေးခြင်းပြိုင်ပွဲ ကျင်းပခဲ့သည်။

လမ်းအသုံးပြုသူများ အမူအကျင့်မှန်ကန်ပြီး စည်းကမ်းလိုက်နာစေရန် ရည်ရွယ်ချက်ဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရန် မတ် ၁ ရက်မှ စတင်ကာ ပညာပေးကာတွန်းပြိုင်ပွဲကို ဖိတ်ခေါ်ကျင်းပခဲ့ပြီး ကာတွန်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၂ ရက်တွင် ကျင်းပခဲ့သည်။

ပြိုင်ပွဲဝင်ကာတွန်းများ ဆုရွေးချယ်ပွဲကို နေပြည်တော် Lake Garden ဟိုတယ်တွင် ဇွန် ၁၀ ရက်က ပြုလုပ်ခဲ့ပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းငြေးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး H.E Mr Rolland Kobia တို့အပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ၊ ကာတွန်းပညာရှင် ဆရာအော်ပီကျယ်အပါအဝင် ကာတွန်းပညာရှင်ကြီးများက ရွေးချယ်ပေးခဲ့ခြင်းဖြစ်သည်။ ဆုရွေးချယ်ပွဲမှ ပထမ၊ ဒုတိယ၊ တတိယနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ပံ့ပိုးမှုဖြင့် နှစ်သိမ့်ဆု ၁၅ ဆု စုစုပေါင်းဆု ၁၈ ဆု ရွေးချယ်နိုင်ခဲ့ကြောင်း သိရသည်။

ပထမဆုကို ကိုသီဟ(စခန်းသစ်)က ရရှိခဲ့ပြီး **(အပေါ်ပုံ)** ချီးမြှင့်ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ကိုအောင်သိန်းထိုက် (ATH) ချီးမြှင့်ငွေကျပ် ငါးသိန်း၊ တတိယဆု မဝင်းဝင်း ထွေး(ထိပ်ထားလေး)က ချီးမြှင့်ငွေကျပ်သုံးသိန်းတို့ ရရှိခဲ့ ကြပြီး နှစ်သိမ့်ဆု ၁၅ ဆုအတွက် ချီးမြှင့်ငွေကျပ်သိန်း ၃၀ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရ သည်။

“ယာဉ်မတော်တဆမှုကြောင့် အသက်ဆုံးရှုံးမှု၊ ထိခိုက်မှုနဲ့ ဒဏ်ရာရရှိမှု အရေအတွက်က ပြီးခဲ့တဲ့ ဆယ်စုနှစ်အတွင်း သိသိသာသာ တိုးလာတာတွေ့ရပါတယ်။ အစိုးရက စီးပွားရေးမူဝါဒတွေ ပြုပြင်ပြောင်းလဲအပြီးမှာ တိုင်းပြည်မှာ ယာဉ်ပိုင်ဆိုင်မှုလည်း တိုးတက်လာတဲ့အတွက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကို အရေးတကြီး အလေးထားမဆောင်ရွက်နိုင်ရင် ယာဉ်ကြောင့်မတော်တဆဖြစ်မှုတွေကလည်း တိုးလာနိုင်တဲ့အနေအထားမှာရှိပါတယ်။ ကာတွန်းပြိုင်ပွဲ ကျင်းပပြီး ထွက်ပေါ်လာတဲ့ ကာတွန်းတွေနဲ့ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လူထုပညာပေးလုပ်ငန်းတွေ စတင်မှာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ကြိုဆိုကြောင်း ပြောကြားလိုပါတယ်”ဟု ပြည်ထောင်စုဝန်ကြီး ဦးသန်းငြေးက ပြောသည်။

ကာတွန်းပညာရှင် ဆရာအော်ပီကျယ်ကလည်း “ဒီစည်းရုံးလှုံ့ဆော်မှုဟာ မိမိပေးလိုတဲ့ သတင်းအချက်အလက်ကိုပေးနိုင်အောင် ပျော်ပျော်ရွှင်ရွှင်နဲ့ ကိုယ်တိုင်ကိုယ်ကျ ပါဝင်နိုင်တဲ့ ကာတွန်းပုံစံများနဲ့ ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်” ဟု ပြောသည်။ **(၀၀၁)**

# ပူတာအိုမြို့ လုံးစွတ်နှင့် လေယာဉ်ကွင်းရပ်ကွက် လျှပ်စစ်ဓာတ်အားရရှိ

**ပူတာအို ဇူလိုင် ၂၂**

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့ရှိ လုံးစွတ်ရပ်ကွက်နှင့် လေယာဉ်ကွင်းရပ်ကွက်တို့အား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ရုံးချုပ်မှပေးပို့ထားသော ၃၄၀ ကေဗွီအေ VOLVO ဓာတ်အားပေးစက်အသစ်ကြီးဖြင့် စတင်ဓာတ်အားပေးခြင်းအခမ်းအနားကို ဇူလိုင် ၁၇ ရက် ညနေ ၆ နာရီခွဲက လေယာဉ်ကွင်းရပ်ကွက်ရှိ ဓာတ်အားပေးစက်ရုံမြေနေရာ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဝေက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလီပေါရဲ့က မိန်းခလုတ်ဖွင့်၍ ဓာတ်အား စတင်ဖြန့်ဖြူးပေးသည်။

ပူတာအိုမြို့တွင် ၃၄၀ ကေဗွီအေ ဓာတ်အားပေးစက်တစ်လုံး၊ ၃၀၀ ကေဗွီအေ ဓာတ်အားပေးစက် နှစ်လုံး၊ ၆၄ ကေဗွီအေ ဓာတ်အားပေးစက်တစ်လုံးနှင့် နမ်ထွမ်ရေအားလျှပ်စစ်စက်ရုံမှ ၁၀၀ ကီလိုဝပ်စက်နှစ်လုံးတို့ တပ်ဆင်ထားပြီး ယခုမိုးရာသီတွင် ရေအားလျှပ်စစ်စက်နှစ်လုံး၊ ၃၄၀ ကေဗွီအေ ဒီဇယ်စက် တစ်လုံးနှင့် ၃၀၀ ကေဗွီအေ ဒီဇယ်စက် တစ်လုံးတို့ဖြင့် နေ့စဉ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည်။

ပူတာအိုမြို့ တောင်ဘက် ခုနစ်မိုင်ခန့်အကွာတွင် ၃ ဒသမ ၂ မဂ္ဂါဝပ်ထွက်ရှိမည့် အထက်နမ်ထွမ် ရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လာမည့်နှစ်တွင် ပြီးစီး၍ ၂၄ နာရီ ဓာတ်အားရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

**ဖုန်ကန်(iprd)**



# ပျိုးချခြင်း၊ ကောက်စိုက်ခြင်းလုပ်ငန်းများတွင် စုပေါင်းလုပ်ဆောင်ညှိခံမှု ယနေ့တိုင်ကျင့်သုံး



**အမရပူရ ဇူလိုင် ၂၂**

စိုက်ပျိုးရေးကို အခြေခံသော မြန်မာနိုင်ငံတွင် လယ်ယာလုပ်ငန်းကို အလေးထားလုပ်ဆောင်သည့်ဒေသများစွာရှိသည်။

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်တွင် လယ်ယာစိုက်ပျိုးခြင်းလုပ်ငန်းလုပ်ကိုင်ရာတွင် စုပေါင်းကူညီ လုပ်ကိုင်သည့်ဓလေ့ ယနေ့တိုင်ကျင့်သုံးလျက်ရှိသည်။ ပျိုးထောင်သည်မှစကာ လက်စားသဘောဖြင့်ကူညီ ထွန်ထယ်ပေးသည်များလည်းရှိသည်။ အများစုမှာ ပျိုးချခြင်း၊ ကောက်စိုက်ခြင်းလုပ်ငန်းများကို စုပေါင်းလုပ်ဆောင်ကာ ကုသိုလ်ဖြစ်လုပ်ငန်းများနှင့် တွဲဖက်ကာ ပျော်ရွှင်စွာ လုပ်ဆောင်လေ့ရှိသည်။

ပျိုးချသည့်နေ့တွင် ပျိုးတင်သည့်လှည်းများကို ဝိုင်းဝန်းတင်ကာ အစိပ်၊ အကျဲညီအောင် လှည်းပေါ်မှပစ်ချပေးရသည်။ နံနက်ခင်းကောက်စိုက်မည်ဆိုလျှင် တစ်ရက်ကြိုညနေခင်း ဝိုင်းမှစကာ ပျိုးချသည့်လုပ်ငန်းကို လုပ်ကိုင်ကြသည်။ ပျိုးချရာတွင် အိမ်နီးချင်းများ စုပေါင်းကူညီပျိုးချပေးလေ့ရှိသည်။ ပျိုးချခြင်းလုပ်ငန်းကို တစ်ညနေတည်းဖြင့် အပြီးဆောင်ရွက်ကြသည်။

ပျိုးချသည့်နေ့တွင် ဟင်းကောင်း ထမင်းကောင်းများဖြင့် ဧည့်ခံရန် ပြင်ဆင်ထားလေ့ရှိသည်။ ကျွေးမွေးသည့် စေတနာပေါ်မူတည်ကာ သီးနှံ အထွက်ကောင်းသည်ဆိုသည့် အယူ အဆကို လက်ခံယုံကြည်ကြသည်။ စေတနာကောင်းလျှင် ကံကောင်းမည် ဟုဆိုလေ့ရှိသည်။

ကောက်စိုက်သည့်နေ့တွင်လည်း ကောက်စိုက်သမများ အစာပြေစားနိုင်ရန်အတွက် ကောက်ညှင်းပေါင်းကို ဇလုံကြီးများဖြင့်ထည့်၍ ကျွေးလေ့ရှိသည်။ လယ်ကွက်အတွင်း ရောက်သည်နှင့် ဆွမ်းတော်တင်ခြင်းလုပ်ငန်းကို လုပ်ကိုင်လေ့ရှိသည်။ နံနက် ၁၀ နာရီခန့်တွင် ကောက်ညှင်းပေါင်းများကို ဆွမ်းတော်တင်ကောက်ကာ စားလေ့ရှိသည်။ အချို့သော လယ်ပိုင်ရှင်များသည် ကောက်စိုက်စည်းအဖွဲ့များ ငှားရမ်းကာ အသံချဲ့စက်ထည့်ပေးသည့် ဓလေ့များပင် ပြုလုပ်လေ့ရှိသည်။

ထမင်းစားနားပြီးသည့် နောက်ပိုင်း မွန်းလွဲနှစ်နာရီခန့်တွင် ဒေသအခေါ် နေ့စာမုန့်ကျွေးခြင်းများ ပြုလုပ်ပေးလေ့ရှိသည်။ အမရပူရမြို့နယ်ရှိ လယ်စိုက်သူများသည် ပျိုးထောင်ခြင်း၊ ကောက်စိုက်ခြင်းလုပ်ငန်းလုပ်ကိုင်သည့်နေ့ကို အလေးအမြတ်ထားလုပ်ဆောင်ပြီး ကျွေးမွေးခြင်းများဖြင့် ပျော်ရွှင်စွာ စုပေါင်းလုပ်ကိုင်ကြသည့် ဓလေ့ကို ယနေ့တိုင်ကျင့်သုံးလျက်ရှိကြောင်း သိရသည်။ **(တိမ်တမန်)**

# မိုးကောင်းမြို့နယ် ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိ

**မိုးကောင်း ဇူလိုင် ၂၂**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ ဇူလိုင် ၂၀ ရက်က အမှတ်(၃) စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ်မှ ဆန်အိတ် ၂၀ လှူဒါန်းကာ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစစ်ဆေး၍ လိုအပ်သော ဆေးဝါးများ ထောက်ပံ့ပေးအပ်ခဲ့ပြီး ဒေသခံပြည်သူများက ဆန်အိတ် ၅၀၊ ခေါက်ဆွဲဖာ ၅၀၊ ရေသန့်ဘူးကြီး ၅၀ နှင့် ထမင်းဘူးများကို လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့ပြင် နန့်ရင်းအရှေ့ရပ်၊ အလယ်ရပ်ရှိ ကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်အိမ်ထောင်စုပေါင်း ၃၅၈ စု၊ လူဦးရေ ၂၁၁၆ ဦးတို့အတွက် စေတနာရှင်ပြည်သူများက ဆန်အိတ် ၄၀၊ ရေသန့် ၆၂၂ ကတ်၊ ခေါက်ဆွဲခြောက် ဖာ ၂၅၀ နှင့် နယ်မြေခံတပ်အတွက် ဆန်အိတ် ၁၀ အိတ်၊ ခေါက်ဆွဲခြောက် ဖာ ၂၀၊ ရေသန့်ဘူး ၄၅ ကတ်တို့ကို ထောက်ပံ့ပေးခဲ့ပြီး အိုးတန်ရပ်ကွက်နေ ရေနစ်သေဆုံးသူတစ်ဦးအတွက် ထောက်ပံ့ငွေကျပ် တစ်သိန်း၊ ရေဘေးသင့် ပြည်သူများအတွက် ကျားဝတ်လုံချည် ၃၅၈ ထည်၊ မဝတ်လုံချည် ၃၅၈ ထည်၊ မျက်နှာသုတ်ပဝါ ၃၅၈ ထည်၊ ကာပေါ်လစ်ဆပ်ပြာ ၃၅၈ တောင့်တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

# ဆောမြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းသဖြင့် မိုးစပါးအတွက် စိုက်ပျိုးရေများရရှိ

**ဆော ဇူလိုင် ၂၂**

ဂန့်ဂေါခရိုင် ဆောမြို့နယ်တွင် ဇူလိုင်လဆန်းပိုင်းမှစ၍ မိုးအဆက်မပြတ်ရွာသွန်းနေပြီဖြစ်သည့်အတွက် လယ်မြေများတွင် ရေများရရှိနေပြီဖြစ်ကာ ထွန်ယက်စိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သည်။

ဆောမြို့နယ်တွင် မိုးစပါး လျာထားဧက ၁၀၇၅၂ ဧကရှိ၍ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကာ အခြားမိုးသီးနှံများလည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**(၄၆၅)**

# အမျိုးသားတံခွန်စိုက်နှင့် အသက်(၁၉)နှစ်အောက် ဘတ်စကက်ဘောပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၂**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့ပူးပေါင်း၍ ၂၀၁၅ ခုနှစ် အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲနှင့် အသက် (၁၉) နှစ်အောက် အမျိုးသား အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲကို ရန်ကုန်မြို့၊ အောင်ဆန်းအားကစားပြိုင်ဝင်း၊ မိုးလုံလေလုံအားကစားရုံ၌ ဩဂုတ် ၂၀ ရက်မှ ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲတွင် အလွတ်တန်း (ကျား/မ)၊ U-၁၉ (ကျား/မ) ပြိုင်ပွဲများထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။ U-၁၉ ပွဲစဉ်အတွက် ၁၉၉၆ ခုနှစ် မွေးဖွားသူဖြစ်ရမည်။ အသင်းဝင်ကြေးအဖြစ် အလွတ်တန်းတစ်သင်းလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့်လည်းကောင်း၊ U-၁၉ တစ်သင်းလျှင် ငွေကျပ်ငါးသောင်းနှုန်းဖြင့်လည်းကောင်း ပေးသွင်းရမည်ဖြစ်ပြီး၊ ပွဲစဉ်မဲနှိုက်ရေးဆွဲခြင်းကို ဩဂုတ် ၁၈ ရက် နံနက် ၁၀ နာရီတွင် အောင်ဆန်း အားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ခင်မောင်ဝင်း (ကြေးမုံ)**

## ဇူလိုင် ၂၂ ရက် (ဗုဒ္ဓဟူးနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်းကျပ်ပျမ်းမျှ အနိမ့်ဆုံးမှအမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၅၀၀ မှ ၄၄၅၀၀ |
| ၂ | ဧယာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၂၀၇၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၁၅၀၀ |
| ၄ | မြီးဒုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၂၈၅၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၅၀၀ မှ ၂၂၀၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၁၅၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ) | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၁၈၀၀၀ မှ ၁၃၈၀၀၀ |
| ၉ | ထောပတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၅၀၀၀ မှ ၅၅၀၀၀ |
| ၁၀ | ပဲကြီး(ပဲ) | ကုန်း၊ ရွှေကျွန်း | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၅၀၀၀ မှ ၉၀၀၀၀ |
| ၁၁ | ပြောင်းဆန် | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၈၀၀၀ |
| ၁၂ | ဗိုလ်ကိတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၂၀၀၀ မှ ၅၃၀၀၀ |
| ၁၃ | နှမ်းနက် စမုံ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၂၀၀၀၀၀ မှ ၂၀၇၀၀၀ |
| ၁၄ | ကြက်သွန်နီ | ဆိပ်ဖြူ၊ ပျော်ဘွယ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၉၀ မှ ၈၆၀ |
| ၁၅ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၆၀ မှ ၂၀၀၀ |
| | **လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့(AMIT)မှ ပေးပို့သည်။** | | | | |



# မြင်းမူမြို့နယ်အတွင်းရှိ ကျေးရွာများသို့ မူးမြစ်ရေများဝင်

**မြင်းမူ ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းရှိ မြို့နယ်များတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် မြင်းမူမြို့နယ်အတွင်းရှိ မူးမြစ်ဘေးတစ်လျှောက် ကျေးရွာများသို့ ဇူလိုင် ၂၀ ရက် မွန်းလွဲပိုင်းမှ စတင်ကာ မူးမြစ်ရေ ဝင်ရောက်လာကြောင်း သိရသည်။

မြင်းမူမြို့နယ်အတွင်းရှိ မူးမြစ်ဘေးတစ်လျှောက် ကျေးရွာများဖြစ်သည့် သပြေသာ၊ မဝုရ၊ ပုံညာနှင့် မေဂျာ ကျေးရွာတို့တွင် မူးမြစ်ရေအနည်းငယ် စတင်ဝင်ရောက်လျက်ရှိသည်။ အလားတူ ညောင်မြစ်ကျေးရွာနှင့် မကျီးကန်ကျေးရွာအကြား၊ မကျီးကန်ကျေးရွာမှ တစ်မိုင်ကျော်ခန့်နေရာတွင် နိမ့်ဆင်းနေသည့် တာရိုးအောက်မှ မူးမြစ်ရေ ဝင်ရောက်မှုကြောင့် တစ်ဖက်ယာခင်းမှတစ်ဆင့် အခြားယာခင်းများသို့ ရေများနှစ်ပေခန့် ဝင်ရောက်လျက်ရှိသည်။

အဆိုပါ တာရိုးအောက်မှ မူးမြစ်ရေ ဝင်ရောက်မှုကို ပျော့ရွာ၊ ညောင်မြစ်၊ မကျီးကန် ကျေးရွာသားများက သဲအိတ်များဖြင့် ကာရံထားမှုကြောင့် ရေဝင်ရောက်မှုမရှိသည့် ၄င်းထူးပေါက်မှ ရေဝင်ရောက်မှုကို လုံခြုံစိတ်ချစွာ တားဆီးနိုင်ရန်အတွက် စစ်ကိုင်းခရိုင် ဆည်မြောင်းဦးစီးဌာနမှ စက်ယန္တရားများဖြင့် အသုံးပြုပိတ်ဆို့သွားမည်ဖြစ်သည်။

မြင်းမူမြို့နယ်အတွင်း ရေဝင်ရောက်သည့် နေရာများနှင့် ကျေးရွာများသို့ စစ်ကိုင်းခရိုင်စီမံခန့်ခွဲမှုကော်မတီဝင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိုးသန်းနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ရေကြီးမှုဖြစ်ပေါ်လာပါက အဆင်သင့်ဖြစ်ရေး၊ ကျွဲ၊ နွားများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းထားရှိရေး စီမံဆောင်ရွက်ပေးခဲ့ပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဖိုးခါး)**

# လမ်းခရီးဆက်သွယ်ရေးပြတ်တောက်မှုကြောင့် ကုန်ပစ္စည်းအချို့ ဈေးတက်

**ကောလင်း ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့တွင် ရေလွှမ်းမိုးမှုကြောင့် ကားလမ်း၊ ရထားလမ်းများ ပျက်စီးသွားရာမှ ပြင်ပပို့ကုန်အချို့ ဈေးတက်သွားကြောင်း သိရသည်။

အဆိုပါကုန်ပစ္စည်းများထဲမှ ကွမ်းရွက်ဈေးမှာ မူလက တစ်ဆယ်သား ကျပ် ၃၀၀ ရှိရာမှ ကျပ် ၁၅၀၀ ဖြစ်သွားကြောင်း သိရသည်။ ကွမ်းရွက်များကို သယ်ဆောင်ရာတွင်လည်း ယမန်နေ့ညမှသာ ကား ရှစ်စီးစတင်ဝင်ရောက်ခဲ့ကြောင်း သိရသည်။ ထိုကားဖြင့် သယ်ဆောင်ရာတွင် ကွမ်းရွက်သယ်ယူခကို ကွမ်းခြင်းတွင်ပါသော အလေးချိန်နှင့် တွက်၍ပေးရသောကြောင့် ဈေးများခြင်းဖြစ်ကြောင်း သိရသည်။

လက်ကျန်ရှိနေသော စားသောက်ကုန်များမှာ ပုံမှန်ဈေးသာရောင်းချနေကြကြောင်း သိရသည်။

**(ရွှေလင်းပြည့်စုံ)**

# ပြင်သစ်တွင် လယ်ယာထွက်ကုန်ဈေးနှုန်းကျဆင်း၊ တောင်သူလယ်သမားများ ကန့်ကွက်ဆန္ဒပြ

**ပါရီ ဇူလိုင် ၂၂**

ပြင်သစ်နိုင်ငံတွင် အစိုးရက တောင်သူလယ်သမားများကို အရေးပေါ်အကူအညီပေးမည်ဖြစ်ကြောင်း ကြေညာခြင်းမပြုမီ နာရီပိုင်းအလိုတွင် လယ်ယာထွက်ကုန်များ ဈေးနှုန်းကျဆင်းခြင်းကို ကန့်ကွက်သောအားဖြင့် နိုင်ငံ၏ မြောက်ပိုင်းနှင့် အနောက်ပိုင်းတို့၌ လယ်သမားများက လမ်းများကိုပိတ်ဆို့ထားသည်ဟု ယနေ့သတင်းများတွင် ဖော်ပြသည်။

လိုင်လီမြို့တောင်ဘက် အေ-ဝမ်း လမ်းမကြီးတွင် တစ်ဝက်တစ်ပျက် ပိတ်ဆို့ထားပြီး အကူအညီပေးမည့် နည်းလမ်းများသည် ပြည့်စုံလုံလောက်မှု မရှိခဲ့သော် လမ်းများကို ထပ်မံပိတ်ဆို့သွားမည်ဟု တောင်သူလယ်သမားများက သတိပေးသည်။

ကုန်တိုက်ကြီးများနှင့် စားသောက်ကုန်လုပ်ငန်းတို့သည် ကုန်စည်ဈေးနှုန်းများကို ဆက်လက်ဈေးလျှော့ထားခြင်းအားဖြင့် ၎င်းတို့ အမျှားစုကို ဒေဝါလီခံရစေရန် လုပ်ဆောင်ကြခြင်းဖြစ်သည်ဟု တောင်သူလယ်သမားများက စွပ်စွဲသည်။

အစိုးရအနေဖြင့် ယခုအချိန်ထိ ဆောင်ရွက်ပြီးစီးသော အသေးအဖွဲ့ကူညီရေးနည်းလမ်းများထက် ပိုမိုလေးနက်သည့် နည်းလမ်းများကို ချမှတ်ပါရန် တောင်သူလယ်သမား သမဂ္ဂဥက္ကဋ္ဌ ဇာဗီယာ ဘူလင်က အစိုးရအား တောင်းဆိုသည်။

သမ္မတ ဖရန်ဆွာ ဟော်လန်းက အဆိုပါ အငြင်းပွားမှုကို ယမန်နေ့တွင် ကြားဝင်ဖြန်ဖြေပေးခဲ့သည်။ စိုက်ပျိုးရေးဝန်ကြီး စတီးဖိန်းလီဖိုးက ငွေကြေးအခက်အခဲကြုံနေရသော တောင်သူလယ်သမားများထံသို့ အကူအညီများ သေချာစွာရောက်ရှိစေရန် ဂရုတစိုက် ဆောင်ရွက်မည်ဟု ကတိပြုသည်။




သို့သော် မစ္စတာ ဘူလင်က ပြင်သစ်လယ်ယာထွက်ကုန် အရောင်းအဝယ်ကန်ထရိုက်စာချုပ်များ ပိုမိုရရှိပြီး ပိုမိုရောင်းချနိုင်ရေးနှင့် တောင်သူလယ်သမားများတင်ရှိနေသည့် ကြွေးမြီများ ပြန်လည်ပြင်ဆင်သုံးသပ်ပေးရန် ပြောသည်။

ယမန်နေ့ ညတွင် ဂန်နီယန်မြို့ရှိ ကုန်တိုက်ကြီးတစ်ခု၏ ဝင်ပေါက်၌ တိရစ္ဆာန်အညစ်အကြေးနှင့် သစ်ရွက်ဆွေးသဘာဝမြေဩဇာများ စုပုံခြင်း၊ ကားတာယာများ မီးရှို့ခြင်းတို့ဖြင့် တောင်သူလယ်သမား ၂၀၀ ခန့်က ဆန္ဒထုတ်ဖော်ခဲ့သည်။

အသားနှင့်နို့ထွက်ပစ္စည်းများ ဈေးနှုန်းကျဆင်းခြင်းအတွက် ကုန်တိုက်ကြီးများနှင့်ကုမ္ပဏီများကို အပြစ်တင်နေသော်လည်း ပြည်ပလုပ်ငန်းများက ယှဉ်ပြိုင်လာခြင်းနှင့် အသားစားသုံးမှုလျော့နည်းလာခြင်းတို့ကြောင့်လည်း ဈေးနှုန်းကျဆင်းခြင်းဖြစ်သည်ဟု ဆိုသည်။

ရုရှားနိုင်ငံက ဥရောပသမဂ္ဂ (အီးယူ)မှ စားသောက်ကုန်များ တင်သွင်းမှုကို ပိတ်ပင်ခြင်းနှင့် တရုတ်နိုင်ငံမှ ဝယ်လိုအား ကျဆင်းမှုတို့ကလည်း ပြဿနာကို ပိုကြီးစေခဲ့သည်ဟု ဆိုသည်။

ပြင်သစ်ဆိုရှယ်လစ်အစိုးရက တောင်သူလယ်သမား ၁၀ ရာခိုင်နှုန်းခန့် ဒေဝါလီခံရဖွယ်ရှိသည်ဟု ခန့်မှန်းသည်။

**ရိုက်တာ။**

# မူးယစ်ဆေးဝါးသုံးစွဲသူများကို နေရာထိုင်ခင်းပေးသည့် တရုတ်သရုပ်ဆောင်အား ပြစ်ဒဏ်ချမှတ်

**ပေကျင်း ဇူလိုင် ၂၂**

မူးယစ်ဆေးဝါးသုံးစွဲသူများကို နေရာထိုင်ခင်းများပေးမှုဖြင့် ဇူလိုင် ၂၂ ရက်က သရုပ်ဆောင်တစ်ဦးအား ထောင်ဒဏ် ၁၀ လ ချမှတ်လိုက်ကြောင်း ပေကျင်းတရားရုံးက ပြောကြားသည်။

(၃၉)နှစ်အရွယ်ရှိ သရုပ်ဆောင် ဇန်လင်းသည် ၂၀၁၀ နှင့် ၂၀၁၅ ခုနှစ်များကြား သရုပ်ဆောင် ဝန်ရှုဘင် အပါအဝင် မူးယစ်ဆေးဝါးသုံးစွဲသူ သုံးဦးကို နေရာထိုင်ခင်းများပေးခဲ့ကြောင်း ချောင်ယန်းခရိုင်ပြည်သူ့တရားရုံးက ပြောကြားသည်။

ပေကျင်းမြို့ရှိ ဇန်၏တိုက်ခန်းတွင် မက်သာဖက်တမင်းနှင့်ဆေးခြောက်များ တွေ့ရှိပြီးနောက် ၎င်းအား ပြီးခဲ့သည့် မတ် ၉ ရက်က ဖမ်းဆီးခဲ့သည်။ ရုပ်မြင်သံကြားအစီအစဉ်တင်ဆက်မှုများကြောင့် ကျော်ကြားသည့်ဇန်ကို ယွမ် ၂၀၀၀(ကန်ဒေါ်လာ ၃၂၇ ဒေါ်လာ)ဒဏ်ရိုက်ခဲ့သည်။

တရုတ်နိုင်ငံ၌ ယခုနှစ်တွင် ရုပ်ရှင်နှင့်ရုပ်မြင်သံကြား ငွေကြယ်ပွင့်များ အပါအဝင် ကျော်ကြားသူ အများအပြားကို မူးယစ်ဆေးဝါးမှုများဖြင့် ထိန်းသိမ်းထားခဲ့ပြီး ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ပြီးခဲ့သည့် ဖေဖော်ဝါရီလတွင် ပေကျင်းတရားရုံးက နာမည်ကြီးအဆိုတော် ယင်ကျန်ဂျီအား မူးယစ်ဆေးဝါးများ လက်ဝယ်ပိုင်ဆိုင်မှုဖြင့် ထောင်ဒဏ်ခုနစ်လ ချမှတ်ခဲ့သည်။

၂၀၁၄ခုနှစ် ဩဂုတ် ၁၄ ရက်က သရုပ်ဆောင် ဂျက်ကီချန်း၏သားဖြစ်သူ ဂျေဆီချန်းအား ပေကျင်းရှိ ၎င်း၏ နေအိမ်တွင် ဆေးခြောက်များ တွေ့ရှိမှုဖြင့် ထိုင်ပေရုပ်ရှင်သရုပ်ဆောင် ကိုင်ကိုနှင့်အတူ ဖမ်းဆီးခဲ့သည်။

**ဆင်ဟွာ။**

# အရှေ့တရုတ်ပင်လယ်တွင် တရုတ်နိုင်ငံ ရေနံတူးဖော်နေသည်ဟု ဂျပန်အစိုးရ ပြောကြား

**တိုကျို ဇူလိုင် ၂၂**

တရုတ်နိုင်ငံက အရှေ့တရုတ်ပင်လယ်တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်နေကြောင်း ဂျပန်အစိုးရက ထုတ်ဖော်ပြောကြားခဲ့သည်။

ဂျပန်နှင့် တရုတ်နိုင်ငံတို့သည် ၂၀၀၈ ခုနှစ်တွင် နှစ်နိုင်ငံအကျိုးတူပူးပေါင်းပြီး ရေနံနှင့်သဘာဝ ဓာတ်ငွေ့တူးဖော်ရေးကွင်းများ အကောင်အထည်ဖော်ဆောင်ရန် သဘောတူညီခဲ့ကြသည်။ သို့သော် ၂၀၁၀ ခုနှစ်တွင် တရုတ်ငါးဖမ်းသင်္ဘောနှင့် ဂျပန်ကမ်းရိုးတမ်းစောင့်သင်္ဘောတို့ ဆန်ကာကူကျွန်းကမ်းလွန်ပိုင်းတွင် တိုက်မိခဲ့သည့် ကိစ္စကြောင့် ဓာတ်ငွေ့တူးဖော်ရေးကွင်းများ အကောင်အထည်ဖော်ဆောင်ရန် ဆွေးနွေးမှုကို နှစ်နိုင်ငံအနေဖြင့် ဆိုင်းငံ့ထားခဲ့သည်။

၂၀၁၃ ခုနှစ် ဇွန်လပိုင်းကစပြီး တရုတ်နိုင်ငံသည် အရှေ့တရုတ်ပင်လယ်တွင် ရေနံနှင့်သဘာဝ ဓာတ်ငွေ့တူးဖော်ရေးကွင်း ၁၆ ခုကို ဆောက်လုပ်ခဲ့ကြောင်း ဂျပန်အစိုးရက ပြောသည်။

ယင်းရေနံတူးဖော်ရေးကွင်းများအား ဝေဟင်မှ ရိုက်ကူးခဲ့သည့် ဓာတ်ပုံများကို ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနဝက်ဘ်ဆိုက်တွင် ကြည့်ရှုနိုင်ကြောင်း ဆက်လက်ပြောကြားသည်။

ဂျပန်နှင့် တရုတ်နိုင်ငံတို့သည် နှစ်နိုင်ငံပိုင်းခြားသတ်မှတ်ထားသည့် သီးခြားစီးပွားရေးဇုန်နှင့် နယ်ခြားစည်းမရှိသေးပေ။ ထိုသို့သောအချိန်တွင် တရုတ်နိုင်ငံအနေဖြင့် နယ်မြေသတ်မှတ်မှု မရှိသေးသည့်နေရာများတွင် တစ်ဖက်သတ်ကျသော မည်သည့် ဖွံ့ဖြိုးရေးစီမံချက်ကိုမျှ ဆက်လက်ပြီးအကောင်အထည် ဖော်ဆောင်ရန် မသင့်ကြောင်း ဂျပန်အစိုးရအဖွဲ့အတွင်းရေးမှူး ယိုရှိဟိုက်ရှုဂါက ဆိုသည်။

**အင်န်အိတ်ချ်ကေ။**

# စင်ကာပူ၌အလုပ်လုပ်နေသော ပြည်ပပညာရှင်များ အနိမ့်ဆုံးလုပ်ခလစာ တိုးမြှင့်ခံစားခွင့်ရရှိမည်

**စင်ကာပူ ဇူလိုင် ၂၂**

စင်ကာပူ၌ အလုပ်လုပ်ကိုင်လျက်ရှိကြသော နိုင်ငံခြားသားပညာရှင် အလုပ်သမားများသည် ၎င်းတို့၏ မိသားစုဝင်များနှင့်အတူ နေထိုင်နိုင်စေရန် ၎င်းတို့ ရရှိသည့် အနိမ့်ဆုံး လုပ်ခလစာငွေကို တိုးမြှင့်ပေးမည်ဖြစ်ကြောင်း ပြည်သူ့အင်အား ဝန်ကြီးဌာနက ဇူလိုင် ၂၂ ရက်တွင် ပြောကြားသည်။

စင်ကာပူနိုင်ငံ၌ အလုပ်လုပ်ကိုင်နေကြသော ပညာရှင်အဆင့် အလုပ်သမားများသည် ၎င်းတို့၏ ဇနီး(သို့မဟုတ်)ခင်ပွန်း(သို့မဟုတ်) မှီခိုသူ မိသားစုဝင်များနှင့်အတူတကွ နေထိုင်ခွင့်ရရှိလာစေရေးအတွက် စက်တင်ဘာ ၁ ရက်မှ စ၍ စင်ကာပူ ဒေါ်လာ ၅၀၀၀ ထက်မနည်း ခံစားနိုင်ရန် ၎င်းတို့၏ လခနှုန်းထားကို တိုးမြှင့်ပေးမည်ဖြစ်ကြောင်း၊ လက်ရှိအနိမ့်ဆုံးလခမှာ စင်ကာပူဒေါ်လာ ၄၀၀၀ ဖြစ်ကြောင်း ပြည်သူ့အင်အားဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

နိုင်ငံခြားသားပညာရှင်လုပ်သားများသည် စင်ကာပူ၌ အလုပ်လုပ်ကိုင်နေစဉ်အတွင်း ၎င်းတို့၏ မိဘများအား ကာလရှည် အလည်အပတ်ဗီဇာဖြင့် ခေါ်ယူလိုပါက တစ်လလျှင် စင်ကာပူဒေါ်လာ ၁၀၀၀၀ အထိပင် ခံစားခွင့်ရှိမည်ဖြစ်ကြောင်း၊ လက်ရှိအားဖြင့် စင်ကာပူဒေါ်လာ ၈၀၀၀ ခွင့်ပြုပေးထားကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

**ပီတီအိုင်။**



# တာဝေးပစ်ဒုံးပျံ ပစ်လွှတ်နိုင်ရန် မြောက်ကိုရီးယားက ဒုံးပစ်စင် တိုးချဲ့

**ဆိုးလ် ဇူလိုင် ၂၂**

မြောက်ကိုရီးယားနိုင်ငံ၏ အနောက်ဘက် ပင်လယ်ကမ်းရိုးတန်းဒေသအနီးရှိ အခြေစိုက်စခန်းတစ်ခုတွင် တာဝေးပစ်ဒုံးပျံများအတွက် ပစ်လွှတ်ရေးစင်သစ်တစ်ခုကို စိုက်ထူလိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

မြောက်ကိုရီးယားနိုင်ငံ တောင်ချမ်းရီမြို့၌ ၆၇ မီတာ အမြင့်ရှိ ဒုံးပျံပစ်လွှတ်ရေးစင် တိုးချဲ့တည်ဆောက်သည့် လုပ်ငန်းမှာ ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံရှိ ယွန်ဟပ်သတင်းဌာနကို ကိုးကားလျက် ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဒုံးပစ်စင် တိုးချဲ့လိုက်ခြင်းဖြင့် အန်းဟွာ-၃ အမျိုးအစား ဒုံးပျံအရွယ်ထက် နှစ်ဆကြီးမားသော တာဝေးပစ်ဒုံးပျံများကို ပစ်လွှတ်နိုင်စွမ်းရှိလာမည်ဟု ခန့်မှန်းရကြောင်း၊ မြောက်ကိုရီးယားနိုင်ငံသည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလက အန်းဟွာ-၃ အမျိုးအစား ဒုံးပျံကို ပစ်ခတ်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

မြောက်ကိုရီးယားနိုင်ငံသည် ယင်းသို့ ဒုံးပျံစမ်းသပ်ပစ်ခတ်ခဲ့ပြီးနောက် နှစ်လအကြာတွင် တတိယအကြိမ် နျူကလီးယား စမ်းသပ်မှုကို ပြုလုပ်ခဲ့သည်။

အောက်တိုဘာလ ၁၀ ရက်တွင် ကျရောက်မည့် ကိုရီးယား အလုပ်သမားများပါတီ ထူထောင်မှု နှစ် ၇၀ ပြည့် နှစ်ပတ်လည်အခါသမယတွင် တာဝေးပစ်ဒုံးပျံ တစ်စင်းအား ပစ်ခတ်နိုင်ရန် ဒုံးပစ်စင်ကို တိုးချဲ့တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း အမည်မဖော်သူ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပြုံယမ်းမြို့အနီးရှိ လက်နက်ထုတ်လုပ်ရေး စက်ရုံတစ်ရုံ၌ တာဝေးပစ်ဒုံးပျံများကို ထုတ်လုပ်နေသည်ဟု ယူဆရကြောင်း အမည်မဖော်သူ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ပီတီအိုင်။**

## ဂျူဗင်တပ်စ် တိုက်စစ်မှူး လော်ရန်တေးအား ခေါ်ယူရန် လီဗာပူးပစ်မှတ်ထား

အင်္ဂလန်ထိပ်သီးကလပ် လီဗာပူးအသင်းသည် လာမည့်နွေရာသီအပြောင်းအရွှေ့ကာလအတွင်း အသင်း၏တိုက်စစ်ကိုအားဖြည့်ရန်အတွက် ဂျူဗင်တပ်စ်အသင်း၏ စပိန်တိုက်စစ်မှူး ဖာနန်ဒိုလော်ရန်တေးအား ခေါ်ယူရန် စိတ်ဝင်စားနေကြောင်းသိရသည်။

လီဗာပူးအသင်း၏ နည်းပြဖြစ်သူ ဘရန်ဒန်ရော်ဂျာမှာ လာမည့်ဘောလုံးရာသီတွင် အသင်းမှထွက်ခွာသွားသည့် အဓိကတိုက်စစ်မှူးစတာလင်၏ နေရာတွင် အစားထိုးရန် လော်ရန်တေးအား ပစ်မှတ်ထားနေပြီး လာမည့်ရက်ပိုင်းအတွင်း ဂျူဗင်တပ်စ်အသင်းထံ တရားဝင်ကမ်းလှမ်းသွားဖွယ်ရှိကြောင်း သိရသည်။

ထို့ပြင် ကစားသမားကိုယ်တိုင်မှာလည်း ပုံမှန်ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရသည့် အီတလီမြေကိုစွန့်ခွာ၍ အခြားဥရောပထိပ်သီးကလပ်အသင်းတစ်သင်းသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေကြောင်း သတင်းများထွက်ပေါ်နေသည်။ ၎င်းအား လီဗာပူးအသင်းအပြင် အာဆင်နယ်နှင့် မိုနာကိုအသင်းတို့ကပါ ခေါ်ယူရန် စောင့်ကြည့်လျက်ရှိကြောင်း အီတလီသတင်းစာ Gazetta ကဖော်ပြခဲ့သည်။

လီဗာပူးအသင်းမှာ လာမည့်ဘောလုံးရာသီမတိုင်မီ ပေါင်သန်း ၁၀၀ နီးပါးအသုံးပြု၍ ကစားသမားသစ်များကို ခေါ်ယူအားဖြည့်သွားဖွယ်ရှိပြီး ပြီးခဲ့သည့်ရက်ပိုင်းက ဘရာဇီးလူငယ်ကြယ်ပွင့် ဖာမီနိုအား ကလပ်စံချိန်တင် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့်ခေါ်ယူထားခဲ့သလို စီးရီးအေကလပ် အတ္တလန္တာအသင်း၏ အီတလီလူငယ်နောက်ခံလူ ဇက်ပါကော်စတာတို့မှာလည်း လီဗာပူးအသင်း၏ ကစားသမားအဝယ်စာရင်းတွင် ထိပ်ဆုံးမှရှိနေကြောင်းသိရသည်။

**ကိုရဲ**



## တိုက်စစ်မှူးရွှန်းနီ မန်ယူအသင်း၏ ဗဟိုတိုက်စစ်မှူးအဖြစ်ကစားမည်

လာမည့်ဘောလုံးရာသီတွင် တိုက်စစ်မှူးရွှန်းနီအား ဗဟိုတိုက်စစ်မှူးအဖြစ် အသုံးပြုသွားရန် စီစဉ်ထားကြောင်း မန်ယူအသင်းနည်းပြ ဗန်ဟားလ်က ပြောကြားလိုက်သည်။

အသက်(၂၉)နှစ်အရွယ်ရှိ တိုက်စစ်မှူးရွှန်းနီသည် ပြီးခဲ့သည့် ၂၀၁၄-၂၀၁၅ ဘောလုံးရာသီက မန်ယူအသင်း၏ အဓိကကွင်းလယ်ကစားသမားအဖြစ် ပွဲစဉ်အတော်များများတွင် ပါဝင်ကစားပေးခဲ့ရသူဖြစ်သည်။

တိုက်စစ်မှူးရွှန်းနီသည် ၂၀၁၁-၂၀၁၂ ဘောလုံးရာသီက မန်ယူအသင်း၏ အဓိကတိုက်စစ်မှူးအဖြစ် ပါဝင်ကစားပေးခဲ့သူဖြစ်ပြီး ယင်းသို့ ရွှန်းနီအား တိုက်စစ်အဓိကကစားသမားအဖြစ် ပွဲထွက်ကစားစေခဲ့ရာ မန်ယူအသင်းအတွက် သွင်းဂိုး ၃၄ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည်။

"တိုက်စစ်ကစားသမားတစ်ဦးအဖြစ် လာမယ့်ဘောလုံးရာသီမှာ ကစားရမယ်ဆိုရင် အရင်တုန်းကလို ဂိုးတွေမသွင်းယူပေးနိုင်ခဲ့ရင် ကျွန်တော်တကယ်စိတ်ပျက်မိလိမ့်မယ်ထင်တယ်။ ဒါပေမယ့် တိုက်စစ်ကစားသမားအဖြစ်နဲ့ ကစားရမယ်ဆိုရင်တော့ မန်ယူအသင်းအတွက် သွင်းဂိုး ၂၀ နဲ့အထက် သွင်းယူပေးနိုင်ဖို့လည်း ကျွန်တော်မျှော်လင့်ထားပါတယ်"ဟု တိုက်စစ်မှူးရွှန်းနီက ပြောကြားခဲ့သည်။

တိုက်စစ်မှူးရွှန်းနီ၏ နောက်ဆုံးဘောလုံးရာသီ ငါးရာသီသွင်းဂိုးများကို ပြန်ကြည့်မည်ဆိုပါက ၂၀၁၀-၂၀၁၁ ဘောလုံးရာသီတွင် ပွဲပေါင်း ၄၀ ပါဝင်ကစားပြီး သွင်းဂိုး ၁၆ ဂိုး၊ ၂၀၁၁-၂၀၁၂ ဘောလုံးရာသီတွင် ပွဲပေါင်း ၄၃ ပွဲ ပါဝင်ကစားပြီး သွင်းဂိုး ၃၄ ဂိုး၊ ၂၀၁၂-၂၀၁၃ ဘောလုံးရာသီတွင် ပွဲပေါင်း ၃၇ ပွဲ ပါဝင် ကစားပေးပြီး သွင်းဂိုး ၁၆ ဂိုး၊ ၂၀၁၃-၂၀၁၄ ဘောလုံးရာသီတွင် ပွဲပေါင်း ၄၀ ပါဝင်ကစားပေးပြီး သွင်းဂိုး ၁၉ ဂိုး၊ ၂၀၁၄-၂၀၁၅ ဘောလုံးရာသီတွင် ပွဲပေါင်း ၃၇ ပွဲ ပါဝင်ကစားပေးပြီး သွင်းဂိုး ၁၄ ဂိုး အသီးသီး သွင်းယူပေးနိုင်ခဲ့ပြီး ပြီးခဲ့သည့်ရာသီက ကွင်းလယ်ဦးစားပေးကစားသမားအဖြစ် ပွဲထွက်ကစားခဲ့ရခြင်းကြောင့် နောက်ဆုံးငါးရာသီတွင် သွင်းဂိုးအနည်းဆုံးဖြစ်ခဲ့ရသည်။

မန်ယူအသင်းသည် နည်းပြဖာဂူဆန် အနားယူသွားပြီးနောက် ကစားသမား ၁၀ ဦးအထိခေါ်ယူခဲ့ပြီး ပြောင်းရွှေ့ကြေးပေါင် ၂၂၈ ဒသမ ၁ သန်းအထိ အကုန်အကျခံသုံးစွဲခဲ့သော်လည်း ဖလားလက်မဲ့ရာသီများဖြင့်သာ ကျေနပ်ခဲ့ရသည်။ ၂၀၁၄ ခုနှစ်က အမှတ်ပေးဇယား၏ အဆင့်(၇)နေရာတွင် ရပ်တည်ခဲ့ပြီး မန်ယူအသင်းအတွက် ပရီမီယာလိဂ်သမိုင်းကြောင်းတစ်လျှောက် အဆိုးရွားဆုံးရလဒ်ဖြစ်ခဲ့ရသည်။

ပြီးခဲ့သည့် ရာသီကလည်း နည်းပြဗန်ဟားလ်လက်ထက်တွင် အမှတ်ပေးဇယား၏ အဆင့်(၄)နေရာတွင် ရပ်တည်ခဲ့သော်လည်း အကောင်းဆုံးအနေအထားသို့ မရောက်ရှိခဲ့ခြင်းကြောင့် ကွင်းလယ်ကစားသမား မာတာက အသင်းအား ပြန်လည်တည်ဆောက်စေလိုကြောင်း ပြောကြားခဲ့ပြီး ရွှန်းနီအား ဗဟိုတိုက်စစ်မှူးအဖြစ် ကစားစေမည်ဖြစ်ကြောင်း နည်းပြဗန်ဟားလ်က ၎င်း၏အစီအစဉ်ကို ပြောကြားခဲ့သည်။

**နိုင်လင်းကြည်**

### အားကစားလောကသတင်းတိုများ

- ➢ မန်ယူက ဂိုးသမားဒီဂီယာအတွက် ပြောင်းရွှေ့ကြေးပေါင်၂၈ သန်းအလိုရှိနေသလို ရီးယဲလ်မှနောက်ခံလူရာမို့စ်နှင့် ဂိုးသမားနာဗက်စ်တို့ထဲမှ တစ်ဦးကိုလည်းပြန်လည် ခေါ်ယူလိုနေသည်။
- ➢ ပီအက်စ်ဂျီအသင်းက မန်ယူတောင်ပံကစားသမား ဒီမာရီယာအား ပြောင်းရွှေ့ကြေးပေါင် ၄၅ သန်းဖြင့် ကမ်းလှမ်းခဲ့သော်လည်း မန်ယူဘက်မှ ပေါင် ၆၉ ဒသမ ၇ သန်း အလိုရှိနေသည်။
- ➢ ရိုးမားအသင်းက ပီတာဆက်ချ် ရောက်လာ၍ နေရာပျောက်ရန် အလားအလာများနေသည့် အာဆင်နယ် ဂိုးသမားဆက်ဇီနီအား အငှားဖြင့် ခေါ်ယူရန်ကြိုးပမ်းနေသည်။
- ➢ အာဆင်နယ်သည် ရီးယဲလ် တိုက်စစ်မှူး ဘင်ဇီမာအား ပေါင် ၃၁ သန်းဖြင့် ကမ်းလှမ်းခဲ့ရာ ရီးယဲလ်ဘက်မှ ပယ်ချခဲ့သည်။
- ➢ မန်စီးတီး၏ ပေါင် ၄၉ သန်းတန် တိုက်စစ်မှူးသစ် ရီဟာမ်စတာလင်သည် ဝင်ရောက်ကစားပြီး နှစ်မိနစ်အကြာမှာ ရိုးမားအသင်းဘက်သို့ မန်စီးတီးကစားသမားဘဝ အဖွင့်ဂိုးကို သွင်းယူနိုင်ခဲ့သည်။
- ➢ နာပိုလီအသင်းသည် စီးရီးအေပြိုင်ဘက် အူဒီးနီးစ်အသင်းမှ အသက်(၂၄)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား အလန်အား အပြီးသတ်ခေါ်ယူနိုင်ခဲ့သည်။
- ➢ ဖက်ဒဲရာက ၂၀၁၅ ဝင်ဘယ်လ်ဒန်အိုးပင်းဗိုလ်လုပွဲ၌ ဂျိုကိုဗစ်ချ်အား လေးပွဲပြတ်ဖြင့် အရေးနိမ့်ခဲ့သော်လည်း ၂၀၁၂ ဝင်ဘယ်လ်ဒန်အိုးပင်း ချန်ပီယံဆုမှာ ၎င်း၏နောက်ဆုံး ဂရင်းစလင်းချန်ပီယံဆု မဟုတ်ဘဲ အောင်မြင်မှုအတွက် အမြဲတမ်းဆာလောင်နေဆဲဖြစ်သည်ဟု ပြောကြားခဲ့သည်။

## ပရီမီယာလိဂ်ဖလားကို အာဆင်နယ်စိန်ခေါ်နိုင်စွမ်းရှိ



အာဆင်နယ်ဒုတိယအသင်းခေါင်းဆောင်မာတီဆက်ကာက အာဆင်နယ်အနေဖြင့် ယခုနှစ်ဘောလုံးရာသီတွင် ပရီမီယာလိဂ်ဖလားကို အမှန်စင်စစ် စိန်ခေါ်နိုင်စွမ်းရှိကြောင်း သက်သေပြသွားမည်ဟု ဆိုလိုက်သည်။

အာဆင်နယ်သည် ယခုနှစ်ရာသီကြိုခြေစမ်းပွဲအဖြစ် ဘာကလေအာရှဖလားပွဲတွင် ပရီမီယာလိဂ်ပြိုင်ဘက်အသင်း အဲဗာတန်အား သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ယူ၍ ချန်ပီယံဆုရယူကာ ရာသီကြိုအဖွင့်လှခဲ့သည်။ထိုပွဲစဉ်၌ချယ်လ်ဆီးမှ ခေါ်ယူထားသော ဂိုးသမား ပီတာဆက်ချ်သည် အသင်းသစ်နှင့်လျင်လျင်မြန်မြန်အသားကျခဲ့ပြီး အဲဗာတန်တိုက်စစ်မှူးများ၏အပိုင်အခွင့်အရေးတချို့ကို ကာကွယ်ပေးခဲ့သည်။

အာဆင်နယ်သည် ပြီးခဲ့သည့်ရာသီကပင် ပရီမီယာလိဂ်ဖလားကို စိန်ခေါ်နိုင်ရန်လုံလောက်သည့်လူအင်အားရှိခဲ့သော်လည်း ရာသီအစအထနှေးမှုများကြောင့် ချန်ပီယံဆုနှင့်လွဲချော်ခဲ့ခြင်းဖြစ်သည်ဟု မာတီဆက်ကာက သုံးသပ်ခဲ့သည်။ အာဆင်နယ်သည် ပြီးခဲ့သည့်နှစ်ဘောလုံးရာသီက အဖွင့်ရှစ်ပွဲတွင် နှစ်ပွဲသာ အနိုင်ရရှိခဲ့သောကြောင့် ရာသီသိမ်းချိန်၌ ချယ်လ်ဆီးနှင့် (၁၂)မှတ်အကွာ တတိယနေရာဖြင့်သာ ရာသီသိမ်းနိုင်ခဲ့သည်။

မာတီဆက်ကာက" ကျွန်တော်တို့အနေနဲ့ ပရီမီယာလိဂ်ချန်ပီယံဆုကို အမှန်တကယ်စိန်ခေါ်နိုင်စွမ်းရှိတယ်ဆိုတာပြသနိုင်ဖို့ အကောင်းဆုံးလုပ်ဆောင်မှုတွေ ဖန်တီးပေးဖို့လိုအပ်နေပါပြီ။ မနှစ်က ဒုတိယအကျော့မှာပြသခဲ့တဲ့ခြေစွမ်းမျိုးသာ ရာသီအစမှာပြနိုင်ခဲ့မယ်ဆိုရင် အာဆင်နယ်ပဲ ချန်ပီယံဖြစ်မှာပါ။ ဒီနှစ်တော့ မနှစ်က ရရှိခဲ့တဲ့အတွေ့အကြုံကနေ သင်ခန်းစာယူပြီး အာဆင်နယ်အနေနဲ့ပရီမီယာလိဂ်ချန်ပီယံဆုကို အမှန်တကယ်စိန်ခေါ်နိုင်စွမ်းရှိတယ်ဆိုတာ သက်သေပြသွားမှာပါ" ဟု ဆိုခဲ့သည်။

အာဆင်နယ်အသင်းသည် ဩဂုတ် ၂ ရက်တွင် ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးနှင့် ရာသီအဖွင့် ကွန်မြူနတီဖလားယှဉ်ပြိုင်ရ မည်ဖြစ်သည်။ အာဆင်နယ်သည် ဒေါ့မွန်အသင်းမှ အော်ဘာမီယန်၊ ရီးယဲလ်တိုက်စစ်မှူး ဘင်ဇီမာတို့အား ခေါ်ယူရန်ချိတ်ဆက်မှုများပြုလုပ် နေပြီး ကွင်းလယ် ကစားသမား ဖလာမီနီအား ဂါလာတာစာရေးအသင်းသို့ ပြန်လည်ရောင်းချရန်စီစဉ်နေသည်။

**မေလွဲ့သင်း**

## မန်ယူသို့ ပြောင်းရွှေ့ရန်အလားအလာများနေသည့်သောမတ်စ်မူလာ

ဘိုင်ယန်အသင်းခေါင်းဆောင် ဖိလစ်လမ်းက ဘိုင်ယန်တိုက်စစ်မှူးသောမတ်စ်မူလာအနေဖြင့် မန်ယူသို့ပြောင်းရွှေ့ရန်အလားအလာများနေသည်ဟု ပြောကြားခဲ့သည်။မန်ယူသည် ဘိုင်ယန်ကွင်းလယ်ကစားသမားရှဝိန်းစတိုင်ဂါအား ခေါ်ယူနိုင်ပြီးသည့်နောက် တိုက်စစ်နေရာကို ထပ်မံအားဖြည့်ရန် မူလာအား ခေါ်ယူရန်ကြိုးပမ်းနေသည်။

ဖိလစ်လမ်းက ရှန်ဟိုင်းသို့ရောက်ရှိနေစဉ် သတင်းထောက်များသို့ ပြောကြားခဲ့ရာတွင် ဘောလုံးလောကတွင် မထင်မှတ်ထားသည်များ လျင်လျင်မြန်မြန်ဖြစ်ပျက်နေသဖြင့် မည်သည့်အရာကိုမျှ တပ်အပ်မပြောနိုင်ကြောင်း၊ အပြောင်းအရွှေ့ကိစ္စရပ်များမှာ ၎င်း၏ဆုံးဖြတ်ချက်မဟုတ်သဖြင့် ဘာမဆို ဖြစ်လာနိုင်ကြောင်း၊ ထို့ကြောင့် မူလာအနေဖြင့် ဘိုင်ယန်တွင် ဆက်ရှိနေရန်အတွက် အာမခံချက်တစ်စုံတစ်ရာ မပေးနိုင်ကြောင်းဆိုသည်။

မန်ယူနည်းပြဗန်ဟားလ်ကလည်း မန်ယူ၏တိုက်စစ်အင်အားကို ဖြည့်တင်းရန်အဆုံးသတ်ကောင်းမွန်သော တိုက်စစ်မှူးနှစ်ဦး ထပ်မံခေါ်ယူသွားမည်ဟုပြောဆိုထားပြီး မူလာမှာ ၎င်းအလိုအရှိဆုံး တိုက်စစ်မှူးစာရင်းတွင်ပါဝင်နေသည်။ မန်ယူသည် အပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ပြီး ရက်အနည်းငယ်အတွင်းမှာပင် မူလာအား ပေါင် ၄၅သန်းဖြင့် ကမ်းလှမ်းခဲ့သော်လည်း ဘိုင်ယန်က ပေါင်သန်း ၆၀ အထက်ရရှိမှသာ ရောင်းချနိုင်မည်ဟု ချက်ချင်းပင် တုံ့ပြန်ခဲ့သည်။



သို့သော် မန်ယူအသင်းတိုက်စစ်တွင် ဟာနန်ဒက်ဇ်ဒဏ်ရာရရှိနေသလို ဗန်ပါစီအား ဖီနာဘာချီသို့ ထွက်ခွာခွင့်ပေးပြီးဖြစ်သောကြောင့် တိုက်စစ်သမားစစ်စစ်ဆို၍ ရွှန်းနီနှင့် ဝီလ်ဆင်နှစ်ဦးသာရှိရာအပြောင်းအရွှေ့ဈေးကွက်မပိတ်သိမ်းမီ အနည်းဆုံး တိုက်စစ်မှူးတစ်ဦးကို မဖြစ်မနေခေါ်ယူရန် လိုအပ်နေသည်။

**မေလွဲ့သင်း**

# အခွန်ထမ်းတာဝန်ကျေပွန်ကြပါစို့

**à** မောင်သော်ဇ(အုပ်ချုပ်ရေး)

၂၀၁၁ခုနှစ် နှစ်ဆန်းပိုင်းမှစတင်ကာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ကမ္ဘာ့အလယ်တွင် သမိုင်းစာမျက်နှာသစ်ကို ဖွင့်လှစ်လိုက်သည်ဟု ဆိုချင်ပါသည်။ ၂၀၁၁ခုနှစ် နှစ်ဆန်းပိုင်းမှ စတင်ကာ လွှတ်တော်အရပ်ရပ် ပေါ်ပေါက်ခဲ့သလို ၂၀၁၁ ခုနှစ် ဧပြီလ တစ်ရက်နေ့မှစတင်၍ နိုင်ငံတော်သမ္မတဦးသိန်းစိန်ဦးဆောင်သော အစိုးရသစ်တစ်ရပ် ပေါ်ပေါက်လာခဲ့ပေသည်။ ယင်းသို့ဖြစ်တည်မှုများနှင့်အတူ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များသည်လည်း အရှိန်အဟုန်ဖြင့်ပေါ်ထွန်းလာခဲ့သည်ကို တွေ့ရသည်။ လွှတ်တော်တွင်း အချေအတင်ဆွေးနွေးမှုများ၊ အစိုးရနှင့်လွှတ်တော်တို့အကြား အဘောထားကွဲပြားမှုများမှာထင်ရှားသော အပြောင်းအလဲများပင်ဖြစ်သည်။ မည်သို့ပင် မတူကွဲပြားသော အမြင်များရှိနေကြသော်လည်း နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးရေးဟူသော ရည်မှန်းချက်မှာ အတူတူပင်ဖြစ်သည်။

ယနေ့အချိန်အခါသည် နိုင်ငံတော်ကြီးအား အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ်သို့ ပြုပြင်ပြောင်းလဲတည်ဆောက်နေသော အချိန်အခါပင်ဖြစ်သည်။ ယင်းသို့ တည်ဆောက်ရာတွင် အစိုးရတစ်ဖွဲ့တည်း တည်ဆောက်၍မရပေ။ နိုင်ငံသားအားလုံး ဝိုင်းဝန်းကူညီကြမှသာလျှင် အောင်မြင်မည်ဖြစ်သည်။ ထို့ကြောင့်လည်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၈)တွင် "နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးများနှင့် တာဝန်များ"ကို အသေးစိတ်အတိအလင်း ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ နိုင်ငံသားတစ်ဦးချင်းအနေဖြင့် နိုင်ငံသားတစ်ဦးချင်း၏ ရပိုင်ခွင့်များကို ရယူခံစားပိုင်ခွင့်ရှိသလို နိုင်ငံသားတစ်ဦးချင်း၏ထမ်းဆောင်ရမည့် တာဝန်များကိုလည်း သတ်မှတ်ထားပြီးဖြစ်ပါသည်။

ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော နိုင်ငံတစ်နိုင်ငံ၏ အသက်မှာ စည်းကမ်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုလျှင်သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေများကို လေးစားလိုက်နာခြင်းပင်ဖြစ်သည်။ ဒီမိုကရေစီနိုင်ငံတစ်ခုတွင်အသုံးပြုသော ဥပဒေသည် လူအများက ရွေးကောက်တင်မြှောက်လိုက်သော ဥပဒေပြုအဖွဲ့ဝင်များက ပြဋ္ဌာန်းလိုက်သော ဥပဒေဖြစ်သဖြင့် ၎င်းဥပဒေကို လူအများက ကောင်းစွာလိုက်နာကျင့်သုံးကြရမည်ဖြစ်သည်။ မိမိတို့တင်မြှောက်လိုက်သော ကိုယ်စားလှယ်များကပြဋ္ဌာန်းသည့် ဥပဒေကိုမိမိတို့မှ မရိုသေလျှင် မိမိတို့ပြဋ္ဌာန်းသောဥပဒေကို မရိုသေရာကျပေသည်။ ထို့ကြောင့် ဥပဒေကို လူတိုင်းရိုသေကြရန်၊ စည်းကမ်းကို လိုက်နာကြရန် လိုပေသည်။ စာရေးသူအနေဖြင့်ယခုကဲ့သို့ နိဒါန်းချည်နေရသည်မှာ အကြောင်းရှိပါသည်။ ဥပဒေများ၊ စည်းကမ်းများမည်သို့ပင် ရေးဆွဲချမှတ်ထားသော်လည်း လက်တစ်လုံးခြားလှည့်ပတ်ချိုးဖောက်နေကြသူများအား တွေ့မြင်နေရသောကြောင့်ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံအား ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရာတွင်နိုင်ငံတော်အစိုးရ၊ ဌာနဆိုင်ရာများနှင့် ပြည်သူလူထုအားလုံး၌ တာဝန်ရှိပါသည်။ ယင်းသို့ ကဏ္ဍအသီးသီးတွင် တာဝန်ရှိသည့်အနက် နိုင်ငံတော်မှ ကောက်ခံသော အခွန်အခများမှာလည်း အရေးကြီးသော ကဏ္ဍမှ ပါဝင်နေသည်ကို တွေ့ရှိရပါသည်။ ရသင့် ရထိုက်သော အခွန်အခများကိုပြည့်ဝစွာ ကောက်ခံရရှိပါမှ ပြည်သူလူထုများအတွက် လိုအပ်သောပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ လူမှုရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးစသော လုပ်ငန်းကိစ္စအဝဝကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

အခွန်သမိုင်း၏စတင်ပေါ်ပေါက်လာခဲ့ရပုံမှာ ရှေးအခါက ကမ္ဘာကြီးတွင် ကျေးရွာဆန်ဆန် လူများအုပ်စုလိုက်စုဖွဲ့၍ နေကြချိန်တွင် အုပ်ချုပ်သူလူတန်းစားမပေါ်ပေါက်သေးဘဲ အဆိုပါ လူအုပ်စုများအတွင်းတွင် သူတို့သည် မိမိတို့ စိုက်ပျိုး၊ မွေးမြူ ထုတ်လုပ်၍ရသော ပစ္စည်းများအား နေထိုင်ရာအိမ်စုများအလယ်ရှိ မြေကွက်လပ် (Market Place) ကဲ့သို့ နေရာမျိုးတွင်ဆုံကြ၍ ပစ္စည်းများဖလှယ်ကြရသည့်အချိန်မျိုးဖြစ်ပါသည်။ အဆိုပါနေရာများသို့ တစ်အုပ်စုနှင့်တစ်အုပ်စု လူများသည် ပစ္စည်းများသယ်လာကြ၍ ဖလှယ်ခဲ့ကြပါသည်။ ထိုသို့ တစ်အုပ်စုနှင့် တစ်အုပ်စု ကူးသန်းသွားလာကြရာတွင် လူဆိုး၊ ဓားပြများမှ လုယက်မှုကိုခံကြရခြင်း၊ စုပေါင်းနေထိုင်သည့် အုပ်စုလိုက်အိမ်များတွင်လည်း ညအချိန်လုယက်ခံရခြင်းတို့ကြောင့် လူအများစုမှ စုပေါင်းစည်းဝေးတိုင်ပင်ကြပြီး ၎င်းလူဆိုး၊ ဓားပြများ၏ အန္တရာယ်ကို ကာကွယ်ရန် နည်းလမ်းရှာခဲ့ကြပါသည်။ ထိုအခါ အုပ်စုအတွင်းတွင် တည်ကြည်၍ သမာဓိရှိပြီး ယုံကြည်ရမည့်သူတစ်ဦးအား ရွေးချယ်ကာ ၎င်းအား အုပ်စုနေလူထု၏အန္တရာယ်ကို ကာကွယ်ရေးတွင် ဦးဆောင်ပေးပါရန် တာဝန်ပေးကြပါသည်။ အဆိုပါ ခေါင်းဆောင်မှ အုပ်စုလူထုအားကာကွယ်ရန် လူများရွေးချယ်ဖွဲ့စည်း၍ တုတ်၊ ဓား၊ လက်နက်များ တပ်ဆင်ပြီး ကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းကာ လူဆိုး၊ ဓားပြများအား တွန်းလှန်ကာကွယ်စေခဲ့ကြကြောင်း သိရှိရပါသည်။ ထိုခေါင်းဆောင်အား လူထုမှနှစ်စဉ်၎င်းတို့ စိုက်ပျိုး၊ မွေးမြူ ထုတ်လုပ်၍ရသည့် ပစ္စည်းများထဲမှ ဆယ်ဖို့ တစ်ဖို့၊ ဆယ်ပွင့်တစ်ပွင့်၊ ဆယ်ခိုင်တစ်ခိုင်၊ ဆယ်လုံးတစ်လုံး၊ ပေးအပ်ကြရန်သဘောတူဆုံးဖြတ်ခဲ့ရာမှ ဦးစီးဦးဆောင်ပြု၍ အန္တရာယ်ကာကွယ်ပေးသူသို့ အဆိုပါ ဆယ်ဖို့တစ်ဖို့ ပေးအပ်ခြင်းမှသည် အခွန်ပေးဆောင်သည့် စနစ်စတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ ထိုအချိန်မှစ၍ တစ်စထက်တစ်စတိုးတက်လာပြီး နိုင်ငံ၊ တိုင်းပြည်၊ အစိုးရမင်းများ၊ သမ္မတများနှင့် ပြည်သူလူထုအကြား အခွန်စနစ်သည် တဖြေးဖြေးပိုမိုထွန်းကားကျယ်ပြန့်လာခြင်းဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည်လည်း အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် အခွန်စနစ်ကို မလွဲမသွေကျင့်သုံးရပါသည်။ ယင်းသို့ အခွန်ကောက်ခံရာတွင် နိုင်ငံတော်မှ ကောက်ခံသောအခွန် (၁၄)မျိုးခန့်ရှိပြီး ဌာန (၇)ခုမှ တာဝန်ယူကောက်ခံလျက်ရှိသည်ကို တွေ့ရပါသည်။ ယင်းသို့ ကောက်ခံလျက်ရှိသော အခွန် (၁၄)မျိုးခန့်တွင် ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံလျက်ရှိသော အခွန် (၄) မျိုးရှိရာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဝင်ငွေခွန်
(၂) ကုန်သွယ်လုပ်ငန်းခွန်
(၃) အောင်ဘာလေသိန်းဆုခွန်
(၄) တံဆိပ်ခေါင်းခွန် တို့ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၈၉)တွင် "နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်"ဟု ပြဋ္ဌာန်းထားရာ အခွန်ဆိုသည်မှာ နိုင်ငံသားတိုင်းထမ်းဆောင်ရမည့် တာဝန်ဖြစ်ပါသည်။ ယင်းသို့ အခွန်ထမ်းဆောင်ရာတွင် ပြည်သူလူထုအများစုမှာ ဝင်ငွေများပြားစွာရရှိကြသည့် လုပ်ငန်းရှင်ကြီးများ မဟုတ်ကြသဖြင့် ဝင်ငွေခွန်အား ထမ်းဆောင်ရခြင်းမရှိကြပါ။ သို့သော်လည်း ပြည်သူလူထုအများစုမှာ မိမိတို့ထမ်းဆောင်နေကြရမှန်းပင် မသိကြသော (Commercial Tax) ခေါ် ကုန်သွယ်လုပ်ငန်းခွန် ထမ်းဆောင်နေကြရသည့် အခွန်ထမ်းများ ဖြစ်ကြပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ကုန်သွယ်လုပ်ငန်းခွန်ဆိုသည်မှာ ဝယ်ယူစားသုံးသူတို့မှ တိုက်ရိုက်ပေးဆောင်ရခြင်းမရှိသည့် ကုန်စည်ထုတ်လုပ်ရောင်းချသူ၊ ကုန်စည်ရောင်းချသူ၊ ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင် သူများမှတစ်ဆင့် ကောက်ခံသည့် သွယ်ဝိုက်ခွန် အမျိုးအစားဖြစ်ပါသည်။ အဆိုပါ ကုန်သွယ်လုပ်ငန်းခွန်တွင် အခွန်ကင်းလွတ်ခွင့်ပြုထားသော ကုန်စည်အမျိုးအစားများကိုလည်းကောင်း၊ ငါးရာခိုင်နှုန်းအခွန်ပေး ဆောင်ရသော ကုန်စည်အမျိုးအစားများကိုလည်းကောင်း ပြဋ္ဌာန်းထားရာ အကျယ်ချဲ့ပြီး မရှင်းလိုပါ။

၎င်းနေရာတွင် တင်ပြလိုသည်မှာ စားသုံးသူများက ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်နေကြရသော်လည်း နိုင်ငံတော်မှ ရရှိခြင်းမရှိသည့် တချို့သော စီးပွားရေးလုပ်ငန်းရှင်များ၏ လုပ်ရပ်အကြောင်းဖြစ်ပါသည်။ စာရေးသူ၏ မိတ်ဆွေတစ်ဦးမှာ အပေါင်းအသင်းများနှင့် မန္တလေးမြို့ရှိ နာမည်ကြီးစားသောက်ဆိုင် တစ်ဆိုင်၌ သွားရောက်စားသောက်ခဲ့ကြပါသည်။ စားသောက်အပြီးတွင် ကျသင့်ငွေရှင်းရန် ပြေစာတောင်းရာ ပြေစာတွင် ကုန်ကျငွေစုစုပေါင်း၏ ငါးရာခိုင်နှုန်းအား ကုန်သွယ်လုပ်ငန်းခွန်အဖြစ် ထည့်ပေါင်းတွက်ချက်ထားသည်ကို တွေ့ရှိရပါသည်။ သို့ရာတွင် ကောက်ခံသော ကုန်သွယ်လုပ်ငန်းခွန်အတွက် အခွန်တံဆိပ်ခေါင်းများအား ကပ်ထားခြင်းမရှိပါ။ စာရေးသူ၏ မိတ်ဆွေမှ မည်သည့်အတွက် တံဆိပ်ခေါင်း မကပ်သလဲဟုမေးမြန်းရာ ဆိုင်မှ တံဆိပ်ခေါင်းကုန်နေကြောင်း ဖြေရှင်းပါသည်။ စာရေးသူ၏ မိတ်ဆွေလည်း တံဆိပ်ခေါင်းမကပ်ထားလျှင် ၎င်းအခွန်ငွေအား မပေးနိုင်ကြောင်း၊ တံဆိပ်ခေါင်းကုန်နေလျှင် ၎င်းအခွန်ငွေအား ထည့်သွင်းမတွက်သင့် ကြောင်းပြောပြီး ကျသင့်ငွေအား ရှင်းပေးခဲ့ပါသည်။ အကယ်၍ အဆိုပါ ကုန်သွယ်လုပ်ငန်းခွန်အား ထည့်သွင်းပေးချေခဲ့လျှင်လည်း နိုင်ငံတော်မှ ရရှိမည်မဟုတ်ပါ။ အဆိုပါ ဆိုင်ပိုင်ရှင်သာ ရရှိသွားမည်ဖြစ်ပါသည်။

စာရေးသူ၏ နောက်ထပ်မိတ်ဆွေတစ်ဦး ကြုံရသည်မှာ တစ်မျိုးဖြစ်ပါသည်။ စားသောက်ဆိုင်တွင် ငွေရှင်းရန် ပြေစာတောင်းသောအခါ ပြေစာတွင် ကုန်သွယ်လုပ်ငန်းခွန်အား တစ်ပါတည်းတွက်ချက်၍ ထည့်သွင်းတောင်းခံပါသည်။ တွက်ချက်သည့်အတိုင်း တံဆိပ်ခေါင်းများလည်း ကပ်ထားပါသည်။ သို့ရာတွင် ပြေစာအား သေချာစွာ စိစစ်ကြည့်သောအခါ တံဆိပ်ခေါင်းများမှာ အခြားသော ပြေစာတစ်စောင်မှ ခွာယူ၍ ပြန်ကပ်ထား ခြင်းဖြစ်နေပါသည်။ ဆိုင်ရှင်အနေဖြင့် အခြားတစ်ဆိုင်ဆိုင်တွင် သုံးထားသော ပြေစာမှ တံဆိပ်ခေါင်းများ ပြန်ခွာပြီးသုံးထားခြင်းဖြစ်နိုင်သလို ငွေရှင်းပြီး ပြေစာယူသွားခြင်းမရှိသောစားသုံးသူတစ်ဦးဦး၏ ပြေစာမှ တံဆိပ်ခေါင်းများကိုခွာ၍ ပြန်လည်အသုံးပြုထားခြင်းလည်းဖြစ်နိုင်ပါသည်။ မည်သို့ပင်ဆိုစေ အထက်ဖော်ပြပါ ဖြစ်ရပ်နှစ်ခုလုံးတွင် နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်ငွေများဆုံးရှုံးရသည်သာ ဖြစ်ပါသည်။

ယခုတင်ပြခဲ့သည်မှာ စာရေးသူတွေ့ရှိသမျှလေးပေါ်တွင် အခြေခံ၍ တင်ပြရခြင်းဖြစ်ပါသည်။ အခြားသော အလားတူကိစ္စရပ်များလည်း ရှိနိုင်ပါသေးသည်။ သို့ဖြစ်ပါ၍ စာဖတ်သူတို့အနေဖြင့် အလားတူ ကိစ္စရပ်မျိုးကြုံတွေ့ရပါက ပြေစာများအား သေချာစွာစိစစ်စေလိုပါသည်။ အချို့သောဆိုင်များက ကုန်သွယ်လုပ်ငန်းခွန် (Commercial Tax) ဟု ဖော်ပြနိုင်သလို အချို့သော ဆိုင်များက (Government Tax) ဟု ဖော်ပြနိုင်ပါသည်။ မည်သို့မျှဖော်ပြခြင်းမရှိဘဲ ကျသင့်သည့်တန်ဖိုးအား အခွန်တံဆိပ်ခေါင်းကပ်၍လည်း ကောက်ခံနိုင်ပါသည်။ စိစစ်ပြီးမှန်ကန်၍ ငွေပေးချေမည်ဆိုပါက သင်နိုင်ငံသားတစ်ဦး၏ တာဝန်ကျေပွန်ပြီဖြစ်ပါသည်။ ငွေပေးချေပြီးသော ပြေစာအားလည်း တစ်ပါတည်းယူခဲ့ရန်လိုပါသည်။

ယခုကဲ့သို့ ကိစ္စရပ်များဖြစ်ပေါ်နေရသည်မှာ မပြောပလောက်သော ငွေကြေးလေးအပေါ်တွင် လုပ်ငန်းရှင်အချို့မှ မတော်လောဘကြောင့်ဖြစ်ပြီး စားသုံးသူအချို့ကလည်း သေချာစွာစိစစ်မှု မရှိခြင်း၊ ငွေပေးပြေစာအား မယူခဲ့ခြင်းတို့ကြောင့်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ငွေပေးပြေစာအား သေချာစွာစိစစ်ပြီး မိမိနှင့် တစ်ပါတည်းယူခဲ့ခြင်း အားဖြင့် အခွန်ထမ်းတာဝန် ကျေပွန်ကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

**ရသင့်ရထိုက်သော အခွန်အခများကို ပြည့်ဝစွာကောက်ခံရရှိပါမှ ပြည်သူလူထုများအတွက်လိုအပ်သော ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ လူမှုရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး စသောလုပ်ငန်းကိစ္စအဝဝကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည် . . .**

# မိတ္ထီလာမြို့၌ အဓိကမြို့တွင်းလမ်းမကြီး ငါးသွယ်အား နှစ်လမ်းသွားမှ လေးလမ်းသွားအဖြစ်တိုးချဲ့

**မိတ္ထီလာ ဇူလိုင် ၂၂**

မိတ္ထီလာမြို့သည် လူဦးရေထူထပ်ပြီး ကားလမ်းဆုံရာမြို့ဖြစ်သည်နှင့်အညီ ယာဉ်သွားလာမှုများ နေ့စဉ်ရှုပ်ထွေးလျက်ရှိပြီး မြို့တွင်းလမ်းများကျဉ်းမြောင်းသည့်အတွက် ယာဉ်အန္တရာယ်များ မဖြစ်ပွားအောင် မြို့တွင်းလမ်းများကို နှစ်လမ်းသွားမှ လေးလမ်းသွားအထိ ဆောင်ရွက်နိုင်ရန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များက တာဝန်ရှိသူများကို အဆင့်ဆင့်တင်ပြကြရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် နှစ်လမ်းသွားမှ လေးလမ်းသွားအဖြစ် ဆောင်ရွက်ပေးလျက်ရှိသည်။

မိတ္ထီလာမြို့သည်ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ကျောက်ပန်းတောင်း၊ မြင်းခြံမြို့နယ်များနှင့် ဆက်သွယ်သွားလာသည့် လမ်းမကြီးငါးသွယ်ရှိရာ အဆိုပါလမ်းများကျဉ်းမြောင်းသည့်အတွက် နေ့စဉ်သွားလာနေသည့် ကားများ၊ဆိုင်ကယ်များဖြင့် ရှုပ်ထွေးလျက်ရှိသည်။ ၎င်းလမ်းများ ယာဉ်ကြောရှုပ်ထွေးမှုမရှိစေရန် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်တွင် ယုဇန၊ တော်သာဝင်း၊ ထွန်းညိုလူ၊ မြတ်နိုးသူကုမ္ပဏီများမှ တာဝန်ယူပြီး အာရှလမ်းမကြီး အမှတ် (၁)နှင့် (၂)ပေါ်တွင်တည်ရှိသည့် ရန်ကုန်လမ်း၊ မန္တလေးလမ်း၊ တောင်ကြီးလမ်း၊ ကျောက်ပန်းတောင်းသွားလမ်းများကို မူလရှိသည့် ၂၄ ပေ အကျယ်မှ စည်ပင်သာယာနယ်နိမိတ်အထိ နှစ်လမ်းသွားအဖြစ်မှ လေးလမ်းသွားအဖြစ် ၄၈ ပေနှင့် လမ်းပခုံးတစ်ဖက် ၅ ပေ၊ စုစုပေါင်း ၅၈ ပေနှင့် မြင်းခြံလမ်းကို ၃၈ပေ၊ လမ်းပခုံးတစ်ဘက် ၅ ပေအပါအဝင် စုစုပေါင်း ၄၈ ပေတို့ကို တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလမ်းများ တိုးချဲ့ဖောက်လုပ်ပြီးစီးပါက ကားများ၊ ဆိုင်ကယ်များနှင့် သွားလာလျက်ရှိသည့် ကုန်သည်များ၊ ကျောင်းသား ကျောင်းသူများ၊ ဈေးသည်များနှင့် မြို့နေလူထုများ သွားလာရာတွင် အဆင်ပြေချောမွေ့ပြီး ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်း မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်လင်းက ပြောကြားခဲ့သည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

■



# မိတ္ထီလာ–ကျောက်ပန်းတောင်းကားလမ်းမပေါ် မြောင်းရေလျှံတက်



**မိတ္ထီလာ ဇူလိုင် ၂၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် အောင်ဆန်းရပ်ကွက်နယ်မြေ မိတ္ထီလာတက္ကသိုလ်အနီးရှိ မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းမပေါ် မြောင်းရေလျှံတက်မှု အခြေအနေအား ဇူလိုင် ၂၁ ရက် နံနက် ၈ နာရီခွဲက တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းနှင့်အဖွဲ့ လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြောင်းရေလျှံတက်မှုဖြစ်ပေါ်သည့် မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းမနှင့် ယခင်မြောင်းရေများစီးဝင်သည့် မိတ္ထီလာတက္ကသိုလ်ကန်နှစ်ခု၏ အခြေအနေများကို တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးမျိုးလှိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူးကြီး ဦးအောင်နိုင်ဦး၊ တက္ကသိုလ်ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်ဖြူဖြူအေးနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး ရေစီးရေလာကောင်းမွန်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် တိုင်းဒေသကြီးဝန်ကြီးက မှာကြားခဲ့သည်။ အောင်ဆန်းရပ်ကွက်နယ်မြေ လူနေအိမ်များမှ စွန့်ပစ်သည့် ရေဆိုးများတွင် မိလ္လာရေများမပါဝင်စေရေးနှင့် တက္ကသိုလ်သာယာလှပမှု မထိခိုက်ပါက တာဝန်ရှိသူများနှင့် အားလုံးပူးပေါင်းပါဝင်ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်ဖြူဖြူအေးက ပြောသည်။

"မိတ္ထီလာတက္ကသိုလ်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာမှုကို မထိခိုက်ရင် ကျွန်မတို့အနေနဲ့ အားလုံးပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အခု အသစ်ပြုလုပ်မယ့် မြောင်းအတွင်းကို ရပ်ကွက်ထဲက မိလ္လာရေတွေ မစွန့်ထုတ်ဖို့လည်း တာဝန်ရှိသူတွေ အနေနဲ့ ဆောင်ရွက်ပေးဖို့လိုအပ်ပါတယ် "ဟု ၎င်းက ဆက်လက်ပြောသည်။

အောင်ဆန်းရပ်ကွက်နယ်မြေ လူနေအိမ်များနှင့် ဘော်ဒါဆောင်များမှစွန့်ပစ်သည့် ရေဆိုးများတွင် မိလ္လာရေများမပါဝင်စေရေးအတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးတစ်ယောက်အနေနဲ့ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အောင်ဆန်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းရှိန်က ပြောသည်။

"ကျွန်တော်ရပ်ကွက်နယ်မြေထဲက လူနေအိမ်တွေ၊ ဘော်ဒါဆောင်တွေကနေ စွန့်ပစ်တဲ့ရေမှာ မိလ္လာရေတွေ မပါဝင်၊ မစွန့်ပစ်အောင် ကျွန်တော်တာဝန်ယူပါတယ်။ ရပ်ကွက်ထဲက လူနေအိမ်တွေအနေနဲ့ မိလ္လာရေတွေ မြောင်းထဲကို မစွန့်ပစ်ဖို့ ကြီးကြပ်ဆောင်ရွက်သွားပါမယ်။ လိုအပ်ရင် ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်သွားပါမယ်" ဟု အုပ်ချုပ်ရေးမှူး ဦးဝင်းရှိန်က ပြောသည်။

ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ခရီးသွားပြည်သူများ လမ်းခရီး အဆင်ပြေချောမွေ့စေရေးအတွက် အားလုံးညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံက ပြောသည်။ "ဒေသခံပြည်သူတွေ၊ ကျောင်းသား၊ ကျောင်းသူတွေနဲ့ ခရီးသွားပြည်သူတွေ လမ်းခရီး အဆင်ပြေချောမွေ့စေဖို့ တက္ကသိုလ်က တာဝန်ရှိသူတွေရော၊ ဌာနဆိုင်ရာတာဝန်ရှိသူတွေရော အားလုံးညှိနှိုင်းပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ညှိနှိုင်းဆောင်ရွက်ကြရင် ဒီမြောင်းရေလျှံတက်တဲ့ကိစ္စက အဆင်ပြေသွားမှာဖြစ်ပါတယ်" ဟု ခရိုင်အုပ်ချုပ်ရေးမှူးက ပြောသည်။

တိုင်းဒေသကြီးဝန်ကြီး၏ လမ်းညွှန်မှာကြားချက်၊ တာဝန်ရှိသူများ၏ ပေါင်းစပ်ညှိနှိုင်းမှုဖြင့် မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းမပေါ် မှတစ်ဆင့် မိုးရေလျှံတက်ချိန်တွင် ဝင်ရောက်သည့် မြောင်းရေများနှင့် အောင်ဆန်းရပ်ကွက်နယ်မြေ လူနေအိမ်များမှ စွန့်ပစ်ရေများကို မိတ္ထီလာတက္ကသိုလ်အတွင်း ရေကန်နှစ်ခုအနီးမှ အလျား ၁၅၀၀ ပေခန့် ၅ ပေ အကျယ်၊ ၅ ပေအနက် အုတ်ရေမြောင်းမှတစ်ဆင့် စီးဝင်စေပြီး ပေါက်ချောင်းရပ်ကွက် ရေဆိုးစွန့်ပေဒါကန်အတွင်းသို့ ယခင်အတိုင်း စွန့်ထုတ်မည်ဖြစ်သည်။

လတ်တလောအချိန်တွင် မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းမပေါ် တွင် ဇူလိုင် ၂၁ ရက် နံနက် ၈ နာရီအချိန်ထိ လျှံတက်နေသည့် မြောင်းရေများကို မိတ္ထီလာတက္ကသိုလ်ရေကန်အတွင်း စီးဝင်စေရန် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

ဖတ်စရာ

## ပလတ်စတစ်ခြင်းများအား ဘဝတစ်ခုရပ်တည်ရေးအတွက် လုပ်ကိုင်

**à တိမ်တမန်**

မန္တလေးမြို့နှင့် အနီးရှိကျေးရွာရှိ အိမ်ရှင်မများမှာ ပလတ်စတစ်ခြင်းထိုး လက်မှုပညာဖြင့် ကိုယ့်အိမ်တွင်ပင် အလုပ်အကိုင်အခွင့်အလမ်းတို့ကို ရရှိနေကြပြီး ဘဝတစ်ခုရပ်တည်ရေးအတွက် အလုပ်အကိုင်တစ်ခုကိုယ်စီ လုပ်နေရသည်။

အလုပ်အကိုင်အခွင့်အလမ်းများစွာသည် မိမိရွာ-မိမိမြို့-မိမိအိမ်အနီးတွင်ရှိနေသည်။ အိမ်ရှင်မများအတွက်မူ အိမ်မှုကိစ္စလည်းပြုလုပ်ရင်း ဝင်ငွေရစေသော အိမ်တွင်းမှုလက်မှုပညာဖြင့် အလုပ်အကိုင်အခွင့်အလမ်း ဖော်ဆောင်နိုင်သည်။ အိမ်ရှင်မများကို ကိုယ့်အိမ်တွင်ပင် ခြင်းထိုးပြီး ဝင်ငွေရရှိစေရန် အလုပ်အပ်နှံသည့် ပလတ်စတစ်ခြင်းထုတ်လုပ်ရောင်းဝယ်သူများစွာရှိသည်။ ခြင်းရက်သူများကို ကုန်ကြမ်းပစ္စည်းပေးပြီး လက်ခစားဖြင့် ခြင်းထိုးစေကာ အကျိုးတူဆောင်ရွက်ကြသည်။

ပလတ်စတစ်ခြင်းထိုးရန်အတွက် ပထမဦးစွာ ခြင်းအရွယ်အစားအလိုက် ပြုလုပ်ပေးထားသည့် သစ်သားရိုက်ကြရသည်။ ဒုတိယအဆင့်အနေဖြင့် ပတ်ပင်ပတ်ပေးကြရသည်။ ပတ်ပင်ပတ်ပြီးသည်နှင့် လှပခိုင်ခံ့သော ခြင်းတစ်လုံးဖြစ်ရေးအတွက် ခြင်းရက်လုပ်ကြရသည်။ နောက်ဆုံးအဆင့်တွင် နှုတ်ခမ်းသိမ်း၊ ကိုင်းတပ်ကာ ဈေးကွက်ဝင်သည့် လှပသောပလတ်စတစ်ခြင်းများအဖြစ် ဖန်တီးရက်လုပ်ကြရသည်။

လှပသော ပလတ်စတစ်ခြင်းများ ရက်လုပ်ရန်အတွက် ကုန်ကြမ်းပစ္စည်းဖြစ်သည့် ပလတ်စတစ်ကြိုးအမာကို မန္တလေးမြို့ စက်မှုဇုန်(၁)ရှိပလတ်စတစ်ကြိုးမာစက်ရုံမှ ဝယ်ယူကြရပြီး ပလတ်စတစ်ကြိုးမာတစ်ကီလိုလျှင် ငွေကျပ် ၁၂၀၀ ပေးရသည်။ ပလတ်စတစ်ခြင်းများကို တင်ပို့ရာတွင် လေးလုံးတစ်တွဲတွဲလေ့ရှိသည်။

ထမင်းချိုင့်ဆိုက်အသေး၊ အလတ်၊ အကြီးဟူ၍ အရွယ်အစားလေးမျိုးကို ထုတ်လုပ်တင်ပို့လေ့ရှိကြပြီး လက်ရှိကာလတွင် ပလတ်စတစ်ခြင်းများကို မိုးဘိုင်းစနစ်ဖြင့် အသုံးပြုသူထံ တိုက်ရိုက်ဆိုင်ကယ်များဖြင့် ဖြန့်ဖြူးရောင်းချသည့်စနစ်ကို ကျင့်သုံးလာကြသည်။

အများစုမှာ ခြင်းလုပ်သူများထံမှ ဖောက်သည်ယူရောင်းကြပြီး တစ်နေ့လျှင် တစ်နယ်နှုန်း ရွာမတူအောင်၊ နယ်မတူအောင် လှည့်လည်ရောင်းချကြကာ တိုက်ရိုက်ဖြန့်ချိသည့်စနစ်ဖြစ်သည့်အတွက် ဆိုင်ကယ်ဆီဖိုးနှင့် ကာမိသည့် ဈေးနှုန်းဖြင့် ရောင်းချကြသည်။

အများစုမှာ တိုက်ရိုက်လာရောက်ရောင်းချသည့်အတွက် ဝယ်ယူမှုပိုမိုများပြားပြီး ဈေးအထိသွားစရာမလိုတော့ဘဲ အလွယ်တကူဝယ်ယူအသုံးပြုနိုင်သည့်အတွက် ရောင်းသူရော ဝယ်သူပါ ကျေနပ်ကာအဆင်ပြေလျက်ရှိကြောင်း သိရသည်။

## ညောင်တုန်းမြို့ အဘိဓမ္မာအသင်းကြီးမှ ကြီးမှူးကျင်းပသော ပရဟိတအလှူနှင့် လူငယ်တရားပွဲ ကျင်းပ

**ညောင်တုန်း ဇူလိုင် ၂၂**

ညောင်တုန်းမြို့ အဘိဓမ္မာအသင်းကြီးမှ ကြီးမှူးကျင်းပသော ဒသမအကြိမ်မြောက် လူမှုကူညီရေးအဖွဲ့မှ ဦးဆောင်ကာ ကျောင်းသား၊ ကျောင်းသူများအား ငယ်စဉ်အခါကပင် ကိုယ်ကျင့်တရားကောင်းမွန်စေရေး၊ လိမ္မာရေးခြားရှိစေရန်နှင့် အမျိုး ဘာသာ သာသနာအပေါ် ယုံကြည်လေးစားမှုရှိစေရေးအတွက် ရည်ရွယ်ပြီး လူငယ်တရားပွဲနှင့် ပရဟိတကုသိုလ်ပြုအလှူအခမ်းအနားအား ဇူလိုင် ၂၀ ရက်က နိုင်ငံအေးဘုရားကြီးတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ကျောက်တန်းရွာ ဝေဠုဝန်ပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တပညောဘာသ (ပန်းပျိုးလက်) ဆရာတော်ဦးဆောင်၍ ဆရာ၊ ဆရာမ ၂၆ ဦး ကြီးကြပ်ကာ လိမ္မာယဉ်ကျေးပြီး ကိုယ်ကျင့်တရားကောင်းမွန်သော ကျောင်းသား၊ ကျောင်းသူများဖြစ်လာစေရေးနှင့် ကလေးဘဝမှစ၍ ဗုဒ္ဓအခြေခံတရားတော်များ သိရှိနားလည်လာပြီး လိမ္မာရေးခြားရှိလာစေရန်အတွက် ဒေါက်တာဘဒ္ဒန္တပညောဘာသ (ပန်းပျိုးလက်)ဆရာတော်က တရားဟောကြားခဲ့သည်။

ဆရာတော်ကိုညောင်တုန်းအဘိဓမ္မာပြန့်ပွားရေးအသင်း၊လူမှုကူညီရေးအဖွဲ့မှ ကျပ် ၁၄ သိန်းနှင့် ဆန်၊ ဆီ၊ စာအုပ်၊ စာရေးကိရိယာများအား လှူဒါန်းခဲ့သည်။

ယင်းအပြင် ဒေါက်တာဘဒ္ဒန္တပညောဘာသ (ပန်းပျိုးလက်) ဆရာတော်ကလည်း ညောင်တုန်း-အဘိဓမ္မာပြန့်ပွားရေးအသင်းသို့ အလှူငွေကျပ် ၁၀ သိန်းနှင့် တရားနာ ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ်ဒါဇင် ၃၀၀၊ ဘောပင် ၅၀၀၊ ခဲတံအချောင်း ၅၀၀အား ပေးအပ်ခဲ့သည်။

**ထွန်းကျော်(ညောင်တုန်း)**

## ရန်ပုံငွေကျပ်သန်း ၁၅၄ သန်းကျော်ဖြင့် လမ်းများအဆင့်မြှင့်တင်



**ကျောက်ဆည် ဇူလိုင် ၂၂**

ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများမှ လယ်ယာထွက်ကုန်များ လွယ်ကူလျင်မြန်စွာ စီးဆင်းနိုင်ရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျေးလက်လမ်းများ အဆင့်မြှင့်တင်ခြင်း၊ မြို့ပေါ်သို့ဆက်သွယ်သောလမ်းများ အဆင့်မြှင့်တင်ခြင်းနှင့် လမ်းများအသစ်ဖောက်လုပ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျေးလက်လမ်း ခုနစ်လမ်းအား ပြည်ထောင်စုအစိုးရ ရန်ပုံငွေ ကျပ်သန်းပေါင်း ၁၅၄ ဒသမ ၈၂ သန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျောက်ဆည်မြို့နယ်အတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပါယ်လေးဆယ်-ပေတောလေးလမ်း အရှည် ၀/၄ ဒသမ ၄၀ အား ငွေကျပ်သန်းပေါင်း ၈ ဒသမ ၄၁၂ သန်းနှင့် မဲကုန်း- ထုံးဘိုလမ်း အရှည် ၁/၀ ဒသမ ၂၄ မိုင်အား ငွေကျပ်သန်းပေါင်း ၁၅ ဒသမ ၇၅၃ သန်းဖြင့် မြေသားလမ်းများအဖြစ် အဆင့်မြှင့်တင်ခြင်းများကို စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြေသားလမ်းများ အသစ်ဖောက်လုပ်ခြင်းအပြင် မြေသားလမ်းမှ ဂျင်းကျောက်လမ်းအဖြစ် အရှည်မိုင် ၀/၇ ဒသမ ၅၈ မိုင်ရှိ မြင်ချိနိုင်-ထုံးဖိုလမ်း၊ အရှည်မိုင် ၁/၀ ဒသမ ၀၀ မိုင်ရှိ မဲကုန်း-စပါယ်တော်လမ်း၊ အရှည်မိုင် ၁/၃ ဒသမ ၂၀ မိုင် ရှိ ရေဖြစ်ကြီး-ထုံးဖိုလမ်းတို့အား ငွေကျပ်သန်းပေါင်း ၈၃ ဒသမ ၃၂၄ သန်းဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အရှည်မိုင် ၀/၇ ဒသမ ၀၀ မိုင်ရှိ ဆူးလေကုန်း-ထုံးကြီး-ဆည်ရွာလမ်းအား ငွေကျပ်သန်းပေါင်း ၄၇ ဒသမ ၃၃၁ သန်းဖြင့် အကုန်အကျခံကာ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

ကျေးလက်လမ်းများ အဆင့်မြှင့်တင်ခြင်း၊ အသစ်ဖောက်လုပ်ခြင်းနှင့် ပတ်သက်ပြီး "အခုလမ်းတွေကို စက်ကြီးတွေနဲ့ မြေတွေကော်ပြီး လမ်းမြင့်နေအောင် ဆောင်ရွက်တာမြင်ရတာနဲ့တင်ကို ကျေနပ်နေပြီ။ ကျွန်နော်တို့ရွာက လမ်းတွေက လယ်ကွင်းတွေနဲ့ တညီတည်းရှိနေတော့ စိုက်ပျိုးရာသီနဲ့ မိုးရာသီဆို သွားလို့လာလို့ မကောင်းတော့ဘူး။ အခုလိုပြုပြင်ပေးလိုက်တော့ သွားလို့လာလို့ အဆင်ပြေပြီး သူများရွာတွေနည်းတူ ကျွန်တော်တို့ရွာလည်း လူမှုရေး၊ စီးပွားရေး မကြာခင်တိုးတက်လာမှာလို့ ကျွန်တော်ပြောရဲတယ်" ဟု ထုံးဖိုကျေးရွာမှဒေသခံတစ်ဦးက ပြောသည်။

ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်လမ်းများအပြင် ကျေးလက်တံတားများကိုပါ ဆောင်ရွက်လျက်ရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မိုးကြိုးကုန်းရွာအဝင်တံတားအား ငွေကျပ်သန်း ၅ ဒသမ ၁၃ သန်းဖြင့် သံကူကွန်ကရစ်တံတားအဖြစ် အသစ်ဆောက်လုပ်ခဲ့ပြီး အရှည်ပေ ၉၀ ရှိ ပန်းလောင်မြစ်ကူးတံတားကိုလည်း ငွေကျပ်သန်းပေါင်း ၅၁ ဒသမ ၃ သန်းဖြင့် ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့သည်။

၂၀၁၅-၂၀၁၆ ဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော လမ်းများအဆင့်မြှင့်တင်ခြင်းနှင့် အသစ်ဖောက်လုပ်ခြင်းများအား တင်ဒါခေါ်ယူကာ တင်ဒါအောင်မြင်သော ကုမ္ပဏီများမှ ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများဖြင့် ပြည့်မီရန်အတွက် မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များနှင့် ကျေးလက်ဦးစီးဌာနတို့မှ အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

## သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**ဆိပ်ဖြူ ဇူလိုင် ၂၂**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မြို့နယ်သစ်တောဦးစီဌာနမှ ၂၀၁၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၂၀ ရက် နံနက် ၇ နာရီက ဆိပ်ဖြူမြို့အနောက်ဘက် ဆိပ်ဖြူ-ဆော-ကန်ပက်လက်ကားလမ်း မိုင်တိုင်အမှတ် ၃ မိုင် ၃ ဖာလုံ နဘဲပင်ကုန်းတွင်ကျင်းပခဲ့သည်။

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်မျိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်နေပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်မျိုး၊ မြို့နယ်ရဲတပ်ဖွဲ့ မှူး ရဲမှူးထွန်းမြင့်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရှိန်မြင့်မောင်၊ မြို့နယ်သစ်တောဦးစီးမှူး ဦးဝင်းမြင့်တို့က ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်နေပြည်သူများသို့ စိုက်ပျိုးမည့်သစ်ပင်များပေးအပ်သည်။

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင် ၅၀၊ ကုက္ကိုပင် ၅၀၊ ယူကလစ်ပင် ၁၅၀၊ တမာပင် ၁၀၀၊ ဖျောက်ဆိပ်ပင် ၅၀ စုစုပေါင်း အပင် ၄၀၀ စိုက်ပျိုးခဲ့သည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

# ဖွံ့ဖြိုးစေဖို့ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်း(Global Supply Chain)သို့ပိုမိုဝင်ရောက်ရေး

ဒေါက်တာမောင်အောင်

ယနေ့ပွင့်လင်းလာသည့် မြန်မာနိုင်ငံအတွက် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်သည့် ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်းစနစ်နှင့် ပိုမိုပေါင်းစည်းနိုင်ရေးအတွက် အသိပညာဗဟုသုတများ ပြည်သူများအကြား ပြန့်ပွားစေရန်ရည်ရွယ်ပြီး ဒေါက်တာမောင်အောင်ရေးသားသော ဆောင်းပါးများကို ဖော်ပြလိုက်ပါသည်။

ပြည်သူလူထုအတွက် တန်ဖိုးရှိသည့်အချိန်များ မကုန်ဆုံးရေး၊ ထုတ်လုပ်မှု စွမ်းအားရှိလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ရေးနှင့် Logistic များ လျှော့ချနိုင်ရေးအတွက် ဖွံ့ဖြိုးရေးဆောင်းပါးများကို အပတ်စဉ် ကြာသပတေးနေ့တိုင်း ဖော်ပြလျက်ရှိပါသည်။ (စာတည်း)

**ယခင်အပတ်မှအဆက်**

အမှန်တကယ်မူ သက်တမ်း ကုန်ရန် ခြောက်လသာရှိတော့သည့် ပစ္စည်းများကို နိုင်ငံတကာဈေးကွက်တွင် မည်သည့်နိုင်ငံများမှ ဝင်ရောက်ခွင့် မရှိသလို နိုင်ငံတကာဈေးကွက်တွင် သတ်မှတ်ထားသောဈေးနှုန်းထက်လျှော့နည်းပြီး ဝင်ရောက်ခွင့်မရှိပေ။ WTO အဖွဲ့ဝင်နိုင်ငံများကျင့်သုံးသည့် စွန့်ပုံပစ္စည်းမပြုလုပ်နိုင်ရေးဥပဒေ (Anti Dulping Law)ဖြင့်လည်းကောင်း၊ ပို့ကုန်/သွင်းကုန်ဖြင့်လည်းကောင်း၊ ထိရောက်သောအကာအကွယ်ပေးမှုများ ပိုမိုလိုအပ်လာပြီဖြစ်သည်။

**ပြည်သူ့အတွက် အခွန်ဘဏ္ဍာရှုထောင့်**

အစိုးရအနေဖြင့် ပြည်သူများ၏ စုပေါင်းလိုအပ်ချက်များကို ပြည်သူ့ဘဏ္ဍာငွေများမှ အဓိကကျခံသုံးစွဲရသောကြောင့် အခွန်ဘဏ္ဍာရရှိရေးသည်လည်း ပြည်သူများ၏ လိုအင်ဆန္ဒများ ပိုမိုဖြည့်ဆည်းရေး အရေးကြီးလာပြီဖြစ်သည်။ ယခုအခါ ယခင်ကထက် သိသိသာသာတိုးမြှင့်သုံးစွဲလာသည့် ပညာရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးရေးနှင့် လူမှုရေး အသုံးစရိတ်များအပြင် အခြေခံအဆောက်အအုံဆိုင်ရာ လိုအပ်ချက်များဖြစ်သည့် လမ်း၊ တံတား၊ လျှပ်စစ်မှစ၍ ပြည်သူ့လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးအသုံးစရိတ်များ ပိုမိုလိုအပ်ချက်များကို ဖြည့်စွမ်းပေးနိုင်ရန် ပြည်သူ့ဘဏ္ဍာအခွန် ယခုထက်ပိုမိုရရှိရန် လိုအပ်နေပြီဖြစ်သည်။

အာရှနိုင်ငံများတွင် အခွန်ဘဏ္ဍာကောက်ခံရရှိမှုကို စုစုပေါင်းတိုင်းပြည်ဝင်ငွေနှင့် နှိုင်းယှဉ်လျှင် အခွန်ဘဏ္ဍာရရှိမှုအနည်းဆုံး (စုစုပေါင်း GDP ၏ ၆ ရာခိုင်နှုန်း ဝန်းကျင်ဖြစ်နေခြင်းကြောင့်) အများလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေး အားနည်းနေဆဲပင်ဖြစ်သည်။ အထူးသဖြင့် နိုင်ငံတကာကဲ့သို့ အခွန်ပေးဆောင်သည့် အလေ့အကျင့် (Tax Cunture)အားနည်းနေမှုကြောင့်လည်း ကုန်သွယ်မှုမှကောက်ခံသည့် အခွန်ငွေသည် အရေးပါနေဆဲဖြစ်သည်။ ထို့အတွက် ကုန်သွယ်မှုပြုသူတိုင်း မှန်မှန်ကန်ကန် အခွန်ပေးဆောင်ခြင်းသည် နိုင်ငံ့အကျိုးထမ်းဆောင်နေသည် ဟူသော အသိခံယူချက်မျိုးရှိဖို့လိုသလို နိုင်ငံတော်ဘက်မှလည်း ကုန်သည်တိုင်း အခွန်ဆောင်လာနိုင်ရေး ရှင်းလင်း လွယ်ကူမှု၊ မြန်ဆန်မှုတို့အပြင် အခွန်ဆောင်သူများကို အသိအမှတ်ပြုခြင်းများ ပိုမိုလုပ်ဆောင်နေပြီဖြစ်သည့် အပြင် ကောက်ခံသည့်အခွန်နှုန်းသည် ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ အခွန်နှုန်းနိမ့်နိမ့်ဖြင့် လုပ်ငန်းရှင်တိုင်း အခွန်ဆောင်လာနိုင်ရေး အထူးဦးစားပေး စဉ်းစားရတော့မည်ဖြစ်သည်။

**တိုင်းပြည်အန္တရာယ်**

တရားမဝင်ကုန်သွယ်မှုသည် တိုင်းပြည်နှင့် ပြည်သူများအတွက် ဘေးကင်းလုံခြုံစိတ်ချရမှုအရလည်းကောင်း၊ တိုင်းပြည်ဖွံ့ဖြိုးရေးတွင် အရေးကြီးဆုံးလိုအပ်ချက်များ ကုန်သွယ်မှုတိုးတက်ရေးနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများစီးဝင်လာသဖြင့်လည်းကောင်း၊ လက်ရှိနိုင်ငံစီးပွားရေးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ အများဆုံးဖြည့်စွမ်းနိုင်သည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs)များ ရှင်သန်တိုးတက်ရေးအတွက်လည်းကောင်း၊ ပွင့်လင်းလာသည့် လူ့အဖွဲ့အစည်းတွင် ပိုမိုလိုအပ်လာသည့် အများနှင့်ဆိုင်သည့် အသုံးစရိတ်များ ပိုမိုဖြည့်စွမ်းနိုင်ရေးအတွက် အခွန်ဘဏ္ဍာပိုမိုရရှိရေးအတွက်လည်းကောင်း အဘက်ဘက်မှ အန္တရာယ်ကြီးမားသည့် ဆိုးကျိုးများတွေ့နေရပြီဖြစ်သည်။ ပို၍အရေးကြီးသည်မှာ စားသုံးရန်မသင့်သည့် ကုန်စည်များ၊ အရည်အသွေး နိမ့်ကျသည့် ကုန်စည်များ၊ ကုန်ပစ္စည်းအတုအယောင်များ၊ ဓာတုဆေးလွန်ကဲသည့် ဓာတ်မြေဩဇာများ စသည်တို့ တရားမဝင် ဝင်ရောက်မှုသည် ယနေ့မျိုးဆက်(Generation)ကိုသာမကဘဲ အနာဂတ်မျိုးဆက်များကိုပါ အန္တရာယ်ကြီးမားကြောင်း သုံးသပ်ရပါသည်။

**ပြည်သူလူထု၏ တက်ကြွသည့် ပူးပေါင်းပါဝင်မှု**

အန္တရာယ်ကြီးသည့် တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်ရေးအတွက် နိုင်ငံတော်မှ ကုန်သွယ်မှုဆိုင်ရာ လွယ်ကူချောမွေ့စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပေါင်းစပ်လုပ်ကိုင်နေပြီ ဖြစ်သည်။ ယခုအခါ အထူးအစီအစဉ်အနေဖြင့် Mobile Team များဖွဲ့စည်းကာ တရားမဝင်ကုန်သွယ်မှုများကို စစ်ဆေးရန် အရှိန်မြှင့်လုပ်ဆောင်နေပြီဖြစ်သည်။ တစ်ဖက်မှလည်း တရားမဝင်ကုန်သွယ်မှုလျော့နည်းစေရန် နယ်စပ်ဂိတ်များ တိုးချဲ့ဖွင့်လှစ်ခြင်း၊ FDA ကို နယ်စပ်စခန်းများ၌ တိုးချဲ့ဆောင်ရွက်လာခြင်း၊ နယ်စပ်ဂိတ်များတွင် ခေတ်မီစစ်ဆေးမှုကိရိယာ X-Ray စက်များ ပိုမိုသုံးစွဲလာစေရန် လုပ်ဆောင်နေပြီဖြစ်သည်။ သို့စေကာမူ တရားမဝင် ကုန်သွယ်မှု သိသိသာသာလျှော့ချနိုင်ရေးမှာ ပြည်သူတိုင်း၏ တက်ကြွသော ပူးပေါင်းဆောင်ရွက်မှုများရှိမှသာ အောင်မြင်နိုင်မည်ဖြစ်သည်။

ဆိုလိုသည်မှာ အထူးသဖြင့် လုပ်ငန်းရှင်များအနေဖြင့် မမှန်မကန်လုပ်သည့် ကုန်သည်များ၊ တရားမဝင်တင်သွင်း၊ တင်ပို့နေသည့် ကုန်သည်များ၊ ဖြန့်ချိနေသူများ အချင်းချင်း ပိုမိုသိရှိပေသည်။ သို့သော် သက်ဆိုင်သည့် ဌာနဆိုင်ရာများ၊ ဒေသအာဏာပိုင်များသို့ အချိန်မီအသိပေးတိုင်ကြားမှု ပိုမိုလုပ်ဆောင်ရမည်ဖြစ်သည်။ ပြီးခဲ့သည့်နှစ် မန္တလေးမြို့သို့ တရုတ်နိုင်ငံမှ စားသုံးရန် မသင့်လျော်သည့် မြောင်းဆီများဝင်ရောက်လာမှုတွင် အချိန်မီသတင်းပေးမှုနောက်ကျခြင်းကြောင့် ဈေးကွက်ထဲအထိ လိုက်လံသိမ်းရသည့်အဖြစ်မျိုး ကြုံခဲ့ရသည်။ ဆိုလိုသည်မှာ တင်သွင်းလာသည့် ကုန်ပစ္စည်းတိုင်းမည်သူက တရားဝင်ပြုလုပ်သည်။ မည်သူကတရားမဝင်တင်သွင်းသည်ကို ကုန်သည်အချင်းချင်းသိသော်လည်း အချိန်မီသတင်းပေးမှုအားနည်းနေဆဲပင်ဖြစ်သည်။

ပြည်သူများအနေဖြင့် ကုန်စည်များနှင့်ပတ်သက်၍ အရည်အသွေး မမှန်ကန်မှု၊ ဘေးကင်းလုံခြုံစိတ်ချရမှု၊ ကုန်ပစ္စည်းအတု၊ အရက်အတုများစသည်တို့ကို သိသိချင်း သက်ဆိုင်ရာအာဏာပိုင်များသို့ဖြစ်စေ၊ ဒေသအသီးသီးတွင်ဖွင့်လှစ်ထားသည့် စားသုံးသူအကာအကွယ်ပေးရေးဌာနများ၌ဖြစ်စေ၊ အသိပေးအကြောင်းကြားမှသာ အချိန်မီ ဖြေရှင်းနိုင်မည်ဖြစ်သည်။ အချိန်မီသတင်းပေးတိုင်ကြားမှုပြုလုပ်မှသာ လိုအပ်သော တားဆီးမှုများ လုပ်ပေးနိုင်မည် ဖြစ်ပြီး တစ်ဖက်တွင်လည်း နိုင်ငံ့ဝန်ထမ်းများ မမှန်မကန်လုပ်မှုများ၊ တာဝန်မကျေမှုများ ရှိနေလျှင်လည်း သတင်း အတိအကျအထောက်အထားများနှင့် တိုင်ကြားရန် လိုအပ်နေပြီဖြစ်သည်။ အထူးသဖြင့် စီမံချက်အနေဖြင့် ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်များ၊ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် မီဒီယာများဖြင့် ဖွဲ့စည်းထားသည့် Mobile Team များနှင့်လည်း တရားမဝင်ကုန်သွယ်မှုလျော့နည်းပပျောက်ရေးအတွက် ပြည်သူများနှင့် လုပ်ငန်းရှင်များ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ရန် လိုသလို အကယ်၍ Mobile Team အဖွဲ့ဝင်များ မမှန်ကန်မှုများရှိပါကလည်း သတင်းစာများတွင် ဖော်ပြခဲ့သည့် ဖုန်းများသို့ ချက်ချင်းသတင်းပေးတိုင်ကြားခြင်းဖြင့် ထိရောက်သည့် တရားမဝင်ကုန်သွယ်မှု လျှော့ချရေးကို စစ်ဆေးမှုနှင့် အပြန်အလှန်ထိန်းကျောင်းမှု (Check and Balance)ဖြင့် လုပ်ဆောင်နေပြီဖြစ်သည်။

**နိုင်ငံတကာအလေ့အကျင့်**

ယခုအခါ တရားမဝင်ကုန်သွယ်မှုလျော့ကျရေးအတွက် Mobile Team အပါအဝင် နည်းလမ်းပေါင်းစုံဖြင့် ကြိုးစားနေသော်လည်း AEC စတင်အကောင်အထည်ဖော်မည့် ၂၀၁၅ နောက်ပိုင်း နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုများတွင် နည်းပညာကိုအခြေခံသည့် (Asean Single Window System) ကို ကျင့်သုံးမည်ဖြစ်၍ အချိန်တိုအတွင်း နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုများကို အလွယ်တကူ လျင်မြန်စွာ လုပ်ဆောင်နိုင်တော့မည်ဖြစ်သည်။ အဝင်/အထွက် နှစ်ကြောင်းလုံးကို စစ်ဆေးရန်မလိုဘဲ တစ်ကြောင်းတည်းကိုသာ စစ်ဆေးမည်ဖြစ်ပြီး ICT အခြေခံသည့် Electronic Trading System ကို မကြာမီပြောင်းလဲတော့မည်ဖြစ်သည်။

ယခုအခါ (National Single Window System)တည်ဆောက်နေမှုကို စတင်နေပြီး၊ အလိုအလျောက် ကုန်ပစ္စည်းစစ်ဆေးသည့်စနစ် စတင်နိုင်ရန် လုပ်ဆောင်နေပြီဖြစ်သည်။ ကုန်သည်နှင့်ဝန်ထမ်း တိုက်ရိုက်ထိတွေ့ ဆက်ဆံနေသမျှကာလပတ်လုံး ညှိခြင်း၊ ပေးခြင်းများရှိနေမည်သာ ဖြစ်သည်။ ထို့အတွက်လည်း Mobile Team ဖြင့် တားဆီးခြင်းကိုလည်း ယခုအခြေအနေတွင် တရားမဝင်ကုန်သွယ်မှု လျော့ကျရေးအတွက် အထက်ပါစနစ်များ မထွန်းကားခင် အထူးအစီအစဉ်အနေဖြင့် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း ပြည်သူအများနားလည်သဘောပေါက် ရန် လိုသလို လက်ရှိပြုလုပ်နေသည့် တရားမဝင်လျှော့ချရေးလုပ်ဆောင်မှုများကို ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်သည်။ သို့သော် မြန်မာနိုင်ငံကဲ့သို့ ကုန်နယ်နိမိတ်မျဉ်းရှည်လျားသည့်အတွက် တရားမဝင်ကုန်သွယ်မှု လုံးဝပပျောက်မှုမဖြစ်နိုင်ပေ။ အထူးအရေးကြီးသည်မှာ ပြည်သူအတွက် အန္တရာယ်ကြီးမားပြီး ဘေးကင်းလုံခြုံမှုမရှိသော ကုန်စည်များ မဝင်ရောက်ရေးနှင့် နိုင်ငံတကာစည်းမျဉ်းစည်းကမ်းများအရ ပိတ်ပင်ထားသည့် နိုင်ငံတော်၏ လုံခြုံရေးကို ထိခိုက်နိုင်သည့် လက်နက်၊ ခဲယမ်းများ တရားမဝင် မဝင်ရောက်နိုင်ရေး၊ လူကုန်ကူးခြင်းများနှင့် တစ်ကမ္ဘာလုံးရှိ လူသားများအတွက် အန္တရာယ်ကြီးမားသည့် မူးယစ်ဆေးဝါး ကုန်သွယ်မှုလျော့နည်းပပျောက်စေရန် အထူးအရေး ကြီးပေသည်။

**ဥပဒေအရ ထိရောက်သည့် အရေးယူမှုများ**
**(Effective Law Enforcement)**

တရားမဝင်ကုန်သွယ်မှုပပျောက်ရေးသည် တိုင်းပြည်နှင့်လူမျိုးအတွက် အန္တရာယ်ကြီးမားခြင်းကြောင့် အခြားနိုင်ငံများကဲ့သို့ ထိရောက်သည့် ဥပဒေများဖြင့် အရေးယူတားဆီးမှုစတင်နေပြီဖြစ်သည်။ တရားမဝင်ကုန်သွယ်မှုကို ပင်လယ်ရေကြောင်း အကောက်ခွန်ဥပဒေ၊ ပို့ကုန်သွင်းကုန်ဥပဒေ၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေတို့ဖြင့် အရေးယူ မှုများ စတင်နေပြီဖြစ်သည်။ ထို့အပြင်အခြားနိုင်ငံများကဲ့သို့ စွန့်ပုံပစ္စည်းမပြုလုပ်နိုင်ရေးဥပဒေ (Anti-Dumping Law)အရလည်း အရေးယူနိုင်ရန် ရေးဆွဲနေပြီဖြစ်သည်။ အမှန်တကယ်မူ တရားမဝင်ကုန်သွယ်မှုလျော့ကျစေဖို့ တရားဥပဒေအရ ထိရောက်သော အရေးယူမှု(Effective Law Enforcement)များဖြင့်သာ လုပ်ဆောင်ရမည် ဖြစ်သည်။

ယခင် ပို့ကုန်သွင်းကုန်ဥပဒေမပေါ်မီ တရားမဝင် ဖမ်းဆီးရရှိသော ကုန်ပစ္စည်းများကို ပင်လယ်ရေကြောင်း အကောက်ခွန်ဥပဒေအရ ကုန်ပစ္စည်းများကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူနိုင်သော်လည်း လုပ်ဆောင်သူကို ထိရောက်စွာ အရေးမယူနိုင်မှုကြောင့် ကုန်သည်အချို့တစ်ကြိမ်မလွတ်လျှင် နောက်တစ်ကြိမ်ဆပွားတိုးချဲ့လုပ်ကိုင်ပြီး ဖြေရှင်းလေ့ရှိသည်။ ပို့ကုန်သွင်းကုန်ဥပဒေပေါ်ပေါက်လာသည့်အခါ ပစ္စည်းသိမ်းရုံမကဘဲ ပြုလုပ်သူကိုလည်း ထိရောက်သောအရေးယူမှုဖြစ်သည့် ထောင်ဒဏ်ပါဝင်သောကြောင့် တရားမဝင်လုပ်ဆောင်မှုအနည်းငယ် လျော့ကျခဲ့ ကြောင်း တွေ့ရသည်။ ထို့အပြင် တရားမဝင်ကုန်သွယ်မှုလုပ်သူများအတွက် အခြားထိရောက်သည့်ပြစ်ဒဏ်မှာ ၎င်း ကုမ္ပဏီအား နာမည်ပျက်စာရင်း အများသိအောင်ကြေညာပြီး ကုန်သွယ်မှုလုပ်ငန်းမလုပ်နိုင်ရေး ပိတ်ပင်ခြင်းပင်ဖြစ် သည်။ ယခုအခါ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ (Consumer Protection Law)လည်းထွက်လာပြီဖြစ်ရာ စားသုံးရန်မသင့်သည့် ကုန်စည်များတင်သွင်းခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းတို့ကို ထိရောက်စွာအရေးယူတော့မည် ဖြစ်သည်။ ဆိုလိုသည်မှာ တရားမဝင်ကုန်သွယ်မှုလျော့ကျရေးအတွက် ပြဋ္ဌာန်းထားသည့် ခိုင်မာသော ဥပဒေများဖြင့်သာထိရောက်စွာ တားဆီးနိုင်မည်ဖြစ်သည်။

**အမျိုးသားရေးတာဝန်**

တရားမဝင်ကုန်သွယ်မှုသည် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အဘက်ဘက်မှ တိုင်းပြည်နှင့် လူမျိုးအ တွက် အန္တရာယ်ကြီးမားသည့် အလျှောက်လက်ရှိလုပ်ဆောင်နေသော Mobile Team အပါအဝင် တရားမဝင် လျော့နည်းရေး ဆောင်ရွက်မှုများကို ပြည်သူများ အမျိုးသားရေးအသိဖြင့် တက်ကြွစွာ ပူးပေါင်းပါဝင်မှသာ သိသိသာသာ လျော့ချနိုင်မည်ဖြစ်သည်။ စားသုံးသူများ၏ အခွင့်အရေးအကာအကွယ်ပေးနိုင်ရေး၊ ဘေးကင်းလုံခြုံစိတ်ချရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ SMEs နှင့် မှန်မှန်ကန်ကန်ပြုလုပ်သည့် ကုန်သည်များ အကာအကွယ်ပေးရေးတို့အပြင် ပြည်သူတစ်ရပ်လုံး၏ လိုအင်ဆန္ဒများ ပိုမိုဖြည့်စွမ်းနိုင်ရေးအတွက် အခွန်ဘဏ္ဍာပိုမို ရရှိနိုင်ရေး လက်ရှိအကောင်အထည်ဖော်နေသည့် Mobile Team အပါအဝင် တရားမဝင်ကုန်သွယ်မှု လျှော့ချရေးလုပ်ဆောင်ချက်များကို ပြည်သူတစ်ရပ်လုံး အမျိုးသားရေးအသိဖြင့် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်ရန် အထူးလိုအပ်နေပြီဖြစ်ပါသည်။

**ကားကျပ်သည့်ပြဿနာ ဝိုင်းဝန်းအဖြေရှာ**

ယခင်က မော်တော်ကားတင်သွင်းမှုနှင့် ပတ်သက်၍ ပိတ်ပင်ထားခဲ့ပြီး အထူးပါမစ်ဖြင့်သာ ခွင့်ပြုမှုကြောင့် နိုင်ငံတကာနှင့်နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံ၏ကားအများစုမှာ ဥပဓိရုပ်မကောင်းတော့သည့် ကားအိုကားဟောင်းများသာရှိခဲ့ပါသည်။ အဆိုပါကားဟောင်းများ၏ ဈေးပင်လျှင် သိန်း ၂၀၀ နှင့်အထက် ဖြစ်ခဲ့ပါသည်။ ကမ္ဘာပေါ် တွင် မြန်မာနိုင်ငံသည် ကားဈေးနှင့် မိုဘိုင်းဖုန်းဈေးအကြီးဆုံးနိုင်ငံအဖြစ် ထင်ရှားခဲ့သည်မှာ အားလုံးအသိ ပင်ဖြစ်သည်။ ပို၍ဆိုးသည်မှာ အမြင်မလှရုံမက အင်ဂျင်ကျနေသည့်ကားများကြောင့် လေထုညစ်ညမ်းမှုနှင့်အတူ အထူးသဖြင့် တက္ကစီစီးမည်ဆိုလျှင် တံခါးပိတ်မရ၊ မှိုးကမလုံ၊ ထိုင်လျှင်ပုဆိုးပြဲ ဆိုသည်များ မကြာ မကြာ ကြုံတွေ့ခဲ့ရပြီးဖြစ်သည်။

အစိုးရသစ်တက်လာပြီး မော်တော်ကားနှင့် ပတ်သက်၍ ပထမဆုံးလုပ်ဆောင်ချက်မှာ သက်တမ်းရင့်ယာဉ်အို၊ ယာဉ်ဟောင်းများကိုအပ်နှံစေပြီး သက်တမ်း ၁၀ နှစ်အတွင်း ကားသစ်များနှင့် လဲလှယ်ပေးခြင်းကို ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့မှ စတင်ခဲ့ရာ ယခုနှစ် စက်တင်ဘာလ တတိယပတ်အထိ လူစီး ယာဉ်၊ ခရီးသည်တင်ယာဉ်၊ ကုန်တင်ယာဉ် စုစုပေါင်း ၉၆၅၇၃ စီး တင်သွင်းခဲ့ပြီးဖြစ်ပါသည်။

ဆက်လက်ဖော်ပြပါမည်။

အချိန်မီ သတင်းပေးတိုင်ကြားမှုပြုလုပ်မှသာ လိုအပ်သော တားဆီးမှုများ လုပ်ပေးနိုင်မည်ဖြစ်ပြီး တစ်ဖက်တွင်လည်း နိုင်ငံ့ဝန်ထမ်းများ မမှန်မကန်လုပ်မှုများ၊ တာဝန်မကျေမှုများ ရှိနေလျှင်လည်း သတင်းအတိအကျအထောက်အထားများနှင့် တိုင်ကြားရန် လိုအပ်နေပြီဖြစ်သည် . . .



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ။ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြား ဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ်လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင် မည်ဟုယုံကြည်ပါသည်။ (စာတည်း)*




**ကျွန်တော်တို့ ကျောင်းသား ကျောင်းသူတွေ၊ ပြီးတော့ ... ဆရာမဒေါ်တင်စန်းတို့လို တပည့်ဟောင်းတွေဟာ ကောက်ပင်ကလေးတွေ၊ ဆရာတို့က စိုက်ပျိုးသူလယ်သမားကြီးတွေ၊ ဒီတင်စားချက်ကို ကျွန်တော်ကြိုက်တယ် ဆရာ၊ ဒါပေမဲ့ တစ်ခုပဲ မေးချင်တယ်၊ ကျွန်တော် မှားရင် ခွင့်လွှတ်ပါ ဆရာ၊ ကောက်ပင် ပျိုးပင်က မျိုးဘယ်လောက်ကောင်းကောင်း၊ စိုက်သူပျိုးသူက စေတနာ ဘယ်လောက်ရှိရှိ၊ မြေခံရေခံက မကောင်းရင် ဘယ်လိုဖြစ်လာမလဲ ဆရာ . . .**

**ယမန်နေ့မှအဆက်**

နှစ်ဦးချင်း ကျန်ရစ်သောအခါ မောင်စောနောင်သည် ကိုသက်ခိုင်ကိုကြည့်ပြီး တစ်စုံတစ်ခုကို ပြောသင့်၊ မပြောသင့် ချိန်နေဟန်ပြသည်။

ဤသည်ကို ရိပ်မိသော ကိုသက်ခိုင်က မေး၏။

"ပြောလေ မောင်စောနောင်၊ ဆရာ့ကို ဘာပြောချင်လို့လဲ"

ထိုအခါကျမှ မောင်စောနောင်သည် လွတ်လပ်စွာ ရယ်ပြီး လွတ်လပ်စွာ ပြော၏။

"ဒါကြောင့် ဆရာ့ကို ဆရာကိုထွန်းငွေက ပြောတာ"

"ဟုတ်လား. . . မောင်ညိုမှိုင်းက ဘာပြောသလဲ"

"ဆရာ ကိုထွန်းငွေက ပြောတယ်၊ ဆရာဟာ လူကဲခတ် သိပ်ကောင်းသတဲ့"

ပြုံးနေသော ကိုသက်ခိုင်၏ မျက်နှာသည် ရုတ်တရက် လျော့ကျသွား၏။ မောင်ညိုမှိုင်းသည် ဤသူငယ်ကို သူ့အကြောင်း မည်သည်တို့ကို မည်မျှအထိ ပြောထားပါသနည်း။

ကိုသက်ခိုင်သည် ချက်ချင်း ပြန်ပြုံးပြီး ဆိုသည်။

"မောင်ညိုမှိုင်းက ဆရာ့ကို ဒီအတိုင်း ချီးမွမ်းရင် ကျေးဇူးတင်ရမှာပဲ၊ ဒီကောင်ကြီးက ချီးမွမ်းခဲ့တယ်၊ သူများကို မပြောနဲ့၊ သူ့ကိုယ်သူတောင် မချီးမွမ်းဘဲ အားရင် ဝေဖန်နေတဲ့ ကောင်ကြီးပဲ၊ အဲလေ. . . ဒါထက် မောင်စောနောင် ဘာပြောမလို့လဲ၊ ပြောလေ"

"မပြောတော့ပါဘူး ဆရာ၊ ကျွန်တော်က ရိုးရိုးနဲ့ ဘွင်းဘွင်းပဲ ပြောတတ်တယ်၊ ဆရာနဲ့ ကျွန်တော်က သိပ်မရင်းနှီးသေးဘူး၊ ခုနင်က ဆရာ ဆုတောင်းသလို ကျွန်တော် စာမေးပွဲအောင်ပြီး မန္တလေးတက္ကသိုလ်ရောက်လို့ ဆရာ့တပည့်ဖြစ်တဲ့အခါကျမှ ဆရာ့ကို ကျွန်တော် ပြောစရာတွေ မေးစရာတွေ ဆွေးနွေးစရာတွေ အများကြီး ရှိတယ်"

"ဒီလိုဆိုရင် ဆရာလည်း ဝမ်းသာပါတယ်၊ ဆရာတို့ကလည်း တပည့်တွေကို ပြောစေချင်တယ်၊ မေးစေချင်တယ်၊ ဆွေးနွေးစေချင်တယ်၊ စာသင်ရာမှာ ဆရာ စိတ်အပျက်ဆုံးက တပည့်တွေဟာ မပြောဘဲ၊ မမေးဘဲ၊ မဆွေးနွေးဘဲနဲ့ သင်သမျှ ဆိုသမျှကို နှုတ်သက်ခံ မျိုချနေတာကိုပဲပေါ့၊ ဆရာ ထပ်ဆင့်ပြောမယ်၊ မောင်စောနောင်ကို ဆရာ စောင့်မျှော်နေပါ့မယ်"

စကားစ ပြတ်သွားကြသည်။ သို့ရာတွင် ဆိတ်ငြိမ်ခြင်းကို အိမ်ရှေ့မှ ကားတစ်စီး ဆိုက်သံက ဖြိုခွင်းလိုက်၏။

မကြာမီ အခန်းဝ၌ မမျှော်လင့်သူ နှစ်ဦး ပေါ်လာသည်။ တစ်ဦးမှာ ကိုသက်ခိုင်၏ တပည့်ရင်း မကွေးကောလိပ် တက္ကဗေဒဌာနမှူး လက်ထောက်ကထိက အမျိုးသမီး အဆောင်မှူး မတင်စန်း ဖြစ်သည်။ အခြားတစ်ဦးကား မမြင့်ဝေပင်တည်း။

မမြင့်ဝေက ကိုသက်ခိုင်အား အထူးစကားမဆိုဘဲ ရိုးသားတည်ငြိမ်သော အပြုံးလေးနှင့်သာ နှုတ်ဆက်သည်။ ကိုသက်ခိုင်အား ပြုံးနှုတ်ဆက်ပြီး မမြင့်ဝေ၏ မျက်လုံးများက မောင်စောနောင်ထံ ရောက်သွားသည်။

မောင်စောနောင်က သူ့အစ်မ ဝင်လာသည်ကို အလေးအနက်ဂရုတမူ မပြုဘဲ- "ဩော်. . . မမမြင့်ပါလား"ဟု သာမန်သာ နှုတ်ဆက်သည်။ သို့ရာတွင် ဤသာမန်အမူအရာမှာ ထိန်းချုပ်ဟန်လုပ် ပြုပြင်ထားသော အမူအရာဟု ကိုသက်ခိုင်၏ စိတ်တွင်ထင်မိသည်။ မမြင့်ဝေက လွတ်လပ်ပေါ့ပါးစွာ လှုပ်ရှား၍ သူ့မောင်အနားတွင် သွားထိုင်လေသောအခါ ကိုသက်ခိုင်က အာရုံကို လွှဲယူ၍ မတင်စန်းနှင့် စကားပြောရသည်။

"ဒါထက် မတင်စန်းနဲ့ ကျောင်းသူတွေ စက်တော်ရာ သွားဖူးနေကြတယ်ဆို၊ ဘယ်တုံးက ပြန်ရောက်နေကြတာလဲ"

"အခု မနက်အစောကြီးပဲ ဆရာ၊ မနေ့ ညနေကတည်းက ပြန်ရောက်ဖို့ပဲ၊ လမ်းမှာ ကားပျက်နေတာနဲ့ မင်းဘူးရောက်တော့ မိုးချုပ်နေပြီ၊ ဒါကြောင့်မို့ မနက်ကျမှ ကူးလာခဲ့တာ၊ ရောက်ရောက်ချင်း ဆရာဦးဗိုလ်သင်းတို့အိမ်ကနေ ဆရာရောက်နေတာ ကြားလို့လာခဲ့တာ၊ ဆရာ ဒီမှာ ဘယ်လောက်ကြာမလဲ"

မတင်စန်းက ကိုသက်ခိုင်၏ အနီးရှိ ကုလားထိုင်တစ်လုံးတွင် ယို့ယို့ဝင်ထိုင်ရင်း စကားအဆုံးသတ်၍ မေး၏။

"လေယာဉ်ပျံက သန်ဘက်ခါမှ ရှိတယ်၊ သန်ဘက်ခါကျတော့မှပဲ ဆရာ ပြန်ရမယ်"

"ဟာ. . . ဒါဖြင့် အတော်ပဲ. . . ဆရာ့ကို ကျွန်မ အများကြီး ပူဆာစရာတွေ ရှိတယ်"

"ဘာလဲ. . . ဒီမိုးတွင်း ကျောင်းပြန်ဖွင့်ရင် မန္တလေး ပြန်ပြောင်းချင်တယ် မဟုတ်လား"

မိမိ ပူဆာမည်ကို ဖခင်ဖြစ်သူက ကြိုတင်သိသွားခြင်းခံရသော ကလေးတစ်ယောက်ပမာ မတင်စန်းသည် ပြုံးတစ်ချက် ရယ်တစ်ချက်နှင့် စကားမပြန်ဘဲ ဝန်ခံသည်။ ကိုသက်ခိုင်ကလည်း နားလည်စာနာစွာဖြင့် မတင်စန်းအား ပြုံးရယ်ကြည့်နေမိသည်။

ထိုခေတ် ထိုအခါက တက္ကသိုလ် ဆရာ ဆရာမတို့မှာ မိခင်တက္ကသိုလ်ကြီးများ၌သာ တွယ်ကပ်နေလိုသည်။ နယ်ကောလိပ်များသို့ ပြောင်းရသည်ကို မဲဇာပို့ခံရသည့်အလား ထင်မှတ်ကြသည်။ နည်းပြ သရုပ်နှင့် လက်ထောက်ကထိက ဆရာ ဆရာမငယ်များဘက်မှကြည့်လျှင် ဤသို့ ထင်မှတ်ခြင်းမှာ မလွန်လွန်းလှ။ တက္ကသိုလ် ဆရာ ဆရာမများအတွက် တက်လမ်းမှာ လုပ်သက်ရင့်မှုပေါ် မတည်။ ဘွဲ့ဒီဂရီ အဆင့်မြင့်မှုပေါ်၌သာ တည်သည်။ ဝိဇ္ဇာ၊ သိပ္ပံစသော ရှေးဦးဘွဲ့သာ ရသေးသော ဆရာ ဆရာမငယ်တို့သည် မိခင်တက္ကသိုလ်၌သာ နေရပါက အမှုထမ်းရင်း ဘွဲ့လွန်သင်တန်းများ တက်ခြင်းဖြင့် မဟာဝိဇ္ဇာ၊ မဟာသိပ္ပံဘွဲ့များကို ရရှိနိုင်သည်။ ဤဘွဲ့ကြီးများသည်သာ တက္ကသိုလ် ဝန်ထမ်းတစ်ဦးအတွက် ဘဝအာမခံချက် ဖြစ်လေသည်။ နယ်ကောလိပ်များသို့ အပို့ခံရလျှင် ဆိုခဲ့သော အခွင့်အရေးမျိုး မရှိရကာ ဆရာ ဆရာမငယ်များမှာ မဲဇာ၏ အကျဉ်းသားပမာ စိတ်အားငယ်ကြရှာသည်။ ပညာကြီးပြီး ရာထူးကြီးလျက် နှလုံးသား မကြီးနိုင်ကြရှာသူ အချို့သော ဆရာ့ ဆရာကြီးများကြောင့်လည်း မဲဇာ၏ အကျဉ်းသမား၊ အကျဉ်းသမလေးများ တကယ်ရှိနေကြသည်။ ဤအတွေးကြောင့် ကိုသက်ခိုင်သည် မတင်စန်းအား နားလည်စာနာစွာ ပြုံးရယ်ကြည့်နေမိသော်လည်း ရင်တွင်း ၌ နင့်တင့်တင့် ဖြစ်နေမိ၏။

အတန်ကြာမှ အားပေးသော ထပ်ဆင့်ပြုံးနှင့် ဖျောင်းဖျဆိုသည်။

"မပူပါနဲ့ မိစန်းရယ်၊ ဆရာ ခဏခဏ ပြောဖူးတဲ့ စကားကိုပဲ ပြန်ပြောမယ်၊ မင်းတို့ဟာ ဆရာတို့ ပြုစုပျိုးထောင်လာရတဲ့ ကောက်ပင်တွေပဲ၊ ဒီအပင်လေးတွေ ကြီးထွားအောင်မြင်လာဖို့ ဆက်လက်ပြုစုပျိုးထောင်ပေးဖို့က ဆရာတို့တာဝန်ပါ၊ ဆရာ့အနေနဲ့ ဒီကတိကိုတော့ ရဲရဲပေးနိုင်တယ်"

မတင်စန်းက စကားမပြန်တော့ချေ။ သို့ရာတွင် မမျှော်လင့်သူထံမှ မေးခွန်းတစ်ရပ် ကြားဖြတ်ပေါ်လာသည်။

မေးသူမှာ မောင်စောနောင် ဖြစ်၏။

"ကျွန်တော်တို့ ကျောင်းသား ကျောင်းသူတွေ၊ ပြီးတော့ . . . ဆရာမ ဒေါ်တင်စန်းတို့လို တပည့်ဟောင်းတွေဟာ ကောက်ပင်ကလေးတွေ၊ ဆရာတို့က စိုက်ပျိုးသူ လယ်သမားကြီးတွေ၊ ဒီတင်စားချက်ကို ကျွန်တော် ကြိုက်တယ် ဆရာ၊ ဒါပေမဲ့ တစ်ခုပဲ မေးချင်တယ်၊ ကျွန်တော် မှားရင် ခွင့်လွှတ်ပါ ဆရာ၊ ကောက်ပင် ပျိုးပင်က မျိုးဘယ်လောက်ကောင်းကောင်း၊ စိုက်သူ ပျိုးသူက စေတနာ ဘယ်လောက်ရှိရှိ၊ မြေခံ ရေခံက မကောင်းရင် ဘယ်လို ဖြစ်လာမလဲ ဆရာ"

ကိုသက်ခိုင်က မောင်စောနောင်ကို လှည့်ကြည့်မိသည်။ အထူးသဖြင့် သူ့မျက်လုံးများကို စူးစမ်းကြည့်မိသည်။ သူငယ်၏ မျက်လုံးများက ကြည်လင်ဝင်းလက်နေသည်။ ရဲတင်းသော တောက်ပြောင်မှုမျိုး မဟုတ်။ ခက်တရော်မှုမပါ။ သန့်ရှင်းသော စူးရှမှုကား ရှိနေ၏။

အမူအရာ၌လည်း အချေအတင် ငြင်းခုံရန် အဆင်သင့်ပြင်ထားဟန်မရှိ။ ဆွေးနွေးရန်အတွက် ပွင့်လင်းလွတ်လပ်မှုကိုကား ပြနေ၏။

မမြင့်ဝေကသာ အားနာဟန် ကိုသက်ခိုင်ကို တစ်ချက် လှမ်းကြည့်သည်။

ကိုသက်ခိုင်က ဖြည်းညင်းစွာ တစ်လုံးချင်း ပြန်ဖြေ၏။

"မောင်စောနောင်မေးတဲ့ မေးခွန်းဟာ ဒီနေ့ ပညာရေးလောကမှာ လေးလေးနက်နက် မေး၊ လေးလေးနက်နက် ဆွေးနွေးပြီး လေးလေးနက်နက် ဖြေဆိုရမယ့် မေးခွန်း တစ်ခုပဲ၊ ဆရာတို့ အချိန်တော့ ယူကြရလိမ့်မယ် ထင်တယ်"

မောင်စောနောင်က သဘောတူဟန် ခေါင်းညိတ်သည်။

"ဆရာ. . . ဒီလောက်ဖြေတာကိုပဲ ကျေနပ်ပါပြီ ဆရာ၊ ဟုတ်တယ်၊ ကျွန်တော်တို့ အချိန်ယူကြရမယ်၊ အခုတော့ ဆရာကလည်း သွားစရာ ရှိနေတာကိုး၊ ဟော. . . ပြောရင်းဆိုရင်း ဆရာဦးမြသန်း ဆင်းလာပြီ"

အဝတ်အစား လဲပြီးသော ဦးမြသန်းက အောက်ထပ် ရောက်လာ၏။

မတင်စန်းက ဦးမြသန်းကို မေးသည်။

"ဆရာက ဘယ်သွားမလို့လဲ"

"ဆရာဦးသက်ခိုင်ကို မြို့ထဲ လိုက်ပြဖို့ ကားငှားသွားမလို့"

"ဟာ. . . ဒုက္ခရှာမနေနဲ့တော့ ဆရာ၊ အခု ဒေါ်မြင့်ဝေကလည်း ဆရာ့ကို လိုက်ပြဖို့ ကားယူလာတယ်"

ဦးမြသန်းက မမြင့်ဝေကို လှမ်းကြည့်သဖြင့် မမြင့်ဝေက-

"ဟုတ်တယ် ဆရာ၊ မမြင့်ဝေ ကားနဲ့သွားကြတာပေါ့"

ဟုဆိုရင်း ဖိတ်ခေါ်ဟန် ကိုသက်ခိုင်အား ပြုံးပြုံးကြည့်သည်။

ဦးမြသန်းက-

"ဒါဖြင့် ဟန်ကျတာပေါ့၊ နတ်တို့ဖန် ရေကန်အသင့် ကြာအသင့်ပ ခင်ဗျာ၊ ကဲ. . . ဆရာ အဝတ်အစား သွားလဲပေတော့"ဟု ဆို၏။

ကိုသက်ခိုင်သည် အပေါ်ထပ်သို့တက်၍ အဝတ်အစား လဲသည်။ ပူအိုက်ချိန်ဖြစ်သောကြောင့် အထူးဝတ်စားဆင်ယင်ရန် မလို၊ အင်္ကျီလက်တိုအပါးစားနှင့် ချည်ချောလုံချည်တစ်ထည်ဝတ်ပြီး ပြန်ဆင်းလာခဲ့သည်။

မမြင့်ဝေ၏ကားမှာ စိမ်းပြာရောင် ဟီး(လ်)မင်း အမျိုးအစား ဖြစ်သည်။ ရှေ့နှစ်ယောက် နောက်သုံးယောက် ချောင်ချောင်ချိချိ စီးနိုင်သည်။ မမြင့်ဝေသည် မောင်စောနောင်ဘက်သို့ လှည့်၍ တိုးညင်းချိုသာစွာ ဖိတ်ခေါ်သည်။

"မောင်လေးလည်း လိုက်ခဲ့လေ. . . နော်"

မောင်စောနောင်၏ ကိုယ်ဟန်သည် အနည်းငယ် သိသာရုံ တောင့်တင်းသွားလျက် ခေါင်းကို ခါသည်။

ကိုသက်ခိုင်က ထပ်ဆင့်ခေါ်မည်အပြု၌ မောင်စောနောင်က ငြင်းသည်။

"လိုက်ခဲ့ပါ့မယ်၊ ဒါပေမဲ့ ဘိုင်စကယ်နဲ့ပဲ လိုက်ခဲ့ပါ့မယ်၊ ကျွန်တော် ကားမစီးချင်ဘူး"

အဖြေစကားထက် အသံ၏ အနက်အဓိပ္ပာယ်က တိကျပြတ်သားသည်။ "ကျွန်တော် ကားမစီးချင်ဘူး"ဟူသည်မှာ မမြင့်ဝေအတွက် ဆိုလိုလိုက်ဟန်တူ၏။ သို့ရာတွင် ကိုသက်ခိုင်ကလည်း အသည်းနှလုံးနှင့် နားလည်လိုက်၏။

ဦးမြသန်းက ကားရှေ့တံခါးကို ဖွင့်ပေးပြီး-

"ဆရာ. . . တက်ပါ"ဆိုနေသဖြင့် ကိုသက်ခိုင်သည် ရှေ့ခန်းဒရိုက်ဘာ ထိုင်ခုံဘေးနေရာ၌ ဝင်ထိုင်လိုက်ရ၏။

ဦးမြသန်းနှင့် မတင်စန်းက နောက်ခန်း၌ နေရာယူကြသည်။

ကားနောက်ပိုင်း မြေပြင်ရှိ ဘိုင်စကယ်၏ လက်ကိုင်ကို ကိုင်ရင်း ရပ်နေသူ မောင်စောနောင်ကို လှည့်ပြန်လေး တစ်ချက်ကြည့်ပြီး မမြင့်ဝေသည် ဒရိုင်ဘာထိုင်ခုံ၌ ဝင်ထိုင်သည်။

မွေးညင်းစိမ်းစိမ်းများ ထင်ရှားစွာ လွှမ်းဖုံးနေသော ကျောက်ဖယောင်းသားပမာ နုညက်ဝင်းဝါသည့် လက်ချောင်းလေးများနှင့် မမြင့်ဝေက ကားသော့ကိုကိုင်ကာ စက်ကို နှိုး၏။ အပြာဖျော့ဖျော့ ရှဘီယာရုံသားအင်္ကျီလက်ပြတ်ကလေးကိုသာ ဝတ်ထားသောကြောင့် အဆစ်အမြစ် မထင် လုံးဝန်းပြေပြစ်သည့် မမြင့်ဝေ၏ ရွှေနှံ့သာရည်သွေး လက်ရုံးလက်မောင်း လက်သွယ်သွယ် ပျောင်းပျောင်းလေးများကို ကိုသက်ခိုင် သတိမထားပေလျက် မြင်မိသား ဖြစ်နေ၏။

ကိုသက်ခိုင်သည် အငိုက်မိရာမှ သတိဝင်ကာ သက်ပြင်းရှိုက်မိ၏။ တတ်နိုင်လျှင် မျက်စိကို ပိတ်ပစ်လိုက်ချင်သည်။ ကားပေါ်မှ ဆင်းပြေးချင်သည်။

ကြုံးဖူးပါ၏။ ကြုံဖူးခဲ့ပါ၏။ ယခုမှ ကြုံပြန်လေရသည်။

နားထဲတွင် "ကျွန်တော် ကားမစီးချင်ဘူး"ဟူသော စကားက ပဲ့တင်ထပ်လာသည်။ ဤစကား၏ အသံရှင်မှာ မောင်စောနောင်မှု မဟုတ်။ ဤပဲ့တင်သံသည် ကိုသက်ခိုင်၏ ရင်တွင်းမှ ပဲ့တင်သံဖြစ်သည်။ ဝေးလံခဲ့ပြီဖြစ်သော အတိတ်ကာလမှ ပြန်လာသော ပဲ့တင်သံ ဖြစ်သည်။

"ကြုံပြန်လေရသည်၊ ကြုံမှ ကြုံပြန်လေရသည်. . ."

ကိုသက်ခိုင်က ရင်ထဲမှ ညည်းမိ၏။

ကားသည် ကျောင်းဝင်းအတွင်းမှ ထွက်၍ မကွေး-တောင်တွင်းကြီးလမ်းပေါ် ရောက်ခဲ့ပြီး မြို့ထဲဘက်သို့ ထွက်လာခဲ့၏။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**

## သမချေးငွေကျပ်တစ်သိန်းမှ ငါးသိန်းထုတ်ချေး

**ဇန်းမောက် ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဇန်းမောက်မြို့နယ်တွင် China Exim Bank မှ ပံ့ပိုးချေးငွေရယူပြီး အခြေခံသမအသင်းများသို့ ငွေကျပ်တစ်သိန်းမှငါးသိန်းထိ စိုက်ပျိုးစရိတ်တိုးမြှင့်ထုတ်ချေးမည့် အခမ်းအနားကို ဇူလိုင် ၁၉ ရက် မွန်းတည့် ၁၂ နာရီက သမဝါယမဦးစီးဌာန ရုံးခန်းမ၌ ကျင်းပခဲ့သည်။

ဇန်းမောက်မြို့နယ်အတွင်းရှိ အခြေခံ သမအသင်း ၄၀ သင်းမှ အသင်း သား ၅၆၇ ဦးတို့အား China EXIM Bank မှ ထုတ်ချေးငွေပေါင်း သိန်း ၁၄၇ ဒသမ ၅၇၀ ကို စိုက်ဧက ၂၁၆၉ ဒသမ ၂၈ ဧကအတွက် ဇန်းမောက်မြို့ သမဝါယမအသင်းစုမှ ဇူလိုင် ၁၉ ရက်တွင် နေ့ချင်းပြီးထုတ်ချေးပေးသွားကြောင်းသိရသည်။

**ပြန်/ဆက် (ဇန်းမောက်)**

# တီးတိန်မှ မီဇိုရမ်သို့ ဆက်သွယ်ပေးမည့် ဖီလ်ချောင်းတံတား ဆောက်လုပ်ပြီးစီး

**တီးတိန် ဇူလိုင် ၂၂**

ချင်းပြည်နယ် တီးတိန်မြို့နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းဖြင့် ဆောင်ရွက်သော တီးတိန်-လိုင်လိုး-ထာလ်မွာလ်-ဖိုင်ယား-ဘုတ်ဖိလ်-ဖာရ်တလန်ကျေးရွာမှ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်သို့ ဆက်သွယ်ပေးမည့် ဖီလ်ချောင်းကူး သံပေါင်ရက်မတံတားမှာ ရာနှုန်းပြည့် ဆောက်လုပ်ပြီးစီးခဲ့သည်။

အဆိုပါတံတားမှာ အရှည် ၆၀ ပေ၊ အကျယ် ၁၄ ပေအား ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၂၀၀ ဖြင့် ထာလ်မွာလ်ကျေးရွာမှ ကန်ထရိုက်တာ ဦးကမ် ဇထန်(ခ)ထန်ပီးက တာဝန်ယူဆောက်လုပ်ခဲ့ကြောင်း သိရသည်။

"အခု ဒီချောင်းကူးတံတားကို မိုးရာသီမတိုင်ခင် အချိန်မီပြီးစီးဆောက်လုပ်ခဲ့တဲ့အတွက် ဒေသခံပြည်သူတွေနဲ့ ခရီးသွားလာသူတွေ အဆင်ပြေချောမွေ့စွာ သွားလာလို့ရပါပြီ။ အရင်က ဒီချောင်းကို မိုးတွင်းကာလမှာ ဖြတ်ကူးဖို့ အလွန်ခက်ခဲပါတယ်။ ဒီတံတားဖြစ်မြောက်ဖို့အတွက် ငွေကျပ် သိန်း ၃၀၀ လောက်ကုန်ကျပြီး နိုင်ငံတော်က သိန်း ၂၀၀ နဲ့ တံတားဆောက်လုပ်ပေးတဲ့ ကန်ထရိုက်တာကပဲ ငွေကုန်ကြေးကျသမျှတာဝန်ယူစိုက်ထုတ်ပေးပါတယ်။

"အခုဆိုရင် မီဇိုရမ်ပြည်နယ်ကို တစ်ရက်တည်းခရီးနှင်လို့ရတဲ့ နယ်စပ်လမ်းတစ်လမ်းဖြစ်လာပါပြီ။ ဒီဒေသမှာနေထိုင်သူတွေအတွက် သာရေး၊ နာရေးနဲ့ အရေးပေါ်ကိစ္စတစ်ခုခုကြုံရင် နွေမိုးဆောင်းရာသီမရွေး ကူးလူးဆက်သွယ်သွားလာနိုင်ပြီဖြစ်လို့ ဝမ်းသာပီတိဖြစ်နေကြတာတွေ့မြင်ရပါတယ်" ဟု ဒေသခံ ဦးခုပ်ပေါင်က ပြောသည်။



အဆိုပါဖီလ် ချောင်းကူးတံတားသည် ယခင်နှစ်များတွင် ယာယီတံတားခင်း၍ သွားလာကြရာမှ ယခုအခါ နိုင်ငံတော်၏စေတနာနှင့် အလှူရှင်ကန်ထရိုက်တာ၏ စေတနာဖြင့် သံပေါင်ရက်မတံတား တည်ဆောက်ပေးခြင်းကြောင့် အများပြည်သူ သွားလာမှု အဆင်ပြေချောမွေ့ခြင်း၊ ကုန်စည်စီးဆင်းမှု မြန်ဆန်လာခြင်း၊ ကျေးလက်နေပြည်သူများ၏ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်းစသည့် အကျိုးကျေးဇူးများခံစားရမည်ဖြစ်သည်။

**ဇိုဟေဆာ**

## နတ်တလင်းမြို့အထွက်ရှိလမ်းပိုင်းမှာ ချိုင့်ခွက်များကြောင့် သွားလာရခက်ခဲ၍ပြုပြင်ပေးရန်ဒေသခံများလိုလား

**နတ်တလင်း ဇူလိုင် ၂၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့အထွက်ရှိ တာပွန်သို့သွားသောလမ်းမှာလမ်းအရှည် ၁ မိုင် ၇ ဖာလုံရှိပြီး အာသောကဘုန်းကြီးကျောင်းရှေ့မှစ၍ နတ်တလင်းမြို့ သုသာန်နား အထိချိုင့်ခွက်များရှိနေခြင်းကြောင့် မိုးရာသီတွင် သွားလာရေးအခက်အခဲများဖြစ်ပေါ်နေ၍ ဒေသခံများက သက်ဆိုင်ရာ တာဝန်ရှိသူများမှ ပြုပြင်ပေးရန်လိုလားလျက်ရှိကြောင်း သိရသည်။

ယင်းလမ်းမှာမိုးတွင်းတွင်လည်း သွားလာရခက်ခဲပြီး နွေရာသီတွင်လည်းဖုံများထ၍ ခရီးသွားလာသူများနှင့် ဒေသခံပြည်သူများစိတ်မချမ်းသာဖြစ်နေရကြောင်းမြို့ခံတစ်ဦးက ပြောသည်။

အဆိုပါ လမ်းမှာမိုးညိုမြို့နယ်မှစပြီး ရန်ကုန်-ပြည်ကားလမ်းမကြီးနှင့် ဆက်သွယ်ပြီး အဓိကကျသောလမ်းဖြစ်သည်။ ကျန်သောလမ်းပိုင်းများသည် ကတ္တရာလမ်းဖြစ်သည်။

**ဝ၇၁**

# မော်လမြိုင်တွင် ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာကုမ္ပဏီဥပဒေ၏ကိစ္စရပ်များဆွေးနွေး

**မော်လမြိုင်၊ ဇူလိုင် ၂၀**

ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ လက်ရှိကျင့်သုံးလျက်ရှိသော ၂၀၁၂ ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို (International Finance Cooperation-IFC) ၏ နည်းပညာအကူအညီဖြင့် ပြန်လည်ပြင်ဆင်ရေးဆွဲထားသည့် ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်နှင့် ပတ်သက်သည့် အချက်အလက်များကို အများသိရှိနိုင်ရန်နှင့် လိုအပ်ချက်များအား အကြံပြုနိုင်ရန် ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာကုမ္ပဏီဥပဒေတို့နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအား ရှင်းလင်းတင်ပြဆွေးနွေးပွဲကို ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီက မွန်ပြည်နယ် အစိုးရအဖွဲ့ရုံး ဟသာခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မွန်ပြည်နယ် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဒေါက်တာမင်းနွယ်စိုးက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ အထူးလိုအပ်နေသည့် မြန်မာနိုင်ငံအနေဖြင့် အသစ်ရေးဆွဲထားသည့် ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ပိုမိုလွယ်ကူစီးဝင်လာစေသလို မိမိနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများ၏ စီးပွားရေးလုပ်ငန်းတွေကိုလည်းထိရောက်စွာ အကာအကွယ်ပေးနိုင်မည်ဟု မျှော်လင့်ကြောင်းကို ပြောကြားခဲ့သည်။

ထို့အတူ ခေတ်နှင့်အညီပြန်လည်ရေးဆွဲထားသည့် ကုမ္ပဏီဥပဒေသည်လည်း ပိုမိုလွယ်ကူသည့် လုပ်ငန်းစဉ်တွေနှင့်ကုမ္ပဏီကို လျင်လျင်မြန်မြန် ဖွဲ့စည်းမှတ်ပုံတင်နိုင်မည်ဟု ယုံကြည်သလို၊ ကုမ္ပဏီတွေကို စည်းမျဉ်းစည်းကမ်းနှင့်အညီ ပိုမိုကြီးကြပ်နိုင်မည်ဟုလည်း မျှော်လင့်မိကြောင်း ၎င်းက ထပ်လောင်း ပြောသည်။

ယင်းနောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက အသစ်ပြင်ဆင်ရေးဆွဲလျက်ရှိသော ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာကုမ္ပဏီ ဥပဒေတို့အား ရှင်းလင်းတင်ပြခဲ့သည်။

မွန်ပြည်နယ်တွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းများတွင် စက်မှုကဏ္ဍလေးခု၊ ဝန်ဆောင်မှုကဏ္ဍတစ်ခုနှင့် စွမ်းအင်ကဏ္ဍ ၁၉ ခု ရှိပြီး နိုင်ငံပေါင်း ၁၁ နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံထားကာ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ်သန်းပေါင်း ၆၃၈၂ ဒသမ ၄၀ ရှိသည်။

**ဆက်နေမင်းအောင်**



## ကျွန်းလှကားလိုင်းများပုံမှန်ပြန်လည်ပြေးဆွဲနေပြီဖြစ်

**ကျွန်းလှ ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်လှမြို့၌ ယခင်ရက်များတွင် မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ကားလိုင်းမြို့တွင်းသို့ ဝင်ရောက်နိုင်ခြင်းမရှိဘဲ ရပ်နားထားပြီး ယခုကျွန်းလှ-ကန့်ဘလူ-ရွှေဘို-မန္တလေး-ရန်ကုန်အဝေးပြေးကားများ ပုံမှန်ချိန် ပြန်ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ အဝေးပြေးကားများသည်ဇူလိုင်၁၆ရက်နေ့မှစ၍ မိုးသည်းထန်စွာရွာသွန်းသောကြောင့် ချောင်းရေများမြင့်တက်၍ ကျွန်းလှ-ကန့်ဘလူကြားကားလမ်းများရေကျော်ပြီး ကားများ ကျွန်းလှမြို့သို့ဝင်ရောက်နိုင်ခြင်းမရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ကျွန်းလှမြို့ ကားလမ်းတွေရေကျော်နေလို့ ဇူလိုင် ၁၆ ရက်ကစပြီး ကားလိုင်းငါးလိုင်းလုံးတစ်စီးမှ ဝင်ရောက်နိုင်ခြင်းမရှိဘဲ ကန့်ဘလူမြို့တွင်သာ ရပ်နားထားရပါတယ်။ ဇူလိုင် ၁၉ ရက် ညနေမှာတော့ ကားလမ်းရေကျသွားတဲ့အတွက် မြို့တွင်းဝင်ရောက်လာနိုင်ပါတယ်။ ယခုချိန်မှာ ကျွန်းလှမြို့မှစတင်ပြီး ပုံမှန်ချိန်အတိုင်း ပြန်လည်ပြေးဆွဲနေပြီဖြစ်ပါတယ်" ဟု အောင်ရတနာဂိတ်မှူးက ပြောပြသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## အခြေခံသမအသင်းသားများအား ငွေကျပ်တစ်သိန်းမှ ငါးသိန်းအထိ တိုးမြှင့်ထုတ်ချေး

**ဝက်လက် ဇူလိုင် ၂၂**

ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝက်လက်မြို့နယ်သမဝါယမဦးစီးဌာနမှ သမဝါယမဝန်ကြီးဌာန၏ ဆင်းရဲမှုလျှော့ချရေးအစီအစဉ်အရအခြေခံသမအသင်းများအားတရုတ်ပြည်သူ့သမ္မတနိုင်ငံ Exim Bank မှ ချေးငွေများကိုအတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးလျက်ရှိရာ ဇူလိုင် ၂၀ ရက်က ငွေကျပ်တစ်သိန်းမှ ငါးသိန်းအထိတိုးမြှင့်ချေးပေးရေး အစီအစဉ်ဖြင့် ဝက်လက်မြို့နယ်အတွင်းရှိ အခြေခံသမအသင်း ၁၂၇ သင်းမှ အသင်းသား ၂၂၆၆ ဦးအား ငွေကျပ်သိန်းပေါင်း ၄၀၉၇ ကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ထိုသို့ Exim Bank ချေးငွေကျပ်တစ်သိန်းမှ ငါးသိန်းအထိ တိုးမြှင့်ချေးပေးခြင်းကို ပထမအကြိမ် ချေးငွေချေးပြီးသော အသင်းများကို ထုတ်ချေးပေးခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသို့ ချေးပေးရာတွင် လယ်ဧကပိုင်ဆိုင်မှုများပြားပြီး ပြန်လည်ပေးဆပ်ရာတွင်လည်း တာဝန်သိစွာ ပြန်လည်ပေးဆပ်သော အသင်းသားများကို ဦးစားပေး၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်းကို ဝက်လက်မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နွဲ့က ပြောပြသည်။

သမချေးငွေများကို ယခင်က အသင်းသားတစ်ဦးလျှင် ငွေကျပ်တစ်သိန်း ချေးပေးရာမှ ယခုအကြိမ်တွင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် တိုးမြှင့်ချေးပေးပြီး အတိုးနှုန်းမှာလည်း ငွေကျပ် ၁၀၀ လျှင် တစ်ကျပ်ခွဲတိုးနှုန်းဖြင့် ချေးပေးခဲ့ရာမှ ယခုအကြိမ်ကစပြီး တစ်ကျပ်တစ်ဆယ့်ငါးပြားအတိုးနှုန်းဖြင့် ချေးပေးခြင်းဖြစ်ကြောင်းကို မြို့နယ်သမအသင်းစုဥက္ကဋ္ဌ ဦးပေါ်ရှင်က ပြောပြသည်။

**နန်းမြင့်(ဝက်လက်)**

## ကျောက်ကြီးမြို့နယ် လယ်သမား ၄၁၀၅ ဦးအား စိုက်ပျိုးစရိတ်ထုတ်ချေး

**ကျောက်ကြီး ဇူလိုင် ၂၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်က မိုးရာသီလယ်ယာလုပ်ငန်းခွင် အဆင်ပြေစွာလုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို ဇူလိုင် ၁၇ ရက်အထိ တောင်သူလယ်သမား ၄၁၀၅ ဦးသို့ ငွေကျပ်သိန်း ၃၀၈၇၀ ထုတ်ချေးပေးခဲ့ပြီးဖြစ်သည်။

"ကျေးရွာအုပ်စု ၃၃အုပ်စု ထုတ်ချေးပေးရမှာ ၂၇ အုပ်စုကို ထုတ်ချေးပေးခဲ့ပြီးဖြစ်ပါတယ်။ ကျန်တဲ့ ခြောက်အုပ်စုကိုလည်း ဩဂုတ်မကုန်မီ အပြီးထုတ်ချေးပေးသွားမှာဖြစ်ပါတယ်" ဟု ကျောက်ကြီးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မန်နေဂျာဦးရီစိုးက ပြောသည်။

စိုက်ပျိုးစရိတ်ချေးငွေများကို လယ်တစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိရာ ယမန်နှစ်က ကျပ်သိန်းပေါင်း ၄၈၅၅၇ ထုတ်ချေးပေးခဲ့ပြီး ယခုနှစ်တွင် လယ်ယာစိုက်ပျိုးမြေ ဧကပိုမိုလာနိုင်၍ ယမန်နှစ်ကထက် စိုက်ပျိုးစရိတ်ချေးငွေများ ပိုမိုလာနိုင်သည်ဟု ခန့်မှန်းတွက်ချက်ထားရှိကြောင်း သိရသည်။

**(၁၂၂)**

## ပဋိပက္ခဂရုပြုသတင်း ရေးသားနည်း မွမ်းမံသင်တန်းဆင်း

**မြစ်ကြီးနား ဇူလိုင် ၂၂**

မြန်မာသတင်းပညာသိပ္ပံ(MJI)က ကြီးမှူးဖွင့်လှစ်သည့် ပဋိပက္ခဂရုပြုသတင်းရေးသားနည်း မွမ်းမံသင်တန်းဆင်းပွဲကို ဇူလိုင် ၂၀ ရက် ညနေ ၅ နာရီက မြစ်ကြီးနားမြို့ရှိ ဟိုတယ်မဒီရာခန်းမ၌ ကျင်းပခဲ့ပြီး သင်တန်းနည်းပြ ဦးကျော်ဇေယျာထွန်းက သင်တန်းသား၊ သင်တန်းသူများ သို့ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

သင်တန်းသို့ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ သတင်းမီဒီယာသမား ၁၀ ဦးနှင့် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှရွေးချယ်စေလွှတ်သည့် ဝန်ထမ်းသုံးဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။

**(၄၉၉)**

## နိုင်ငံပိုင်သိမ်းဆည်းထားသော ဆိုင်ကယ်များ လေလံပစ်မည်

**နွားထိုးကြီး ဇူလိုင် ၂၂**

နွားထိုးကြီးမြို့နယ်တွင် ရုံးတင်တရားစွဲဆိုရာ၌ သက်သေခံပစ္စည်းအဖြစ်တင်ပြသော နိုင်ငံပိုင်သိမ်းဆည်းလိုက်သည့်မော်တော်ဆိုင်ကယ် ၁၂စီးကိုပထမဦးဆုံးအကြိမ်အဖြစ်တိုင်းတရားရုံး၏ ခွင့်ပြုချက်နှင့် လေလံပစ်သွားရန်ရှိနေကြောင်း သိရသည်။ အဆိုပါလေလံပစ်ရာတွင် တစ်စီးခြင်းမပစ်ဘဲ အတွဲလိုက်စနစ်ဖြင့်လေလံပစ်သွားရန် ရှိကြောင်း နှင့်အချို့ဆိုင်ကယ်များမှာ သံရည်ကျိုရန်ဖျက်ဆီးခွင့်ပေးထားသည်။

နွားထိုးကြီးမြို့နယ်တွင် တရားစွဲဆိုသောအမှုများနှင့် ပတ်သက်၍တရားရုံးနှင့် မြို့မရဲ စခန်းတွင် ဆိုင်ကယ်အစီး၅၀ ထက်မနည်းသိမ်းဆည်းထား ကြောင်းသိရသည်။

**ဒွေးမြင့်မောင်**



# သွေးတိုးရောဂါနှင့် သတိပြုစရာ လေစာ

ခ ကြည်လွင်မြင့်(မုဒြာ)

စာရေးသူ၏ ဆေးခန်းသို့ လျှာလေးပြီး စကားမပီသူ ခပ်ဝဝအမျိုးသမီးလူနာတစ်ဦး ရောက်လာပါသည်။ သူသည် အသက် ၅၀ ကျော်ရှိပြီ။ သူဘာဖြစ်ခဲ့သည်ကို သူ့ဖာသာ မပြောနိုင်။ နံဘေးမှ ပါလာသူ မိသားစုဝင်တစ်ဦးက ပြောပြရပါသည်။

နံနက်စောစော ၃ နာရီခန့်က အပေ့ါထသွားရင်း ခေါင်းထဲမှ မူးပြီးလဲကျမလိုဖြစ်ခဲ့သည်။ ဆောင်းတွင်းဖြစ်၍ အေးနေသော အချိန်လည်းဖြစ်သည်။ အိမ်သားများသိ၍ အချိန်မီ အိပ်ရာပေါ်သို့ တွဲခေါ်ကြသည်။ လဲမကျပါ။ သို့သော် သူမစကားပြောသောအခါ လျှာလိပ်ပြီး စကားမပီတော့ကြောင်း ပြောပါသည်။ နံနက်လင်းချိန်တွင် ဆေးခန်းတစ်ခုတွင် သွေးပေါင်ချိန်ကြည့်သောအခါ သွေးတိုးတက်နေကြောင်းပြောပါသည်။ အပေါ်သွေး ၁၈၀ (မီလီမီတာ/ပြဒါး) အောက် သွေး ၁၂၀ (မီလီမီတာ/ပြဒါး) ရှိနေသဖြင့် သွေးတိုးကျဆေး ထိုးပေးလိုက်သည်ဟုပြောပါသည်။

သွေးတိုးရောဂါသည် အငန်စားမှသာတိုးသည်မဟုတ်။ အအေးပတ်လျှင်လည်း တိုးတတ်ပါသည်။ ရေချိုးမှား၍၊ လေတိုက်ထဲတွင် အိပ်မိ၍၊ ပန်ကာလေ၊ အဲယားကွန်း အအေးလွန်ကဲခြင်းတို့ကြောင့် သွေးကြောများ အအေးပတ်၍ ကျုံ့ပြီး သွေးပေါင် တက်လာတတ်ပါသည်။

လျှာလေး(လျှာလေဖြတ်)သွားသူ အမျိုးသမီးကြီး၏ ရာဇဝင်ကို မေးမြန်းကြည့်သောအခါ အသက် ၄၀ ကျော်မှစပြီး လူဝလာပြီး သွေးတိုးဝင်လာသည်။ သွေးကျဆေးကို စွဲမစားပါ။ ခေါင်းမူးသည့်အခါစားသည်။ ပိုပြီးဝလာမှာစိုးသဖြင့် အဆီများရှောင်သည်။ ဝက်သား၊ အမဲသား ခြေလေးချောင်းရှောင်သည်။ အချိုရှောင်သည်။ သွေးချို၊ ဆီးချိုဝင်မည်စိုးသဖြင့် အစပ်နှင့်အခါးကိုသာ များများစားသည်ဟု ဆိုပါသည်။

ဖြစ်မယ့်ညက ညစာဘာစားမိသလဲ ဟုမေးသောအခါ ပုံမှန်ထမင်းဟင်းပဲစားသည် ဟုပြောသည်။ ဘာဟင်းနှင့် စားသလဲမေးသောအခါ ကြက်သားဟင်း၊ အသီးအရွက်ကြော် အနည်းငယ်စားသည်ဟုပြောသည်။ သင့်သောအစာများပင်ဖြစ်ပါသည်။ အခြားဘာများစားမိသေးလဲမေးမှ ကြက်ဟင်းခါးသီးကြော်လည်းပါသည်ဟု ပြောပါသည်။

သွေးတိုးရှိသူ အတော်များများသည် အငန်ရှောင်ရမည်။ ဆားရှောင်ရမည်ကို သိကြပါသည်။ သို့သော် အရေးကြီးသော အခြားရှောင်ရန်ရှိသေးသည်ကို မသိကြပါ။ ထိုအရာမှာ လေစာဖြစ်ပါသည်။ လေစာကြောင့် သွေးတိုးလျှင် အငန်စားမိ၍ သွေးတိုးသည်ထက် ပို၍ဆိုးတတ်ပါသည်။ အာယုဗေဒဆေးပညာ၏အလိုအရ ခန္ဓာကိုယ်အတွင်း သွေးများစီးဆင်းနေခြင်းမှာ လေတွန်းအားကြောင့်ဖြစ်သည်။ ဝါယောဓာတ်၏တွန်းကန်မှုကြောင့် ဖြစ်သည်။ လေစာ(ဝါယောစာ)စားသောအခါ နဂိုသွေးတိုးအခံရှိသူများမှာ လေတွန်းအားကြောင့်ပို၍ သွေးတက်လာခြင်းဖြစ်ပြီး ဆောင့်တက်ခဲ့လျှင် ဦးနှောက်ထဲမှသွေးကြောပေါက်သည်အထိ ဖြစ်နိုင်သည်။

ထိုအမျိုးသမီးကြီး၏ညစာတွင်ပါဝင်သော ကြက်ဟင်းခါးသီးမှာ အခါးအရသာရှိသောလေစာဖြစ်သည်။ ခွေးတောက်ရွက်၊ တမာရွက်၊ ကြက်ဟင်းခါးသီး၊ ကြောင်လျှာသီး၊ ကင်းပုံသီးစသည်တို့မှာ ခါးသော အရသာရှိသော လေစာများဖြစ်သည်။ လေတိုးပွားပြီး တွန်းကန်စေသဖြင့် လေတိုး(သွေးတိုး) စေသောအစာများဖြစ်သည်ကို သတိထားကြစေချင်သည်။

မူလသွေးတိုးအခံရှိသူသည် သွေးကျဆေးလည်း ပုံမှန်မသောက်၊ ကြက်ဟင်းခါးသီးကဲ့သို့ လေစာစားမိသောအခါ သွေးပေါင်တက်လာသည်။ ညအိပ်နေစဉ်က ဘာမှမဖြစ်သေး။ အပေါ့အပါးသွားရန်အပြင်ထွက်သောအခါ အအေးပတ်ပြီး သွေးကြောများကျုံ့နေသဖြင့် သွေးပေါင်ချိန်ပိုတက်လာသည်။ သွေးပေါင်တက်ခြင်းသည် နှလုံးမှ သွေးကို ပို၍ညှစ်ပို့သောကြောင့် ဖြစ်သည်။ ညှစ်အားကြောင့် ဦးနှောက်အတွင်းမှ သွေးကြောငယ်လေးများ ပေါက်ထွက်သွားခြင်းဖြစ်သည်။ အချို့မှာလည်း ညှစ်အားကြောင့် သွေးကြောနံရံမှအဆီခဲ၊ သွေးခဲတို့ ပတ်မျောပါသွားပြီး ဦးနှောက်အတွင်းပိုင်းတွင် သွားရောက်ပိတ်ဆို့လိုက်ခြင်းကြောင့် လေဖြတ်ရခြင်းဖြစ်သည်။

ကြက်ဟင်းခါးသီးကို ကြိုက်လွန်းလို့ ငယ်ငယ်လေးထဲကစားလာတာ အခုမှ ဘာ ကြောင့်လာပြီးလေဖြတ်ရသလဲဟု မေးစရာရှိပါသည်။

ငယ်ငယ်တုန်းက သွေးကြောများ၏အနေအထားမှာ ယခု အသက် ၅၀ ကျော်အနေအထားနှင့် မတူပါ။ ပလတ်စတစ်ပိုက်များကို ကြည့်ပါ။ ဝယ်ယူသုံးစွဲခါစက အသစ်ဖြစ်၍ ပျော့ပြောင်းသည်။ ရေတွန်းအားကိုခံနိုင်သည်။ သို့သော် နှစ်ကြာလာသောအခါ ထိုပလတ်စတစ်ပိုက်များသည် မာကြောလာသည်။ ကြွပ်ဆတ်လာသည်။ ရေယိုပြီးစိမ့်သည့်နေရာများရှိလာသည်။ ရေဖိအားပြင်းထန်လျှင် ပိုက်ကွဲသွားနိုင်သည်။ ဤသဘောပင်။

နှလုံးသွေးကြောနှင့် သွေးလှည့်အဖွဲ့၏ သဘောမှာ အသက်ကြီးလာလျှင် ဒဏ်မခံနိုင်တော့ပါ။ အအေးပတ်မှ မဟုတ်။ အပူလွန်ကဲလျှင်၊ ပင်ပန်းလျှင်၊ စိတ်တိုဒေါသထွက်လျှင် ရုတ်တရက် လဲကျသွားနိုင်သည်။ လေဖြတ်သွားနိုင်သည်။ လေဖြတ်သူ၊ လဲကျသူ မှန်သမျှကို လေ့လာဆန်းစစ်ကြည့်သောအခါ ထိုသို့မဖြစ်မီ နာရီအနည်းငယ်အတွင်းက သူတို့သည် လေစာတစ်မျိုးမျိုးကို စားထားခဲ့ကြကြောင်း တွေ့ရှိရပါသည်။

သွေးတိုး၍လေဖြတ်ခြင်းများတွင် ခန္ဓာကိုယ်၏ဘယ်ခြမ်းလေဖြတ်ခြင်း၊ ညာခြမ်း လေဖြတ်ခြင်း၊ ပါးရွဲ့လေဖြတ်ခြင်းများ ရှိသကဲ့သို့ ခန္ဓာကိုယ်မှာ အကောင်းပကတိ လှုပ်ရှားနိုင်သော်လည်း စကားမပီ၊ မပြောနိုင်တော့သည့် လျှာလေဖြတ်ခြင်းလည်း ရှိပါသည်။ ဖြစ်ခဲသော်လည်း အများအပြား တွေ့ရဖူးပါသည်။

ဘယ်သန်သူများ ဘယ်ခြမ်းလေဖြတ်လျှင် စကားမပီ၊ လျှာပါရွဲ့စောင်းပြီး လေဖြတ်လေ့ရှိပါသည်။ မသန်သည့်အခြမ်းကို လေ့ကျင့်ခန်းလုပ်ပေးခြင်း၊ တိုင်းရင်းဆေးအကြောပြင်ပညာတို့နှင့် ပြုပြင်ကုသပေးခြင်းတို့နှင့် ပြန်ကောင်းနိုင်သော်လည်း လျှာကို အကြောပြင်၍မရပါ။ လျှာပွတ်ဆေးကို အားကိုးရပါသည်။ အနောက်တိုင်းဆေးတွင် လျှာပွတ်ဆေးမရှိပါ။ တိုင်းရင်းဆေးက ဤနေရာတွင် အားသာချက်ရှိသည်။

နန်းတွင်းလျှာပွတ်ဆေးသည် မြန်မာဘုရင်လက်ထက်က နန်းသုံးဆေးဖြစ်ပြီး တိုင်းရင်းဆေး အမှတ်(၃၂)ဟု သတ်မှတ်ထားသည်။ ၎င်းဆေးတွင် အဆိပ်ပင်များဖြစ်သော ဆီမီးတောက်ဥ၊ ကိုယ်ရံကြီးဥ၊ ပဒိုင်းမြစ်၊ မျှားဆိပ်စသော အစွမ်းထက်သည့်ဆေးအမယ်များပါဝင်သည်။ အဆိပ်ပင်လော၊ ဆေးပင်လော အဆိပ်သည် ဆရာ့လက်ရောက်လျှင် ဆေးဖြစ်သည်ဟု ဆိုနိုင်လေသည်။

အခြားဆရာကိုင် လေဖြတ်လျှာပွတ်ဆေးများလည်းရှိသည်။ လျှာရွဲ့ခြင်း၊ လျှာတိုခြင်း၊ စကားမပီခြင်း၊ သွားရည် မထိန်းနိုင်ခြင်းများကို ရှေးမြန်မာတိုင်းရင်းဆေးဆရာကြီးများက နိုင်နင်းပိုင်နိုင်စွာ ကုသနိုင်ခဲ့ကြပါသည်။ လေစာများအကြောင်းကို ဆက်လက်တင်ပြရလျှင် . . .

ဝက်သားသည် လေစာဖြစ်သည်။ သွေးတိုးနိုင်သည်။ ဝက်သားစားသည့်နေ့တွင် ကြက်ဟင်းခါးသီးချက်မစားရ။ ခွေးတောက်ရွက်ဟင်းချိုမသောက်ရ။ ကြောင်လျှာသီးချက်မစားရ။ လက်ဖက် (အခါးမည့ှစ်ဘဲ)မစားရ။ တမာရွက်မစားရပါ။ စားမိလျှင် တစ်နေ့တည်း လေစာနှစ်မျိုးထပ်မိပြီး သွေးတိုး(လေတိုး)တက်ပြီး လေဖြတ်ခြင်း၊ ဦးနှောက်သွေးကြောပြတ်ခြင်း ဖြစ်နိုင်ပါသည်။

ဆီးချိုရောဂါရှိသူများသည် အခါးစားမိလျှင် ဆီးချိုသက်သာမည်ထင်ပြီး တစ်နေ့တည်း အခါးနှစ်မျိုးစားမိလျှင် သွေးတိုးပြီး လေဖြတ်နိုင်ပါသည်။ ဆီးချိုထိန်းဆေးများကို ကျွမ်းကျင်သည့် ဆရာဝန်၏ညွှန်ကြားချက်အတိုင်းသာစားသင့်သည်။ အခါးစားလွန်းလျှင်လေစာဖြစ်ပြီး သွေးတိုးရောဂါပါ ထပ်တိုးလာနိုင်ပါသည်။

နရသုခိကျမ်းတွင် 'ယားယံခြင်းကား လေကင်းမှတ်ရာ' ဟု မိန့်ဆိုချက်ရှိသဖြင့် ယားနာရောဂါ၊ အရေပြားရောဂါရှိသူများလည်း လေစာ၊ အခါးဓာတ်များမစားသင့်ပါ။ အရသာခါးလျှင် လျှော့စား၊ ရှောင်စားသင့်ပါသည်။ သွေးယားရောဂါ Alergic ရှိသူများလည်း လေစာစားလျှင် ရောဂါပြန်ထလေ့ရှိကြောင်း တွေ့ရပါသည်။

ထို့အပြင် ဖုန်၊ ကြက်မွေး၊ ငှက်မွေး၊ စူးရှသောအနံ့၊ ဓာတ်ဆီ၊ ဒီဇယ်အနံ့များကြောင့် Alergic ထသည်ကိုသိကြသော်လည်း လေစာကြောင့် သွေးယားရောဂါထသည်ကို သိသူနည်းသဖြင့် တင်ပြရခြင်းဖြစ်ပါသည်။

သွေးတိုးရောဂါ၊ ဆီးချိုရောဂါရှိသူအားလုံး လေစာကို သတိထားစားရန်၊ တတ်နိုင်သမျှရှောင်စားရန်၊ လျှော့စားရန်နှင့် အထူးသတိပြုရန်မှာ တစ်နေ့တည်း၊ တစ်ကြိမ်တည်းမှာ လေစာနှစ်မျိုးဆင့်၍ မစားမိကြရန် သတိပြုကြဖို့ အသိပေးရေးသားလိုက်ရပါသည်။

# ကမ်းပြိုကာကွယ်ရေးအတွက်ရေစီးအားလျော့နည်းစေမည့် Steel Cable Groyne များတပ်ဆင်မည်



မန္တလေး ဇူလိုင် ၂၂

ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနက မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် အတွင်းရှိမြစ်ကမ်းပါးပြိုကျေးရွာများအတွက် ရေစီးအားလျော့နည်းစေသည့် ပေ ၂၀၀ အရှည်ရှိ Steel Cable Groyne နှစ်ခုကို ဇူလိုင် ၂၁ ရက်မှ စတင်လုပ်ဆောင်ကြောင်းသိရသည်။

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်အတွင်းရှိဟသာ၊ မကျေးရွာ၊ မြစ်ကမ်းကြီးကျေးရွာ၊ ကြက်တူရွေးကျေးရွာတို့တွင် ဇူလိုင်လပထမပတ်အတွင်းက ကမ်းပါးပြိုမှုဖြစ်ပေါ်ခဲ့ပြီး ဇူလိုင် ၁၉ ရက်အထိ အိမ်ထောင်စု ၄၃စု ရွှေ့ပြောင်းခဲ့ရသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကမ်းပြိုကာကွယ်ရေးအတွက် ကျပ်ဆယ်သိန်း ထောက်ပံ့ငွေ ပေးအပ်ခဲ့ကာ ကမ်းပြိုကာကွယ်ရေးအတွက် ရေစီးအားလျော့နည်းစေရန် Steel Cable Groyne ဖြင့် ပေ ၂၀၀ အရှည် နှစ်ခုကို လုပ်ဆောင်ပေးသွားမည်ဖြစ်ကာ လက်ရှိအချိန်တွင်အရေးပေါ် ကမ်းပြိုကာကွယ်ရေး လုပ်ငန်းများအားဌာနဆိုင်ရာများနှင့်ဒေသခံများ ပူးပေါင်းကာ ဆောင်ရွက်နေသည်။

မြစ်ကမ်းပါးပြိုကျမှုများကြောင့် ဒေသခံများအနေဖြင့်နေအိမ်ပြောင်းရွှေ့ရသည့်အခက်အခဲများ ကြုံတွေ့နေရကာ စိုက်ပျိုးမြေများလည်းဆုံးရှုံးနေရကြောင်း ဟသ်ာမရွာမှဒေသခံတစ်ဦးကပြောကြားသည်။

စုမိဆောင်းမိပြီဆိုတဲ့အချိန်မြစ်ကမ်းပါးပြိုတာနဲ့ ကြုံရင်ငွေရောမြေရောဆုံးရှုံးရတယ်။ အိမ်ပြောင်းရတာလည်း မလွယ်ဘူး။ မွေးရပ်မြေဆိုတော့ မစွန့်ခွာနိုင်ဘူးဖြစ်နေတယ် ဟု၎င်းကဆိုသည်။

မန္တလေးတိုင်းဒေသကြီးအနေဖြင့် ယခုနှစ်ဘတ်ဂျက်အရ ရွာပေါင်း ၂၂ ရွာတွင် ကမ်းပြိုကာကွယ်ရေး လုပ်ဆောင်ရန် ကျပ်သန်းပေါင်း ၂၉၂၄ ဒသမ ၃ သန်းနှင့်ရေလမ်းကြောင်းဖွံ့ဖြိုးရေး အတွက် ကျပ်သန်းပေါင်း ၃၂၄ သန်း စုစုပေါင်း ကျပ်သန်းပေါင်း ၃၂၄၈ ဒသမ ၃ သန်းသုံးစွဲသွားပြီဖြစ်ကြောင်းသိရသည်။

အောင်ရဲသွင်

# ပွင့်ဖြူမြို့နယ်ရှိ ကျေးရွာတချို့ မိုးအကြိုနှမ်းများ ယခင်နှစ်ကထက် အထွက်နှုန်းကျဆင်းဟုဆို

ပွင့်ဖြူ ဇူလိုင် ၂၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ရှိ ဘိုကုန်း၊ အင်းဒေါင်းနှင့် မုန်းမြင့်ကျေးရွာတို့၌ နွေစပါးအစား မိုးအကြိုနှမ်းများ ရေသွင်းစနစ်ဖြင့်စိုက်ပျိုးကြရာ ပွင့်ဖူးဆင် ခေါင်းလောင်းဆွဲချိန်မှအသီးလိုက်ချိန်အထိ တစ်လကျော်ခန့် မိုးရွာသွန်းမှုနည်းခဲ့သဖြင့် နှမ်းအထွက်နှုန်း ယခင်နှစ်ကထက်ကျဆင်းခဲ့ကြောင်း အင်းဒေါင်းကျေးရွာမှဒေသခံတစ်ဦးကပြောပြ၍ သိရှိရသည်။

"ကျွန်တော်တို့ကျေးရွာတွေ ယခုနှစ်နှမ်းအထွက်နှုန်းက မနှစ်ကထက် တော်တော်လေးနှမ်းအထွက်နည်းတယ်။ မနှစ်က နှမ်းတစ်ဧကကို ၁၈ တင်းကနေ ၂၀ ကျော်အထိရကြတယ်။ နှမ်စိုက်ပျိုးတာက စပါးစိုက်တာထက် အကုန်အကျသက်သာတယ်ဆိုပြီး ရေသွင်းစနစ်နဲ့တောင်သူတွေစိုက်ပျိုးတာ အထွက်နှုန်းက ယခင်နှစ်တွေကထက် တစ်ဝက်ကျိုးနည်းသွားတယ်။ နှမ်းက အပွင့်အဖူးမြိုင်မြိုင်လိုက်ချိန်နဲ့အသီးအောင်ချိန်တို့မှာ မိုးရွာမှအထွက်နှုန်းကောင်းတယ်။ တောင်သူတွေလည်း လုပ်သားအငှားချပြီး ရေသွင်းရေဖျန်းလုပ်ကြတယ်။ အဓိကအချိန် မိုးပြတ်ပြီးနှမ်းထောင်ချိန်ကြမှ မိုးရွာတော့ နှမ်းခါချိန်မှာလည်းအလုပ်အကိုင် ပျက်ကြတယ်။"ဟု ဒေသခံတစ်ဦးကပြောပြသည်။

ပွင့်ဖြူမြို့နယ်ရှိ အင်းဒေါင်းကျေးရွာသည်အိမ်ခြေ ၅၅၀ ခန့်နှင့်မုန်းမြင့်ကျေးရွာသည်အိမ်ခြေ ၁၅၀ ခန့်ရှိပြီး နှစ်ရွာပေါင်း ရွာကြီးဖြစ်ကြောင်း စုစုပေါင်း အိမ်ခြေ ၇၀၀ ခန့် လျှပ်စစ်မီးလင်းလျက်ရှိကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်းပြုပြင်ဆောင်ရွက်နေကြောင်းနှင့်တောင်သူတစ်ဦးလျှင်နှမ်း ၁၀ ဧကမှ ဧက ၃၀ ကျော်စိုက်ပျိုးလျက်ရှိကြောင်းသိရသည်။

ဇွဲထက်ရှင်

## မြိတ်တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပညာ အခြေခံလက်သမား၊ ပန်းရန်သင်တန်းဖွင့်ပွဲကျင်းပ

**မြိတ် ဇူလိုင် ၂၂**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေဖြင့် ကျေးလက်ဒေသများတွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ စန္ဒဝတ်ကျေးရွာအုပ်စု စန္ဒဝတ်အနောက်ကျောင်းဓမ္မာရုံ၌ မြိတ်မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကြီးမှူး၍ ဒေသခံလူငယ်များအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုပညာ အခြေခံလက်သမား၊ ပန်းရန်သင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်နိုင်ထွန်း၊ မြိတ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသိန်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအေးနိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စန္ဒဝတ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးထွန်းစိန်၊ ရပ်မိရပ်ဖများ၊ NGO များနှင့် သင်တန်းသား၊ သင်တန်းသူ ၇၀ ဦး တက်ရောက်ခဲ့ကြသည်။

သင်တန်းဖွင့်ပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားပြီး မြိတ်ခရိုင် ဦးစီးမှူး ဦးအောင်နိုင်ထွန်းက မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ မျှော်မှန်းချက်ဖြစ်သော သားငါးကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးလာစေရေး၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးလာစေရေး၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးမြင့်မားစေရေး၊ မြို့ပြကျေးလက်ဖွံ့ဖြိုးမှု ကွာဟချက်များ ကျဉ်းမြောင်းလာစေရေးနှင့် သားငါးကဏ္ဍ စားနပ်ရိက္ခာဖူလုံရေး၊ အစားအစာဘေးကင်းလုံခြုံမှုရှိစေရေးနှင့် ကျေးလက်ဒေသ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ စန္ဒဝတ်၊ ကွမ်းသီးချောင်း၊ ရွှေပေး၊ ရွာသစ်၊ ကုန်းမြင့်သာယာ၊ မရင်းငယ်ဖျား၊ ရွှေဒူး၊ သာရမဲ၊ ကျောက်ဖြူတောင်၊ ကွဲကူး၊ ချမ်းမြေ့သာရီ၊ ရေမြစ်ကြီးကျေးရွာအသီးသီးမှ ဒေသခံသင်တန်းသား ၅၉ ဦး၊ သင်တန်းသူ ၁၁ ဦး စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၇၀ ဦးတို့အား ဇူလိုင် ၂၁ ရက်မှ ၂၅ ရက်အထိ ငါးရက်ကြာ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

## စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ခတက္ကန်(တ)ရွာအုပ်စု တွင် သိုးမွေးမြူရေး လုပ်ကိုင်သူများ အဆင်ပြေ

**မုံရွာ ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ခတက္ကန်(တ)ရွာအုပ်စု မြိုင်စည်ကျေးရွာသည် မဟာဗောဓိတစ်ထောင်ရုပ်တော်မူဘုရားကြီး၏ နောက်ကျောဘက်လမ်းမှ သွားရောက်ရပြီး မုံရွာခရိုင်၏ နယ်စပ်အနီးတွင် တည်ရှိကာ ကျေးရွာအတွင်း တစ်ပိုင်တစ်နိုင် သိုးမွေးမြူရေးလုပ်ကိုင်သူများ တွက်ခြေကိုက်လျက်ရှိကြောင်း သိရသည်။



အဆိုပါ မြိုင်စည်ကျေးရွာတွင် အိမ်ခြေ ၇၈ အိမ်ရှိပြီး တစ်ရွာလုံးတွင် သိုးမွေးမြူသူ ၅၀ ဦးခန့်ရှိကြောင်း သိုးမွေးမြူမှု အများဆုံးဖြစ်ကြောင်း သိရသည်။

သိုးမွေးမြူမှုအခြေအနေနှင့်ပတ်သက်ပြီး "သိုးမွေးရတာ စီးပွားရေးအရ တွက်ခြေကိုက်တယ်။ ဆိတ်မွေးတဲ့သူက အလေအလွင့်များတယ်။ သိုးက မဒါမ်းအရွယ်ကစပြီး သေချာစနစ်တကျမွေးမယ်ဆိုရင် ကိုယ့်အတွက် ပိုကျန်ပါတယ်။ ဒီမှာကသိုးကို အငှားကျောင်းတဲ့သူနည်းတယ်။

"များသောအားဖြင့် မွေးဘက်ပေးကြတာ။ သူတစ်ဝက် ကိုယ်တစ်ဝက်။ ပိုင်ရှင်က အရင်းစိုက်ထား။ သိုးက အဖြစ်မြန်တယ်။ သူက တစ်နှစ်ကိုတစ်သားနဲ့တစ်ဗိုက် ကိုယ်ဝန်ဆောင်တယ်။ သိုးကျောင်းတဲ့သူက နှစ်မိုင်ခန့်အထိ တစ်နေ့နှစ်ကြိမ်ကျောင်းရတယ်။

"သိုးချေးကို သိုးကျောင်းတဲ့သူက ရတယ်။ သိုးမှာက ဆိတ်နဲ့မတူတာက တစ်နှစ်ကိုနှစ်ကြိမ်လောက် အမွေးတွေကိုက်ထုတ်ပေးရတယ်။ သိုးတွေက ရာသီဥတုဒဏ်အတော်ခံနိုင်ကြပါတယ်။

နောက်ပြီး တစ်နှစ်ကျော်လောက်ဆိုရင် ရောင်းတန်းဝင်ပြီ။ သူက အလေးချိန်နဲ့ရောင်းရတော့ အသားဈေးက တစ်ပေါင်ကို ငွေတစ်ထောင်ကျော်အထိရပြီး အမြတ်အစွန်းများပါတယ်" ဟု မြိုင်စည်ကျေးရွာမှ သိုးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောပြသည်။ **ဖိုးချမ်း(မုံရွာ)**

## ကမ်းပါးပြိုမှုဖြစ်၍ ဘေးလွတ်ရာသို့ရွှေ့ပြောင်းမှုများအား ထောက်ပံ့မှုများပေးအပ်

**စဉ့်ကူး ဇူလိုင် ၂၂**

ဧရာဝတီမြေရေတိုက်စားမှုကြောင့် စဉ့်ကူးမြို့နယ် ဟသ်ာမကျေးရွာအုပ်စု ဟသ်ာမရွာနှင့် ကြက်တူရွေးကျေးရွာတို့တွင် ကမ်းပါးပြိုမှုများဖြစ်ပွားခဲ့ရာ လူနေအိမ် ၄၃ လုံးနှင့် ဒေသခံပြည်သူစုစုပေါင်း ၂၀၁ ဦးတို့အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းထားရှိခဲ့သည်။

အဆိုပါကျေးရွာများသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီတို့မှ သွားရောက်ခဲ့ပြီး ရေကင်းများချထားရေး၊ ထူးခြားမှုရှိက အချိန်မီသတင်းပေးပို့ရေးတို့အား မှာကြားခဲ့သည်။

၂၀၁၅ ခုနှစ် ဇူလိုင် ၁၉ ရက် နံနက် ၁၁ နာရီက မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်း၊ တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ကြောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်တို့လာရောက်ကာ ကမ်းပြိုမှုနှင့် နေအိမ်များပြောင်းရွှေ့မှုတို့ကို ကြည့်ရှုပြီး အားပေးစကားပြောကြားခဲ့သည်။

ယင်းနောက် ဆာလာအိတ်ခွန် ၁၀၀၀၊ ကြိုးခွေ ၁၀ ခွေနှင့် ငွေကျပ် ၁၀ သိန်းတို့ကို ထောက်ပံ့ပေးခဲ့ပြီး တိုင်းပြည်ခိုင်ဖြိုးပါတီမှ တစ်အိမ်ထောင်လျှင် ယမ်ယမ်ခေါက်ဆွဲ တစ်ဖာစီ၊ ခရိုင်ပြည်ခိုင်ဖြိုးပါတီမှ အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်တစ်သောင်းစီ၊ စဉ့်ကူးမြို့နယ် ပြည်ခိုင်ဖြိုးပါတီမှ အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်ငါးထောင်စီ ထောက်ပံ့ပေးခဲ့ပြီး ရေအရင်းအမြစ်နှင့် မြစ်ကြောင်းများဖွံ့ဖြိုးရေးဦးစီးဌာနမှ ရေစီးနှုန်းလျော့ကျစေပြီး ကမ်းပါးပြိုမှုကို သက်သာစေမည့် Steel Cable Groyne နှစ်ခု လာရောက်တတ်ဆင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးရေးလုပ်ငန်းများ အသိပညာပေးဟောပြော

**ဆိပ်ဖြူ ဇူလိုင် ၂၂**

ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဘဲ စီပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ ဘေးထွက်ဆိုးကျိုးများ မဖြစ်ပေါ်ရေး ကာကွယ်ရမည့်အသိစိတ်ဓာတ်များ နိုးကြားသိရှိလာစေရန်ရည်ရွယ်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးရေးလုပ်ငန်များ ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီခွဲက ဆိပ်ဖြူ အ. ထ. က နဝရတ်ခန်းမတွင် မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ကျင်းပခဲ့သည်။

တိုင်းဒေသကြီးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူးက ပတ်ဝန်းကျင်အကြောင်းသိကောင်းစရာ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုအကြောင်းအရာများကိုလည်းကောင်း၊ ဒုတိယဦးစီးမှူး ဦးစိန်မောင်ဌေးက ကာဗွန်ထုတ်လုပ်မှုလျော့နည်းစေရန် နေအိမ်တွင် ရိုးရှင်းစွာလိုက်နာရမည့်နည်းလမ်းများ၊ လုပ်ငန်းများတွင် ကာဗွန်ထွက်ရှိမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်ရေးအတွက် သင့်လုပ်ငန်းခွင်အတွင်း လိုက်နာကျင့်သုံးရမည့် အချက်များကိုလည်းကောင်း ဟောပြောခဲ့သည်။ ယင်းအပြင် ဒုတိယဦးစီးမှူး ဒေါ်ဇွန်ဇာသန်းနိုင်က ပလတ်စတစ်နှင့် ကြွပ်ကြွပ်အိတ်များကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကာကွယ်တားဆီးရေးအကြောင်းအရာများကို ရှင်းလင်းဟောပြောပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် အောက်ဆိပ် အ. ထ. ကနှင့် ကိုးတောင့် အ. ထ. ကများတွင် သွားရောက်ဟောပြောပေးခဲ့ကြောင်း သိရသည်။ အဆိုပါအခမ်းနားသို့ မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်သိမ်းရေးဦးစီးဌာနမှ တိုင်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကိုကိုနှင့် ဝန်ထမ်းများ၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်အောင်၊ ဆိပ်ဖြူ(အ. ထ. က) ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

လူဦးရေမြင့်မားစွာတိုးပွားလာသည်နှင့်အမျှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု စက်ရုံ၊ အလုပ်ရုံများ ပေါ်များလာခြင်း၊ သစ်ပင်သစ်တောများ ပြုန်းတီးလာခြင်းများဖြစ်ပေါ်လာခဲ့ပြီး စက်ရုံ၊ အလုပ်ရုံများမှထွက်ရှိလာသော ကာဗွန်ဒိုင်အောက်ဆိုဒ်များ၊ စွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်မှုမရှိခြင်းတို့ကြောင့် ကမ္ဘာမြေ၏ မြေထု၊ ရေထု၊ လေထု ပျက်စီးလျက်ရှိပြီး ဖန်လုံအိမ်အာနိသင်ဖြစ်ပေါ်လျက် ဂေဟစနစ်များပျက်စီးကာ ကမ္ဘာကြီးပူနွေးလာခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် အပူချိန်မြင့်မားမှု၊ ရာသီဥတုပြောင်းလဲခြင်း အကျိုးသက်ရောက်မှုဖြစ်သည့် စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် ဇီဝမျိုးတုံးပျောက်ကွယ်ခြင်း၊ ရေရရှိမှုခက်ခဲခြင်း၊ ကျန်းမာရေးဆိုင်ရာပြဿနာများ ရင်ဆိုင်လာရခြင်း ဖြစ်ပေါ်မှုများကို ရင်ဆိုင်ရလျက်ရှိကြောင်း ယင်းဒေသခံ သဘာဝပတ်ဝန်းကျင်လေ့လာသူတစ်ဦးက သုံးသပ်ပြောကြားခဲ့သည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

## ကျောက်ဆည်မြို့နယ်တွင် မိုးကြိုချည်မျှင်ရှည်ဝါ တောင်သူပညာပေးစိုက်ကွင်း သရုပ်ပြပွဲကျင်းပ

**ကျောက်ဆည် ဇူလိုင် ၂၂**

မိုးကြိုချည်မျှင်ဝါ အထွက်နှုန်းကောင်းမွန်ရေးနှင့် အရည်အသွေးပြည့်မီသော ချည်မျှင်ဝါများရရှိစေရေးအတွက် ကျောက်ဆည်မြို့နယ်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ကြီးမှူးကာ ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီက မိုင်းပန်ကျေးရွာကွင်း တောင်သူဦးမောင်အေး၏ ရွှေတောင်(၈)နှင့် ငွေချည်(၉) ဝါမျိုးများ စိုက်ခင်းသုံးဧကတွင် တောင်သူပညာပေးစိုက်ခင်းကွင်းသရုပ်ပြပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ကွင်းသရုပ်ပြပွဲတွင် မန္တလေးတိုင်းဒေသကြီး ဒုတိုင်းဦးစီးမှူး ဦးထွန်းဝင်းက မျိုးကောင်းမျိုးသန့်ရွေးချယ်ရေး၊ အဓိကလိုအပ်သည့် ယူရီးယား၊ တီစူပါ၊ ပိုတက်မြေသြဇာများအပြင် အခြားလိုအပ်သည့် အာဟာရဓာတ်များဖြစ်သည့် ကယ်လစီယံ၊ မဂ္ဂနီဆီယမ်၊ ဆာလဖာ၊ ဘိုရွန်၊ ဇင့်နှင့် ကြေးနီဓာတ်များပါဝင်သည့် ရွက်ဖျန်းမြေသြဇာများ သုံးစွဲရန်လိုအပ်ကြောင်း ဆွေးနွေးခဲ့သည်။

ကျောက်ဆည်ခရိုင်ဦးစီးမှူး ဦးကျော်သူရိန်က မျိုးကောင်းမျိုးသန့် ရွှေတောင်(၈)၊ ငွေချည်(၉) နှင့် ငွေချည်(၆)မျိုးများ တောင်သူများလိုသလောက် ဖြန့်ဖြူးပေးရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ ခေတ်မီသိပ္ပံနည်းကျ စိုက်နည်းစနစ်များကိုလည်း စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ သက်ဆိုင်ရာ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများက ကွင်းဆင်းပညာပေးလျက်ရှိကြောင်းနှင့် တောင်သူများ ဝါစိုက်မျိုးမှုနှင့် ပတ်သက်သည့် လိုအပ်ချက်များကို အချိန်မရွေး ဆက်သွယ်မေးမြန်းနိုင်ကြောင်း ဆွေးနွေးပြီး ပညာပေးစိုက်ကွင်းအတွင်း လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲသို့ မန္တလေးတိုင်းဒေသကြီး စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိုင်းဦးစီးမှူး (ဝါသီးနှံ)



ကျောက်ဆည်ခရိုင်ဦးစီးမှူးနှင့် ခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်မှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မိုးကြိုချည်မျှင်ရှည်ဝါ စိုက်ပျိုးထားသော ကလေးကျေးရွာ၊ သင်္ကတုံကျေးရွာ၊ မိုင်းပန်းကျေးရွာများ ဝါစိုက်တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်အတွင်းတွင် မိုးကြိုချည်မျှင်ရှည်ဝါကို ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ၂၀၀ ဧက စိုက်ပျိုးရန်လျာထားခဲ့ပြီး ၂၉၇ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

## ရှမ်းပြည်နယ် (တောင်ပိုင်း) ရှာငံ၊ ဟိုပုန်းနှင့် လွိုင်လင်မြို့နယ်များအတွင်း ဘိန်းအစားထိုးသီးနှံ ကော်ဖီပင်စိုက်ပျိုးသူများအတွက် သမဝါယမအသင်းဖွဲ့စည်းခြင်း ကျင်းပ

**တောင်ကြီး ဇူလိုင် ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)ရှာငံ ဟိုပုံးနှင့် လွိုင်လင်မြို့နယ်များအတွင်း UNODC နှင့် CCDAC တို့ ပူးပေါင်း၍ ဘိန်းအစားထိုးသီးနှံ ကော်ဖီပင်စိုက်ပျိုး ထုတ်လုပ်သူများအတွက် သမဝါယမအသင်း ဖွဲ့စည်းခြင်းကို ဇူလိုင် ၂၀ ရက် မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး UNODC အဖွဲ့၊ ဌာနေမန်နေဂျာ(ယာယီ) Mr.Jochen WIESE(ယောဟန်) ကလည်း ဘိန်းအစားထိုးသီးနှံများကို ကူညီပေးသွားမည်ဖြစ်ကြောင်းနှင့် ယခုလက်ရှိ ရှာငံတွင် အကောင်အထည်ဖော်ဆောင်ရွက်နေပြီး ဆက်လက်၍ ရှမ်းပြည်တောင်ပိုင်းရှိ လွိုင်လင်နှင့် ဟိုပုံးကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ယင်းအခမ်းအနားတွင် ပြောကြားခဲ့သည်။

သမဝါယမဝန်ကြီးဌာန ညွှန်ကြားရေးမှူး(နေပြည်တော်) ဦးစိုင်းကျော်မင်းက သမဝါယမအသင်း အလုပ်အမှုဆောင် ဖွဲ့စည်းရသည့်အကြောင်းနှင့် ရှေ့လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုများကို အသေးစိတ်ရှင်းလင်း၍ လည်းကောင်း၊ ပြည်နယ်စိုက်ပျိုးရေးဌာန၊ ဦးစီးအရာရှိ ဦးမြင့်သိန်းက ကော်ဖီစိုက်ပျိုးမှုများနှင့် ကော်ဖီစိုက်ပျိုးရေးအတွက် ပါဝင်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်ရှိတွင် ရှမ်းပြည်နယ်တောင်ပေါ်ဒေသများတွင်လည်း ကော်ဖီစိုက်ပျိုးထားရှိမှုများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တောင်သူများကို ပြောကြားခဲ့သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးညီညီလွင်က တိုင်းရင်းသားပြည်သူလူထုများကို အလုပ်အကိုင်ရရှိရန်အတွက် ယခုတွင် ပင်းတယ နှင့်ဖယ်ခုံမြို့နယ်တွင် အစိုးရကကြီးကြပ်ပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး တိုးတက်မှု အကောင်အထည်ဖော်ရေးဌာနဖြစ်သော ကျောင်းများဖွင့်လှစ်ပေးထားကာ ပဉ္စမတန်းကျောင်းသားများကိုလက်ခံ၍နိုင်ငံတော်စရိတ်ဖြင့်သင်ကြားပေးပြီး၊ အထက်တန်းအဆင့်၌ ဒီဂရီကောလိပ်၊ တက္ကသိုလ်အထိ ဆောင်ရွက်ပေးကာထိုကျောင်းသို့ တက်ရောက်ပညာသင်ကြားနိုင်ကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၊ တွဲဘက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ်ကျော်ဝင်းက ယခုလို ဘိန်းအစားထိုးသီးနှံ ကော်ဖီစိုက်ပျိုးသူများ သမဝါယမအသင်း ဖွဲ့စည်းခဲ့ရသည့်အကြောင်းနှင့် ဤအဖွဲ့အစည်း တည်တံ့ခိုင်မြဲပြီး၊ နိုင်ငံတော်အတွက် လိုအပ်နေသော လူ့အရင်းအမြစ်များ ပေါ်ထွန်းလာနိုင်စေပြီး၊တောင်သူများ ကလည်းကြိုးစားဆောင်ရွက်ပေးရန်ပြောကြားခဲ့သည်။

ဘိန်းအစားထိုးသီးနှံ ကော်ဖီစိုက်ပျိုးသူများ၊ သမဝါယမအသင်းဖွဲ့စည်းခြင်းသို့ ရှမ်းပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမြင့်အောင်၊ ပြည်နယ်ဥပဒေချုပ် ဦးမောင်မောင်၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ် ကျော်ဝင်း၊ ပြည်နယ်ရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး UNODC အဖွဲ့၊ ဌာနေမန်နေဂျာ(ယာယီ)၊ သမဝါယမဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူး (နေပြည်တော်)ဦးစိုင်းကျော်မင်း ပြည်နယ်စိုက်ပျိုးရေးဌာန၊ ဦးစီးအရာရှိ ဦးမြင့်သိန်း၊ ရှာငံမြို့၊ ဟိုပုံးမြို့နှင့် လွိုင်လင်မြို့နယ်အတွင်းရှိ ဒေသခံများနှင့်အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**စိုင်းသန်းကျော် (တောင်ကြီး)**



## စစ်တောင်းမြစ်ကြောင်းသွားစက်လှေများ ရေအောက်ငုတ်များကို သတိပြုရန်လို

**ရေတာရှည် ဇူလိုင် ၂၂**

မိုးရာသီကာလရောက်လျှင် စစ်တောင်းမြစ် အရှေ့ဘက်နှင့်အနောက်ဘက် ဆက်သွယ်သွားလာကြသည့် ယာယီမြစ်ကူးတံတားများဖြုတ်သိမ်းကာ ကူးတို့ကူးစက်လှေများဖြင့်သာ နေ့စဉ်သွားလာကြသည်ကိုတွေ့ရသည်။

လက်ရှိအချိန်သည် တောင်သူများစိုက်ပျိုးထားသော ပြောင်း၊ နှမ်း၊ မြေပဲများတင်ပို့ရာ တွင်လည်းကောင်း၊ တစ်နေရာနှင့်တစ်နေရာ ခရီးသွားကြသည့်အခါ စက်တပ်လှေများကို အသုံးပြုသွားလာကြသည့်အခါ တံတားပျက်များကြောင့် ရေအောက်ငုတ်များ နေရာအနှံ့အပြားတွင်ရှိနေရာ မတော်တဆမှုဖြစ်ပွားခြင်းမရှိစေရန် အထူးသတိပြုရန်လိုအပ်ကြောင်း ဒေသခံများကပြောပြသည်။

"ယာယီ တံတားတွေဖျက်သိမ်းလိုက်တော့ ငုတ်တိုင်တွေကို အကုန်မနုတ်ဘူး ရေအောက်မှာကျန်နေတာ၊ စက်လှေတွေက ကုန်နဲ့လူတင်ပြီးလာရင် အောက်ကရေငုတ်ကို ကြောက်ရတာ ဝမ်းပေါက်လို့ကတော့ အကုန်ဒုက္ခရောက်ကုန်မှာ သတိထားမောင်းနှင်သင့်တာပေါ့" ဟု ဆွာရွာမကျေးရွာဒေသခံက ပြောသည်။

**ကိုလွင်(ဆွာ)**

## တန်ဖိုးမျှတအိမ်ရာအား လုပ်သက် ၂၅ နှစ်နှင့်အထက် နိုင်ငံ့ဝန်ထမ်းများကို ဦးစားပေးရောင်းချမည်

**မန္တလေး ဇူလိုင် ၂၂**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်တွင်ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက နိုင်ငံ့ဝန်ထမ်းများ အေးချမ်းစွာနေထိုင် တာဝန်ထမ်းဆောင်နိုင်စေရန် တန်ဖိုးမျှတအိမ်ရာများအား အကောင်အထည်ဖော်တည်ဆောက်လျက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်းများပြီးစီးပါက လုပ်သက် ၂၅နှစ်နှင့်အထက် နိုင်ငံ့ဝန်ထမ်းများအား မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်နှင့် ပူးပေါင်းကာ အရစ်ကျစနစ်၊ လက်ငင်းငွေချေစနစ်များဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် မြရည်နန္ဒာ တန်ဖိုးနည်းအိမ်ရာများကို ပထမအဆင့်အနေဖြင့် နိုင်ငံတော်အတွက် အသက်စွန့်ပေးသွားသူများ၊ သက်ပြည့်ပင်စင်စားအငြိမ်းစားဝန်ထမ်းများအား မဲစနစ်ဖြင့် တိုက်ခန်း ၉၀၀ ရောင်းချပေးခဲ့သည်။

မန္တလေးမြို့နေ ပြည်သူများအတွက် တန်ဖိုးနည်းအိမ်ရာများ၊ တန်ဖိုးမျှတအိမ်ရာများ၊ အခြေခံလူတန်းစားများအတွက် အငှားအိမ်ရာများကို ချမ်းမြသာစည်မြို့နယ်နှင့် အောင်မြေသာစံမြို့နယ်များတွင် စီမံကိန်းတစ်ခုအဖြစ် တည်ဆောက်လျက်ရှိသည်။

တန်ဖိုးမျှတအိမ်ရာစီမံကိန်းအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အခန်းပေါင်း ၅၀၀၀ တည်ဆောက်၍ ပြည်သူများနှင့်နိုင်ငံ့ဝန်ထမ်းများအား နေရာချထားပေးမည်ဖြစ်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## မန္တလေးမြို့အတွင်း ပူးပေါင်းအဖွဲ့များမှ စည်းကမ်းမဲ့ယာဉ်များအား ဖမ်းဆီးအရေးယူ



**မန္တလေး ဇူလိုင် ၂၂**

မန္တလေးမြို့တော်အတွင်း ယာဉ်အန္တရယ်ကင်းရှင်းစေရေး၊ ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေးအတွက် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မြို့တော်စည်ပင်၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတို့ ပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် နေ့ခင်းပိုင်း၊ ညပိုင်း ဖမ်းဆီးအရေးယူလျက်ရှိသည်။ မန္တလေးမြို့တော်အခွန်ဌာနမှ အုပ်ချုပ်ရေးဌာနစုမှူး ဦးမျိုးအောင်နှင့် ဝန်ထမ်းများ၊ စည်ပင်သာယာရဲတပ်ဖွဲ့(မန္တလေး)မှ ရဲအုပ်ရန်နောင်စိုး ဦးစီးအဖွဲ့ယာဉ်ကြီးကြပ်မှုကော်မတီအဖွဲ့နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၀ ရက်က မန္တလေးမြို့တွင်း စည်းကမ်းမဲ့ နှစ်ထပ်ရပ်ယာဉ်များအား ဖမ်းဆီးရာ ယာဉ်ငါးစီး အရေးယူခဲ့သည်။ အခွန်ဌာနမှ အုပ်ချုပ်ရေးမှူး ဦးကျော်စိုး ဦးစီးအဖွဲ့၊ စည်ပင်သာယာရဲတပ်ဖွဲ့မှ ဒုတိယရဲအုပ်ပြုံးချိုဦးစီးအဖွဲ့၊ ယာဉ်ကြီးကြပ်မှုကော်မတီ ပို့ဆက်အဖွဲ့သည် မန္တလေးမြို့ပေါ်တွင် မော်တော်ယာဉ်ဖြင့် လှည့်လည်၍ ယာဉ်နှစ်ထပ်ရပ်ခြင်း၊ မဝင်ရတားမြစ်နေရာသို့ ဝင်ရောက်လာသည့် ခရီးသည်တင်ယာဉ်များအား လိုက်လံဖမ်းဆီးရာ နှစ်ထပ်ရပ်ယာဉ်နှင့် စည်းကမ်းမဲ့ရပ်နား Tow Truck ဆွဲယာဉ်သုံးစီးဖမ်းဆီးအရေးယူခဲ့သည်။

အလားတူစည်ပင်သာရဲတပ်ဖွဲ့(မန္တလေး) ရဲအုပ်သန်းထွန်းဆွေ ဦးစီးအဖွဲ့၊ အခွန်ဌာနမှ ဝန်ထမ်းများအဖွဲ့တို့ပူးပေါင်း၍ ချမ်းအေးသာစံမြို့နယ် ၈၃ လမ်း၊ ၂၉ လမ်းနှင့် လမ်း၃၀ကြားတစ်လမ်းမောင်းဝင်ရောက်လာသော စည်းကမ်းမဲ့ယာဉ်ငါးစီးအား အရေးယူခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**




## ကြော်ငြာ


ပုဂံဒေသရှိသံဃာတော်များအား ဝါဆိုသင်္ကန်းနှင့်ဆွမ်းဆန်စိမ်း လောင်း လှူ မဲ့ ခ ရီး စဉ်
ဇူလိုင်(၂၉)ရက်နေ့ထွက်မည်။ (ကြိုတင်လက်မှတ်ရောင်းပြီ)
စိန်ဝင်း နှင့် ရောင်းရင်းများ
▲ ပုပ္ပါး၊ ပုဂံညောင်ဦး(ဗွယ်တော်လေးဆူ)
▲ ပုပ္ပါး၊ ပုဂံ(ဗွယ်တော်လေးဆူ)မန္တလေး၊ ပြင်ဦးလွင်
▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကံ့လုံ၊ မွေတော်ကက္ကူ၊ ထမ်းဇမ်းဂူ
▲ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ
▲ ထားဝယ်၊ ရွှင်ကိုးရှင်၊ မောင်းမကန်း၊ ကျိုက္ကမီ၊ ခက်ခဲ
▲ မော်လမြိုင်၊ ကျိုက္ကမီ၊ ခက်ခဲ၊ နွားလပို့တောင်(အပတ်စဉ်သောကြာနေ့တိုင်း)
▲ ကျိုက်ထီးရိုး၊ ရွှေချောင်းသာ(အပတ်စဉ် အင်္ဂါ၊သောကြာ)
ဇူလိုင် (၃၀)ရက် နေ့ထွက်မည်
■ ထုံးဘို၊ အကောက်တောင်၊ ပြည်ဘုရားစုံ(၈နေ့)၊ ■ ဇလွန်ပြည်တော်ပြန်(တနင်္ဂနွေ)
၂၂၉၊ ပန်းဆိုးတန်း(အပေါ်လမ်း)။ ဖုန်း-01-249871,255553,095137245,5122511


**ကန့်ကွက်နိုင်ပါကြောင်း**

ရေကြည်မြို့နယ်၊ ရေကြည်မြို့/မြို့မရပ်ကွက်၊ ကွင်းအမှတ်(၂၀၄၄-C)၊ ရေကြည်မြို့ကွင်း၊ ဦးပိုင်အမှတ်(၁၁)၊ ဧရိယာ(၀. ၆၅၂) ဧကရှိ ဦးမောင်ငွေ အမည်ပေါက် နှစ်(၃၀) မြေငှားဂရန်အား ဦးမောင်ငွေ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသည့် ဦးအောင်သန်း၊၁၄/ရကန(နိုင်)၀၁၉၀၀၇၂နှင့် ဦးငြိမ်းလွင် ၊၁၄/ရကန(နိုင်)၀၁၈၃၉၉၉၊တို့မှ မိသားစု ရပိုင်ခွင့်/ပိုင်ဆိုင်ခွင့်များစွန့်လွှတ်သည့်စာချုပ်ဖြင့် ဦးပိုင်ခွဲအမည်ပြောင်း မြေငှားဂရန်လျှောက်ထားမှုအား ကန့်ကွက်ရန်ရှိပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရေကြည်မြို့**

**ဖခင်အမည်မှန်**

အထက(၃)အင်းစိန်၊ ဒသမတန်း(C)မှ မဖူးပြည့်စုံနှင့် ပဥ္စမတန်း(H)မှ မစောယုနဒီ တို့၏ဖခင်အမည်မှန်မှာ ဦးစိုးစိုးနိုင်၊၁၂/အစန(နိုင်)၀၅၀၄၁၅ဖြစ်ပါသည်။

**ဦးစိုးစိုးနိုင်**


FAIR & SQUARE Travels and Tours Co.,Ltd.
၂၀၁၄-၂၀၁၅ Tour ရာသီ နှုတ်ဆက်ခရီးစဉ် (ဇူလိုင် ၃၀ ရက်နေ့ထွက်ပါမည်)
July - 30 ရက်နေ့မှာ .... ၄ ည/ ၅ ရက် ပုဂံ-ညောင်ဦး-ပုပ္ပါး ခရီးစဉ် ကို အထူးဈေးနှုန်းဖြင့် ဆွဲပေးထားပါတယ် ......
***** မြန်မြန်စာရင်းပေးသွင်းဖို့တော့လိုမယ်နော် *****
ပါဝင်သောဝန်ဆောင်မှုတွေကတော့ -
အဲကွန်းကား /ရေသန့်/စန်းတာဝါ/ဝင်ကြေး/စက်လှေခ/တောင်တက်ကားခများ ၊
- ရွှေပိုးအိမ် (၁) ဟိုတယ်တွင် ၂ ညတာ အနားယူတည်းခိုခွင့်
- ခရီးစဉ်တစ်လျှောက် နံနက်/နေ့လယ်/ ညစာ
* နေ့လယ်စာ ကို ဘယ်Tour မှာမှ မကျွေးဘူးသေးတဲ့ ပုဂံရွှေနန်းတော်ထဲတွင် ဘူဖေး သုံးဆောင်ပါမည်။
* ညစာကို ဟိုတယ်ရှိ ရေကူးကန်ဘေးတွင် ဘူဖေး သုံးဆောင်ပါမည်။
အဲ့လို ဝန်ဆောင်မှုအပြည့်ပေးထားပေမဲ့ ကျသင့်ငွေကတော့ တစ်ဦးမှ...
စရိတ်ငြိမ်း 150000/- ကျပ် ထဲနော် ...
Tel : 01 377688, 01 245993, 09 7300 2211, 09 7300 5511


**ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး**
**ဂေါပကအဖွဲ့၊ ပဲခူးမြို့**
**လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရေး (၂'×၂')ပတ်လည် မျက်ပါးရွှေဆိုင်းများဝယ်ယူရန်**
**ဈေးပြိုင်ကြော်ငြာ**

၁။ ပဲခူးမြို့၊ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး (ပဉ္စမ)အကြိမ် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန်အတွက် (၂'×၂') ပတ်လည် မျက်ပါးရွှေဆိုင်းများကို ဈေးပြိုင်တင်ဒါစနစ်ဖြင့် ဝယ်ယူရန်ရှိပါသည်။

၂။ တင်ဒါသွင်းလိုသူများအား ဈေးပြိုင်တင်ဒါပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင် (၁၀၀၀၀)ကျပ်နှုန်းဖြင့် ဂေါပကအဖွဲ့ရုံး ငွေစာရင်းဌာနတွင် ၅-၈-၂၀၁၅ရက်မှ ၆-၈-၂၀၁၅ရက်အထိ (ရုံးချိန်အတွင်း) ရောင်းချမည်ဖြစ်ပြီး တင်ဒါပိတ်ရက်မှာ ၇-၈-၂၀၁၅ရက် နံနက် ၁၀း၀၀ နာရီဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဂေါပကအဖွဲ့ရုံးတွင် (ရုံးချိန်အတွင်း) စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဂေါပကအဖွဲ့**
**ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်၊ ပဲခူးမြို့။**
**ဖုန်း-၀၅၂-၂၂၂၁၀၆၈၊ ၀၅၂-၂၂၂၄၂၅၅**

**မိဘအမည်မှန်**

အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဒသမတန်း(ဂ)၊ ဖျာပုံမှ မောင်နေထက်လင်း၏ မိဘအမည်မှန်မှာ ဦးညွန့်ကြိုင်[၁၄/ဒဒရ(နိုင်)၀၅၅၃၂၃]နှင့် ဒေါ်အေးနွဲ့ရီ[၁၄/ဒဒရ(နိုင်)၀၅၅၀၈၃] ဖြစ်ကြောင်း။

**သွေးသည် အသက်**










BRIDGESTONE
Your Journey, Our Passion
Free Tyre Safety Check
25 - 26 July 2015
10:30am - 5pm
@ Myanmar Culture Valley
(People's Park)
BECAUSE YOU LOVE
YOUR FAMILY
မိုးရာသီ Promotion အစီအစဉ်
BUY ANY PSR TYRE 2
To Get 1 Umbrella.
BUY ANY PSR TYRE 4
To Get 2 Umbrellas.
ယခုလိုမိုးရာသီအချိန်အခါတွင် သင့်ဘဝလုံခြုံစိတ်ချမှုအတွက်
တာယာများကို လဲလှယ်တပ်ဆင်ပေးရန် လိုအပ်ပါသည်။
BRIDGESTONE မိုးရာသီ ပရိုမိုးရှင်းအစီအစဉ်မှတစ်ဆင့်
သင်ရဲ့ လုံခြုံစိတ်ချမှုကို ကူညီပံ့ပိုးပြသပေးသွားမည် ဖြစ်ပါသည်။
BRIDGESTONE
KEEPS YOU SAFE
FIRST JAPAN TIRE SERVICES
a subsidiary of Mitsubishi Corporation
fjts@fjts-mm.com Hotline : 09 2615 96860
Pyi Htun Aung Trading Co., Ltd. Hotline : 09 42110 3088

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်သန်းအောင်(ပုသိမ်)**

**အသက်(၇၃)နှစ်**

ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ အဆုတ်နှင့်ရင်ခေါင်း အထူးကုဆရာဝန်ကြီး (တွဲဖက်ပါမောက္ခ) ဒေါက်တာတိုးစန္ဒာ၏ ကျေးဇူးရှင်မွေးသမိခင် ဒေါ်သန်းအောင် (ပုသိမ်)အသက် (၇၃)နှစ်သည် ၁၉-၇-၂၀၁၅(တနင်္ဂနွေနေ့)နံနက် ၁း၅၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ချစ်ညီမလေးမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မိုးသီးဆေးရုံ၊ မိုးသီးဆေးခန်း၊ မိုးသီးဟိုတယ်(မိသားစုများ)**

---

**ဘုရား၊ ရဟန်း၊ ကျောင်း**
**ဒါယိကာမကြီး**

**ဒေါ်ရှုကြူ**

**အသက်(၇၀)**

**သုံးခွမြို့**

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ (၄)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်-၉၄(ဂ)နေ ဦးစိန်ထွန်း၏ဇနီး၊ ကိုအော်ကျော်ထွန်း၊ ကိုအောင်နိုင်ထွန်း၊ မယမင်းထွန်း၊ (မောင်နေမျိုးထွန်း)၊ ကိုအောင်ခင်ငြိမ်း-ဒေါက်တာအိအိဖြူ တို့၏ချစ်လှစွာသောမွေးသမိခင်၊ ကိုမျိုးမြင့်၊ ဒေါက်တာခင်မိုးလှိုင်၊ ကိုတင်ဝင်းနိုင် တို့၏ အဒေါ် ဒေါ်ရှုကြူသည် ၂၀-၇-၂၀၁၅(တနင်္လာနေ့) ညဂနာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၁၅(သောကြာနေ့) နံနက် ၁၁နာရီတွင် ဥက္ကံဝသုသာန်၌ ဂူသွင်းမည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
**ကြေးနီကန်(ထားဝယ်) တိုက်ကြပ်ကျောင်းတိုက်ကြီး၏**
**ဦးစီးပဓာနမဟာနာယကဆရာတော်**
**ဘဒ္ဒန္တတေဇိန္ဒ မဟာထေရ်မြတ်**
**သိက္ခာတော်(၆၅)ဝါ သက်တော်(၈၅)နှစ်**
**(ပဲခူးမြို့)**

သုဓမ္မာဂိုဏ်းလုံးဆိုင်ရာ ကြေးနီကန်ဝိနည်းစာတော်ပြန်ပွဲကြီး၏ ပဓာန မဟာနာယက၊ အမှတ်(၄)ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းအုပ်၊ သမိုင်းဝင်မဟာစေတီတော်မြတ်ကြီး၊ မြသာလျောင်းရုပ်ပွားတော်မြတ်တို့၏ ဩဝါဒါစရိယ၊ နိုင်ငံတော်သံဃာ့သမုတိရ မဟာသဒ္ဓမ္မဇောတိကဇ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဇ စူဠဂန္ထဝါစက ပဏ္ဍိတဆရာတော် ဘဒ္ဒန္တတေဇိန္ဒ မဟာထေရ်မြတ်၊ တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ ကမြိုင်ကျေးရွာနေ ခမည်းတော်(ဦးဖိုးသက်)-မယ်တော်(ဒေါ်ခင်သူ)တို့၏သားတော်၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ မဇင်းရပ်ကွက်၊ ကြေးနီကန်(ထားဝယ်)တိုက်ကြပ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန မဟာနာယကဆရာတော်သည် (၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၃ရက်) ၁၉-၇-၂၀၁၅ (တနင်္ဂနွေနေ့) ညနေ ၆နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသည်။ (၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ရက်) ၃-၈-၂၀၁၅(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇာ သဘင်ပူဇော်ကျင်းပမည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

စျာပနဖြစ်မြောက်ရေးကော်မတီ
ကြေးနီကန်(ထားဝယ်)တိုက်ကြပ်ကျောင်းတိုက်

---

### ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်ခင်ထွေး**

**အသက်(၈၂)နှစ်**

ဦးအောင်စိုးနိုင်(ညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန)-ဒေါက်တာချိုချိုဝင်းတို့၏ မိခင် ဒေါ်ခင်ခင်ထွေး အသက်(၈၂)နှစ်သည် ၁၉-၇-၂၀၁၅ ရက်(တနင်္ဂနွေနေ့) ည၁၂း၀၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစု**
**ပြည်တွင်းအခွန်များဦးစီးဌာန**

---

### (၁၁)နှစ်ပြည့်အလွမ်း

**ကိုတင်မောင်ဆွေ**

**M/T SETIA JAYA (CDC-51323)**

**(၂၃-၇-၂၀၀၄)**

သားကြီးကိုဆွေ မိသားစုကို ခွဲခွာသွားတာ ၂၃-၇-၂၀၁၅ရက်မှာ (၁၁)နှစ်တင်းတင်းပြည့်ပါပြီ။ ဘာသာတရားကိုင်းရှိုင်းပြီး မိဘကျေးဇူးသိတတ်တဲ့သားမို့ နှမြောတသဖြစ်လျက်ပါ။ သားကြီးအားရည်စူး၍ နေ့စဉ်၊ လစဉ်၊ နှစ်စဉ်ပြုလုပ်သော ကုသိုလ်ဒါနအားလုံးအတွက် ကောင်းရာသုဂတိဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

သားကြီးရေ-အမျှ-အမျှ-အမျှ

**ဖေဖေ-ဦးချစ်ဆွေ**
**မေမေ-ဒေါ်တင်တင်ဝင်း**
**ညီမလေး-မမာလာဆွေ-ကိုကျော်ကျော်ခန့်**
**ချစ်တူမလေး-မခင်ထက်ခိုင်@SWEET**
**ချစ်တူလေး-မောင်ညဏ်လင်းထက်**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၊ ရင်ခေါင်းဆေးကုဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာတိုးစန္ဒာ၏မိခင်ဖြစ်သူ ဒေါ်သန်းအောင် အသက်(၇၃)နှစ်သည် ၁၉-၇-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရင်ခေါင်းဆေးကုဌာနမိသားစု**
**ခုတင်(၅၀၀)ဆံ့အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့**

---

### ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်အိအိခင်**

**အသက်(၃၉)နှစ်**

**(သင်တန်းကထိက၊ မြန်မာနိုင်ငံစာရင်းကိုင်များအသင်း)**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ပဲခူးစုရပ်ကွက်၊ မဂ္ဂင်လမ်း၊ အမှတ်(၅၆)နေ ဒေါ်အိအိခင်သည် ၁၉-၇-၂၀၁၅(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံစာရင်းကိုင်များအသင်း**

---

### တစ်နှစ်ပြည့်လွမ်းဆွတ်သတိရအမျှဝေခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်သန်းညွန့်(ဟင်္သာတ) အသက်(၉၆)နှစ်**

**(၂၃-၇-၂၀၁၄ မှ ၂၃-၇-၂၀၁၅)**

- လူတွေက ဘဝတစ်ကွေ့
  ခဏတွေ့ကြတယ်လို့ ပြောကြပေမယ့်။
- နှစ်ငါးဆယ်ကျော်ကြာ၊ အတူစား၊ အတူသွား
  အတူကုသိုလ်ပြုခဲ့ကြတာတွေကို၊ မေ့နိုင်ပါ့မလား။
- သံသရာမှာ ပြန်တစ်ခါတွေ့ကြမယ်လို့
  ယုံကြည်ကာ ဖြေသိမ့်ခဲ့ပေမယ့်။
- နှစ်များစွာ သံယောဇဉ်များကြောင့်
  နေ့နေ့ညည အချိန်တိုင်းလွမ်းလှချည့်လား။

မေမေကြီးအတွက် လစဉ်လတိုင်း ရည်စူးလှူဒါန်းသော ကုသိုလ်ကောင်းမှုအစုစုကို ရောက်ရာဘုံဘဝမှ သာဓုခေါ်ပါနော်။

မေမေရေ . . . အမျှ . . . အမျှ . . . အမျှ

**သားကြီး - မောင်ဆန်းကြည်-သမီး မရင်ခိုင်**
**သမီးလေး - မဆု**
**သားလေး - ကိုရဲ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ရင်ဥ**

**အသက်(၈၆)နှစ်**

ချစ်သူငယ်ချင်း ဒုရဲမှူးကျော်သူ(ဒုရဲမှူး ဦးစီး)၊ အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး၊ ရန်ကုန်မြို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ရင်ဥ အသက်(၈၆)နှစ်သည် ၁၈-၇-၂၀၁၅ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းမိသားစုများနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၇-၈၈ ရန်ကုန်တက္ကသိုလ်(ပင်မ)**
**ရူပဗေဒမှ ချစ်သူငယ်ချင်းများ**

---

### ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ဇရပ် ဒါယိကာမကြီး**

**ဒေါ်ခင်မျိုးဆွေ**

**အသက်(၈၀)**

**မာဂရက်ဘချစ်(ရေစကြို)**

အမေကွယ်လွန်သွားသည့်အတွက် သားမှာအစားထိုးလို့မရတဲ့ ဆုံးရှုံးမှုဖြစ်ပါတယ်၊ နေ့စဉ် သားပြုနေသမျှ ကောင်းမှုကုသိုလ်အရပ်ရပ်တို့ကို အမေ ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

**သား**
**ဗိုလ်ကြီးကျော်မျိုးမင်း**
**အမှတ်(၁)ပင်မအလုပ်ရုံ(လျှပ်/စက်)**
**အစိတ်အပိုင်းများထုတ်လုပ်ရေးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း

International Business Promotion Centre မှ အဖွဲ့ဝင် ဦးဝင်းအောင် (Mandalay Golden Wing Construction Ltd.)၏အစ်မဖြစ်သူ ဒေါ်ခင်ဝင်းကြည်သည် ၂၀-၇-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**International Business Promotion Centre**

**အဖွဲ့ဝင်များ**

---

### ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ကြီးကောင်းမြတ်ဇင်(ငြိမ်း)**

**ဦးစီးအရာရှိ၊ ပြည်ထောင်စုဝန်ကြီးရုံး**

**ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန**

**အသက်(၂၉)နှစ်**

အမှတ်(၁၃၉)၊ စကားဝါလမ်း၊ ပုလဲမြို့သစ် (၁)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်နေ ဦးသန်းငွေး-ဒေါ်မြင့်မြင့်ငွေးတို့၏သား၊ မသူသူထွန်း(ခ)စုရတနာ၏အစ်ကိုသည် ၁၆-၇-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးရုံး၊ အရာထမ်း၊ အမှုထမ်းများ**
**ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန**

---

## ကျေးဇူးအထူးတင်ရှိခြင်း

**ကိုရန်နိုင်အောင်**

**Managing Director**

**Celebrity & Model Agency**

**အသက်(၂၃)နှစ်**

၁၃-၇-၂၀၁၅ရက်(တနင်္လာနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားသော Celebrity & Model Agency မှ Managing Director ကိုရန်နိုင်အောင်၏ နာရေးကိစ္စတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းမှူးနှင့်ဇနီး၊ အတွင်းရေးမှူးနှင့်ဇနီး၊ အမျိုးသမီးရေးရာအဖွဲ့၊ အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအဖွဲ့၊ ဒေသအာဏာပိုင်အဖွဲ့အစည်းတို့အားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ နှစ်သိမ့်အားပေး ကူညီပံ့ပိုးပေးကြသော မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ လှူဖွယ်ဝတ္ထုများ ပေးပို့ကြသော မိတ်ဆွေများနှင့်တကွ ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်ခင်ထွေး**

**အသက်(၈၂)နှစ်**

ဦးအောင်စိုးနိုင်(ညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန)-ဒေါက်တာချိုချိုဝင်းတို့၏ မိခင် ဒေါ်ခင်ခင်ထွေး အသက်(၈၂)နှစ်သည် ၁၉-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့) ည၁၂း၀၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးနှင့်ဝန်ထမ်းမိသားစု**
**ပြည်တွင်းအခွန်များဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**သီရိသုဓမ္မ မဏိဇောတဓရ၊ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ**

**ဦးရွှေမှီ (ရွှေမှီပရိဘောဂတိုက်)**

**အသက်(၈၂)နှစ်**

သူငယ်ချင်း ဖြူဖြူနှင့်ကိုဇော်

မင်းတို့ရဲ့ကျေးဇူးရှင်ဖခင်ကြီး (လေးစားချစ်ခင်ရတဲ့ အန်ကယ်) ၁၆-၇-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရတဲ့အတွက် အန်တီနှင့်တကွ မင်းတို့မိသားစု အားလုံးနဲ့ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါတယ်။

**ညီညီဝင်း၊ သီတာအေး၊ ခင်လေးဝေ၊**
**ဝင်းချို၊ ဥမ္မာဖြူ၊ စန်းစန်းမြင့်**

---

### ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်ခင်ထွေး**

**အသက်(၈၂)နှစ်**

ဦးအောင်စိုးနိုင်(ညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန)-ဒေါက်တာချိုချိုဝင်းတို့၏ မိခင် ဒေါ်ခင်ခင်ထွေး အသက်(၈၂)နှစ်သည် ၁၉-၇-၂၀၁၅ (တနင်္ဂနွေနေ့) ည၁၂း၀၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်ဆေးရေးဌာနခွဲမှဝန်ထမ်းမိသားစု**
**ပြည်တွင်းအခွန်များဦးစီးဌာန**

---

### တစ်လပြည့်

**ဦးအောင်ဇံသူ(B.Sc Geology)**

**အသက်(၅၅)နှစ်**

**(၂၃-၆-၂၀၁၅) (၂၃-၇-၂၀၁၅)**

ကွယ်လွန်သူသားကြီး ဦးအောင်ဇံသူအားရည်စူး၍ တစ်လပြည့်အလှူဒါနပြုခဲ့သမျှ အားလုံး မြင့်မြတ်သောဘုံဘဝမှာ ခံစားနိုင်စေရန် အမျှပေးဝေပါတယ်။ သာဓုခေါ်ဆိုနိုင်ပါစေ။

**မိခင်ကြီးဒေါ်စောဝင်းနှင့်**
**ချစ်သောညီအစ်ကိုမောင်နှမ၊ တူ၊ တူမမြေးများ**

---

## ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း သန်းထွေး၊ မို့မို့တို့၏မိခင် ဒေါ်ကျင်အေး (သထုံ) အသက်(၉၀)သည် ၁၉-၇-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**1981(ENGLISH MAJOR)သူငယ်ချင်းများ**

---

### ဗိုလ်ကြီးညွန့်အောင်(ငြိမ်း)ကွယ်လွန်ခြင်းတစ်လပြည့်

ဗိုလ်ကြီးညွန့်အောင်(ငြိမ်း)၊ လ/ထအထွေထွေမန်နေဂျာ (ရေကြောင်း) ကွယ်လွန်သွားသည်မှာ တစ်လပြည့်ပြီဖြစ်သော်လည်း ဝန်ထမ်းများဖြစ်ကြသည့် ဝေသန္တရာရေယာဉ်မှူး ဦးကြည်စိုးနှင့် ရေယာဉ်ဝန်ထမ်းများမိသားစုမှ ယခုထိတိုင် မမေ့နိုင်ဘဲ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းနေရပါသည်။ ဗိုလ်ကြီးညွန့်အောင်(ငြိမ်း)ကောင်းရာသုဂတိလားပါစေ။

**ဝေသန္တရာရေယာဉ်မှူးဦးကြည်စိုးနှင့်ရေယာဉ်ဝန်ထမ်းများမိသားစု**

Hot Line No-0930500100

# အာဆီယံ၊ အာကမက်စ်နှင့် ဂျီအမ်အက်စ်ကဲ့သို့သော ဒေသတွင်းအစီအစဉ်များတွင် နှစ်နိုင်ငံတက်ကြွစွာပါဝင်ရေးဆွေးနွေး

စာမျက်နှာ ၅ »»

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာစာချုပ်အချောသပ်နိုင်ရေး ဆွေးနွေးပွဲပြန်လည်စတင်

**ရန်ကုန် ဇူလိုင် ၂၂**

ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့(SD)တို့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာစာချုပ် NCA အချောသပ်နိုင်ရေးအတွက် ယနေ့နံနက် ၁၀ နာရီက မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(MPC)တွင် NCA (၈) ကြိမ်မြောက် အစည်းအဝေးအဖြစ် စတင်ကျင်းပခဲ့သည်။ **(ယာပုံ)**



ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)မှ ခေါင်းဆောင်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့(SD)မှ ခေါင်းဆောင်တို့က နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက "နိုင်ငံတော်သမ္မတကိုယ်တိုင် တက်ရောက်ခဲ့သည့် UPWC နှင့် NCCT တို့၏ (၇)ကြိမ်မြောက် အစည်းအဝေးတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) မူကြမ်း Single Text ကို ညှိနှိုင်းပြီးစီးခဲ့၍ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❒

## (၄၈)နာရီအတွင်း မုန်တိုင်းမြစ်ဝ ... စိုးရိမ်ရေအမှတ်သို့ ရောက်ရှိနိုင်

စာမျက်နှာ ၄ »»

## ပြည့်စွက်ဖတ်ရှုပါရန်

၂၂-၇-၂၀၁၅ ရက်ထုတ် ကျောဖုံးပါ "မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသို့ အကြွေးပေးဆပ်ရန် ပျက်ကွက်သည့် လုပ်ငန်းရှင်များအား အပက(၃)ဖြင့် တရားစွဲဆိုဆောင်ရွက်လျက်ရှိ" သတင်း၏ ဇယားနံပါတ်(၆)မှ ဦးဟိန်းဇော်စစ်၏ အဘအမည်အား "ဦးစစ်လှိုင်"ဟု ပြည့်စွက်ဖတ်ရှုပါရန်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံမှ ကယ်ဆယ်ထားသည့် လှေစီးသွားလာသူများအနက် အတည်ပြုပြီးဘင်္ဂလားဒေ့ရှ်နိုင်ငံသားများအား ပြန်လည်လွှဲပြောင်း

**နေပြည်တော် ဇူလိုင် ၂၂**

တပ်မတော်(ရေ)က မေ ၂၁ ရက်နှင့် ၂၉ ရက်တို့တွင် ကယ်ဆယ်ထားသည့် လှေစီးသွားလာသူများအနက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားအဖြစ် ထပ်မံအတည်ပြုပြီးသူ ၁၅၅ ဦးကို ယနေ့မွန်းတည့် ၁၂ နာရီတွင် တောင်ပြို(လက်ဝဲ)မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ နှစ်နိုင်ငံအလံတင်အစည်းအဝေးကျင်းပပြီး ညနေ ၄ နာရီခွဲတွင် လွှဲပြောင်းပေးခဲ့သည်။

ထိုသို့လွှဲပြောင်းရာတွင် မြန်မာနိုင်ငံဘက်မှ မောင်တောခရိုင် လူဝင်မှုကြီးကြပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင် ဦးဆောင်သောအဖွဲ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံသားအဖြစ် ထပ်မံအတည်ပြုပြီးသူ ၁၅၅ ဦးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့အကြီးအကဲ ရဲမှူးကြီး MM AnisurRAhman နှင့် **စာမျက်နှာ ၈ ကော်လံ ၃ သို့** ❖











themirror.npt@gmail.com
www.facebook.com/themirrordaily

